
www.burmeseclassic.com



www.burmeseclassic.com

၈၉၅-၈၃
နတ်ရွာမိုး
နတ်ဖက်ဖူးစာဖက် နတ်ဖွက်ခံရခြင်း/နတ်ရွာမိုး။ – ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃။
၁၄၄ – စာ၊ ၁၃.၅ × ၂၁ စင်တီ။

ထုတ်ဝေသူ ဦးအောင်မြင့်၊
အောင်မြင်ပုံနှိပ်တိုက်၊
ဖြန့်ချိရေး အောင်မြင်စာပေ၊
ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊
(စက်တင်ဘာလ)၊ အုပ်ရေ(၅၀၀)။



BURMESE CLASSIC .com

# နတ်ရွာမိုး



လူတွေက…
မပြချင်တာတွေကိုဖွက်ထားတယ်။
နတ်တွေက…
ဖက်စေချင်တာတွေကို
ဖွက်ထားတယ်။

နတ်ဖက်ဖူးစာဖက်
နတ်ဖွက်ခံရခြင်း…

www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၁)

ထူး နှဲ့ရီသည် စားပွဲဝိုင်းတွင်ထိုင်နေသော. . . သူမ၏ ကျောင်းသားကျောင်းသူ ငါးဦးထဲမှ ထိုးထိုးထောင်ထောင်ထွက်နေသော သူမ့မောင်အရင်း'တာတာ'ကို ခပ်ပြုံးပြုံး အရင်ကြည့်လိုက်၏။ တာတာက. . ပီဘိကျောင်းသားငယ်လေးလို အပြစ်ကင်းစင်သော မျက်လုံးနှင့် သူမကို ပြန်ကြည့်နေသည်။ ပြန်၍ ပြုံးပြဖော်ပင်မရ. . ။ စာသင်ချိန်တွင် အစ်မရင်းဟု တာတာက ယူဆပုံမရ။ ချစ်ကြောက် ရိုသေရသော ဆရာမ၊ အနန္တဂိုဏ်းဝင် ရှိခိုးဦးတင်ရသော ဆရာမဟု



www.burmeseclassic.com

www.burmeseclassic.com



(မေမေ ဆုံးမထားသည့်အတိုင်း) ယူဆထား၍ဖြစ်သည်။ အိမ်ဝင် တံခါးကို ဖွင့်ခနဲကြည့်သည်။

"ကဲ. . ဒီနေ့တော့ မြန်မာစာမသင်ခင် မင်းတို့ကို လူမျိုး တိုင်းမှာရှိတဲ့ နှုတ်ဆက်စကားတချို့ကို သင်ပေးမယ်"

အင်္ဂလိပ်စာတော်သော သမီးငယ်လေးဂျူးဂျူးကို ထူးခြား၍ ရှိ လှမ်းကြည့်လိုက်သည်။

"ကဲ. . . ဂျူးဂျူး အင်္ဂလိပ်တွေ အမေရိကန်တွေက မနက် ခင်းမှာ အချင်းချင်းတွေ့ရင် ဘယ်လိုများ နှုတ်ဆက်သလဲကွယ်. . . ထ,မဖြေပါနဲ့ ထိုင်ပြီးပဲ ဖြေပါ"

ဂျူးဂျူးက လက်ကလေးပိုက်၍. . .

"ဂွဒ်မောနင်း"

"အေး. . . ဟုတ်တယ်၊ ဆယ့်နှစ်နာရီကျော်တဲ့ ညနေခင်း ဆိုရင်ကောကွယ်"

"ဂွဒ်အင်းဗနီးပါ ဆရာမ"

"မှန်တာပေါ့. . . ဂျူးဂျူးက တော်လိုက်တာ၊ ကဲ. . မောင် မောင်ထွေးအလှည့်၊ ညဘက်လမ်းခွဲခါနီး အိပ်ခါနီးဆိုရင်ကော ဘယ် လိုနှုတ်ဆက်ကြသလဲ"

"ဂွတ်ညပါဆရာမ"

ဝါးခနဲ ဝိုင်းရယ်ကြသည်။ ဇာပန်းထိုးနေသော မေမေပင် ရယ်ရင်း လက်ထဲက သိုးမွှေးချည်လုံး ပြုတ်ကျသည်။

"အဲ့ဒါက တို့မြန်မာချင်းချင်း နောက်ပြောပြီး ဖါးတစ်ပိုင်း ငါးတစ်ပိုင်း နှုတ်ဆက်တာကွယ့်၊ အမှန်က ဂွဒ်နိုက်တ်. . တဝမ်းပူ





အသံလေးနဲ့ အာခေါင်ကို လျှာလေးထောက်ရတယ်၊ လိုက်ဆိုကြည့် စမ်း. . ဂွဒ်. . နိုက်တ်"

"ဂွဒ်နိုက်တ်"

တာတာ့ဆီက အသံမထွက် ပါးစပ်သာ အဆက်မပြတ် လှုပ် ရင်း စိတ်ထဲကဆိုနေပုံရသည်။ ပြီး အိမ်အဝင်တံခါးဆီ လှမ်းကြည့် သည်။

"ကဲကွယ် မင်းတို့ထဲက ဘယ်သူများသိမလဲပဲ တို့အိမ်နီးချင်း ထိုင်းလင့်ခေါ်တဲ့ ယိုးဒယားတွေ ဘယ်လိုနှုတ်ဆက်ကြလဲ"

ကျောင်းသူကျောင်းသားထဲမှ တာတာမှလွဲ၍ အကြီးဆုံး (၁၂)နှစ်သမီး မီမီမေအောင်က လက်ထောင်သည်။

"ကဲ. . ပြော သမီး၊ ယိုးဒယားတွေ တွေ့ရင်ဘယ်လို နှုတ် ဆက်ကြလဲ"

"ဆဝါဒီကပ်ပါ ဆရာမ"

"တော်လိုက်တာကွယ်၊ ဟုတ်တယ်. . သူတို့က ဘယ်သူ့ကို တွေ့တွေ့ ဆဝါဒီကပ်ဆိုပြီး လက်အုပ်ချီတယ်၊ ကဲ. . မင်းတို့အားလုံး သိတဲ့ ကိုရီးယားတွေကကောကွယ်"

"အညာစယော"

အားလုံးဝိုင်းအော်ခြင်းဖြစ်သည်။ တာတာပါ လိုက်အော် သည်ကို သူမသတိထားမိသည်။ တာတာ သူမသင်ကြားမှုထဲ အာရုံ ရောက်လာ၍ အားတက်သွားသည်။ တာတာ့ကို အချိုသာဆုံးပြုံး၍ လိုက်ပြီး. . .

"ဒီတစ်ခါ လွယ်လွယ်လေးမေးမှာနော် ဖြေရမယ့်သူက. .



www.burmeseclassic.com

www.burmeseclassic.com



တာတာ. . အဲ. . ကျောင်းသားလေး တင်ထူးမောင်”

တာတာက ဘောပင်ပါးစပ်ထဲ ထိုးနေရာမှ ပစ်ချ၍ လက်ပိုက်လိုက်သည်။ စားပွဲဝိုင်းနှင့် နှစ်ပေကျော်အကွာ ကြမ်းခင်းတွင် ဆိုဖါဖုံအပုလေးနှင့် ထိုင်နေသော သူ့အစ်မ ဆရာမကို မျက်လုံးလေး အဝိုင်းသားနှင့် လှမ်းကြည့်နေသည်။ ဘေးက ‘ဝတုတ်’က တာတာ့ကို ကြည့်နေသည်။

“တို့ မြန်မာလူမျိုးတွေ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုနှုတ်ဆက်ကြသလဲ”

တာတာက ရုတ်တရက် မဖြေ။ သူ့အစ်မဆီမှ အကြည့်ရုတ်၍ စားပွဲပေါ်က ပိတ်ထားသော ဗလာစာအုပ်ကို ငုံ့ကြည့်နေသည်။ အခြားကလေးတွေက မင်္ဂလာပါဟု ပါးစပ်လှုပ်ပြကြသည်။ တာတာက မသိမသာ ခေါင်းယမ်းသည်။ အိမ်အဝင်မှန်တံခါးဆီ စူးစိုက်ကြည့်ပြန်သည်။

“တင်ထူးမောင် ဖြေလိုက်လေ. . လွယ်လွယ်လေးပါဟယ်”

“တို့မြန်မာတွေ တစ်ယောက်နဲ့တစ်ယောက်တွေ့ရင် ဘယ်လို လှမ်းနှုတ်ဆက်လဲ”

တာတာက မဖြေသေးဘဲ မေမေ့ကို လှမ်းကြည့်သည်။

မေမေ သားဖြေရမလားဟူသော စစ်ကူတောင်းအကြည့်မျိုးဖြစ်သည်။ မေမေက. . .

“ကိုယ့်ဆရာမ မေးနေရင် ဖြေရတယ်လေသားရဲ့. .၊ ကိုယ့်ဗမာချင်း. . သားတို့အချင်းချင်းတွေ့ရင် ဘယ်လိုနှုတ်ဆက်ကြလဲ”

“နှစ်မျိုး,သုံးမျိုး ဖြစ်နေလို့ မေမေ”





“အွန်!. . ဘယ်လို ပြောပါ. . ဆရာမကို ကြောက်စရာမလိုဘူး. . ပြော မောင်လေး”

လက်ပိုက်ဖြုတ်၍ ခေါင်းကုတ်ရင်း သူ့အစ်မ ဆရာမကို ပေစောင်းစောင်းလှမ်းကြည့်သည်။ ဝတုတ်တံတောင်နှင့်တွတ်၍ သတိပေးသည်။

“လမ်းထဲက ထွန်းမြင့်အောင်က သားကိုတွေ့တာနဲ့. . ‘ဟေ့ကောင် ယောက်ဖ. . မင်းအစ်မနေကောင်းလား’တဲ့၊ ကိုသန်းထွန်းကြီးက ‘ညီလေး မင်းအစ်မ ငါ့ပေး’တဲ့၊ အဲ. . မင်္ဂလာပါလို့ အကျယ်ကြီးအော်ပြီး နှုတ်ဆက်တာက Rဇာနည်နဲ့ ဝိုင်းစုခိုင်သိန်း”

ကျောင်းသားတွေ တဟားဟား ရယ်မောသံထဲ မေမေနှင့် မမအသံလည်း ခပ်အုပ်အုပ်ပါဝင်နေတော့သည်။ တာတာက လက်ညှိုးထောင်၍. . .

“တစ်ယောက်ရှိသေးတယ် ဟိုကပွလီကြီး”

“ဘယ်ကုလားကြီးလဲ တာတာရဲ့. . ”

“မင်္ဂလာဘာ မြန်မာပြည်ဆိုတဲ့. . နံကထိုင်နဲ့ ကပွလီကြီးလေ”

ဂျူးဂျူးက ထအော်သည်။

“အိုဘားမားကိုပြောတာ ဆရာမ. . ”

သူမလည်းသိပါသည်။ SKY NET တွင် တိုက်ရိုက်လွှင့်စဉ်က မောင်လေး စူးစူးစိုက်စိုက်ကြည့်နေခဲ့ပုံလေးကို ပြန်မြင်လာသည်။ ‘မမ အဲ့ဒီဘွဲ့နှင်းသဘင်ထဲမှာ ဝါးပင်တွေက အဲ့လိုပဲ ပူးကပ်ပြီး ညီညီညာညာ ပေါက်တယ်လားဟင်’ ဟူ၍ပင် သူ့အမြင်နှင့် မေးခဲ့သေး

www.burmeseclassic.com



သည်ကို သတိရသည်။ ဝါးလုံးများနှင့် နောက်ခံ Back scene လုပ်ထားကြောင်း သူမက မောင်လေးနားလည်အောင် မနည်းရှင်းပြခဲ့ရပါသည်။ မောင်လေး၏ မှတ်ဉာဏ်သည် ချစ်စရာကောင်းပါသည်။

သူမ စာစသင်ကတည်းက အိမ်ထဲကမြင်ကွင်းကို အစအဆုံး လှမ်းကြည့်နေခဲ့သူ တစ်ယောက်ရှိပါသည်။ ဧည့်ခန်းအဝင် မှန်တစ်ဝက် တံခါးမကြီးရှေ့တွင် ရပ်နေသူ ဖြစ်ပါသည်။ အိမ်ထဲက မြင်ကွင်းနှင့် အသံတွေကို ထိုနေရာမှ အားလုံး မြင်နေကြားနေခဲ့ပါသည်။

ကြည့်ကောင်းကောင်းနှင့် ကြည့်နေခဲ့သည်ဟုပင် ပြောရပါတော့မည်။ ကြည့်၍လည်း ကောင်းသည်လေ။

"ဟယ်!. . ဒေါက်တာလေး. . အိမ်ထဲမဝင်ဘဲ ဒီမှာရပ်နေတယ်. . ၊ ခြံထဲ ဝင်သွားတာ မမဝိုင်း လှမ်းမြင်လိုက်တာကြာပြီပဲ. ."

အိမ်နီးချင်း အပျိုကြီးဖြစ်သည့် မခင်ဝိုင်းက လေးဆင့်ချိုင့်ကြီးနှင့် နောက်ကနေ ရုတ်တရက်ရောက်လာပြီး ပြောခြင်းဖြစ်သည်။

သူခိုးလူမိသလို မျက်နှာရဲခနဲ ဖြစ်သွားသော သူ့ကို ကျော်ဖြတ်၍ မှန်တစ်ဝက်ကျွန်းတစ်ဝက် တံခါးကို လှမ်းခေါက်ရင်း အော်ခေါ်သည်။ ခုနှစ်သံချီနှင့်ဖြစ်သည်။

"အန်တီကြည်ကြည်၊ ထူးနွဲ့ရီ၊ မောင်လေးတာတာ. . ဒီမှာ ဒေါက်တာလေးရောက်နေတာ ဘယ်သူမှ တံခါးလာမဖွင့်ပေးကြဘူးလားကွယ်. . ကတည်းမှ ဘာလုပ်နေကြလို့လဲ အားနာစရာ"

ကျွန်တော်က တံခါးမခေါက်တာဟု ပြောမည်ကြံလိုက်သေးသည်။ ပါးစပ်က ဘယ်လိုမှ ထွက်မလာ. . .။





"ကျွီ!. . ."

တံခါးပွင့်လာသည်။ တာတာပေါ်လာသည်။

"ဟာ. . . ဝိုင်းဝိုင်း ချိုင့်ထဲက ဘာတွေလဲ"

"တာတာကြိုက်တဲ့ အုန်းနို့ခေါက်ဆွဲနဲ့ ရွှေကြည်ဆနွင်းမကင်း"

"ပေး. . တာတာ့ကိုပေး"

"ဒေါက်တာလေးအိတ်ကိုယူ တာတာရဲ့. . မုန့်ဟင်းရည်ပူလောင်မယ်"

ဒေါ်ကြည်ကြည်နှင့် ထူးနွဲ့ရီပါ တံခါးထဲက ထွက်လာသည်။ ထူးနွဲ့ရီက သူ၏ဆေးသေတ္တာကို အတင်းလှမ်းယူသည်။ သူမနှင့်သူက ဧည့်ခန်းကိုဖြတ်၍ အပေါ်ထပ်လှေကားဆီ ဦးတည်သည်။ ဝိုင်းနှင့် တာတာက အိမ်နောက်ဘက် ထမင်းစားခန်းဆီ ချီတက်သည်။ တံခါးပြန်စေ့နေသော ဒေါ်ကြည်ကြည်က သမီးချောနှင့် ဆရာဝန်လေးကို လှမ်းကြည့်ရင်း ခေါင်းတစ်ချက်ညိတ်သည်။

မကသေး။ ဆက်ညိတ်သည်။

တိုက်နယ်ဆရာဝန်ကြီး ဒေါက်တာစိုးမင်း နေရာသို့ ရောက်လာသော လက်ထောက်ဆရာဝန်လေးဖြစ်သည်။ ဘွားမှုန်ကို ကုသပေးနေသော မိသားစုဆရာဝန်ကြီး ဒေါက်တာစိုးမင်းက ယုံကြည်စိတ်ချစွာ မိသားစုဆရာဝန်အဖြစ် လွှဲအပ်ပေးခဲ့ခြင်း ဖြစ်သည်။

ဘွားမှုန်ကို တစ်ပတ်တစ်ခါ မိုရိယာမင် လာသွင်းပေးခြင်း ဖြစ်သည်။ တတိယအပတ်မို့ သုံးကြိမ်သာ မြင်ဖူးရသေးသော ဆရာဝန်လေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းထိုးက တိုက်ပုလေးတွင် တစ်ကိုယ်ရေတစ်တကာယ နေထိုင်သည်။ လူချော လူရည်သန့်လေး ဖြစ်သည်။ သမီးရှင်ကိုယ်တိုင် မျက်စိကျနိုင်သော အခြေအနေမို့ ဒေါ်ကြည်ကြည် မသိမသာ ခေါင်းညိတ်ခြင်း ဖြစ်သည်။

နောက်ဆယ်မိနစ်ကြာခန့် ကြာသောအခါ. . အပေါ်ထပ်မှ ဆင်းလာသော ဆရာဝန်လေးအား လှေကားရင်းမှ ဒေါ်ကြည်ကြည်နှင့် မခင်ဝိုင်းက အသင့်ကြိုဆိုရင်း ဒေါ်ကြည်ကြည်က. . .

"ဆရာလေး အုန်းနို့ခေါက်ဆွဲဝင်စားသွားပါဦး၊ လာပါ. . . အလှူလက်ဖက်နဲ့ ဧည့်ခံလိုက်ပါရစေ"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ အချိန်မရတော့လို့ပါ၊ ဒီက မမကျွန်တော့်အိမ်ကိုလည်း ပို့ပေးထားပြီပါပြီ ဆေးရုံရောက်မှပဲ စားပါတော့မယ်ခင်ဗျ"

ဒေါ်ကြည်ကြည်က အပျိုကြီးမခင်ဝိုင်းကို ဖျတ်ခနဲ လှမ်းကြည့်သည်။ မိဝိုင်းတို့က သွက်တယ်နော် ဟူသော အကြည့်ဖြစ်မည်ထင်သည်။ ဆေးအိတ်ဆွဲ၍ ခြံဝထိ ထူးနွဲ့ရီက လိုက်ပို့သည်။

ခြံဝမရောက်ခင်. . .

"သောက်နေကျ အားဆေးကို မနက်ခင်းတိုက်ပါ၊ ညအိပ်ခါနီး နွားနို့တစ်ခွက်ရအောင် ချော့တိုက်ပါ၊ ကဲ. . ပေးပါ ဆေးအိတ်ကလေးတွေ စာသင်ဖို့စောင့်နေပြီ"

"ကျေးဇူးတင်ပါတယ်ဆရာ. . ."

"ဟုတ်ကဲ့ ခွင့်ပြုပါဦး"

လမ်းဖြတ်ကူးသွားသော ဆရာဝန်လေး၏ကျောကို လှမ်း





ကြည့်ရင်း သူ့ဘာဟင်းတွေချက်ပြီး ထမင်းဘူးထဲ ဘယ်လိုထည့်သလဲ၊ ဘယ်သူနဲ့ ထမင်းစားသလဲဟု သူမတွေးနေစဉ်. . နောက်ကတာတာ လာပြေးဖက်၍ လန့်သွားသည်။

"မမထူး တာတာ့ကို ယောက်ဖလို့ မခေါ်တာ အဲ့ဒီဆရာဝန်လေးတစ်ယောက်ပဲ ရှိတယ်"

"တာတာနဲ့ သိပ်မခင်သေးလို့ နေမှာပေါ့ကွယ်"

"ဒါနဲ့ အဲ့ဒီယောက်ဖဆိုတာ မင်္ဂလာထက် ကောင်းလို့လားဟင် မမထူး"

ထူးနွဲ့ရီ ဘယ်လိုပြန်ဖြေရမှန်း မသိပါလေ။

"အေး" ဟုပင် ပြီးစလွယ်ဖြေလိုက်မိလေသည်။

ဟုတ်ကဲ့။ ထိုပြီးစလွယ်သည်. . . ။





www.burmeseclassic.com

www.burmeseclassic.com

♣ "(OK)အိုကေတယ်လား"
"(KO)ကေအိုကွ...
နောက်ကောက်ကျလာတာပေါ့..
KNOCK OUT...K...O..
(OK)ပြောင်းပြန်ပဲ..."



ဤသို့ဖြင့် မအိုကေသော
ပွယောင်းယောင်းနေ့ရက်များ
နောက်ကောက်ကျသွားခဲ့လေသည်။



# အခန်း (၂)



မနက်ခင်း ပြတင်းပေါက်ဖွင့်ဖွင့်ချင်း ခြံထဲတွင် ဖေဖေ၏ လေအိတ်ကားကြီးကို ထူးနွဲ့ရီ လှမ်းမြင်လိုက်ရသည်။ ပျော်သွားသည်။ ဖေဖေညဉ့်က ဘယ်အချိန် ပြန်ရောက်သည်မသိ။ သားသမီး အိပ်ရေးပျက်မည်ကို အလွန်စိုးရိမ်သော ဖေဖေက နှိုးလေ့မရှိ။ ခြံထဲ အချိန်မတော်ဝင်လာလျှင် ကားလီဗာကိုပင် ခပ်ကြမ်းကြမ်းနင်း၍ စက်ပိတ်လေ့မရှိ။ မိခင်ဘွားမှုန်နှိုးမှာလည်း ဖေဖေစိုးသည်ထင်သည်။ သနပ်ခါးစင်ခန်းဝင်၊ မျက်နှာသစ်အဝတ်လဲပြီး မောင်လေး အိပ်



www.burmeseclassic.com

www.burmeseclassic.com



ခန်းကို အသံမမြည်အောင် ဖွင့်ကြည့်နေကျမို့ ဖွင့်ကြည့်လိုက်သေးသည်။ (၁၇)နှစ်ရွယ် လူပျိုပေါက်ခန္ဓာကိုယ်နှင့် ကလေးလေးလို စောင်ခြုံထဲ နစ်ဝင်အိပ်မောကျနေဆဲ။ ဘွားမှုန်ကို ဝင်ကြည့်တော့ နိုးနေပြီမို့ အားဆေးတိုက်ပြီး အောက်ထပ်ထမင်းစားခန်းဆီ ဆင်းလာခဲ့သည်။

မေမေက ဖေဖေ့အတွက် မနက်စာ ပြင်ဆင်နေသည်။

"ဖေဖေရော မေမေ"

"ရေချိုးနေတယ်သမီး. . ညဉ့်က နှစ်ချက်ထိုးမှရောက်တာလေ၊ မီးဖေဖေ တစ်ညဉ့်လုံး ကားပြင်နေတာ၊ အခုနမှ လက်စသတ်ရရှာတယ်"

ရင်ထဲ နင့်ခနဲဖြစ်ရသည်။ ကားစပယ်ယာဘဝမှ ရိုးသားကြိုးစားမှုနှင့် တစ်ဆင့်ချင်း ရုန်းကန်ရင်း တက်လာရသော ဖေဖေ့ဘဝကို သူမ သိနေခဲ့သည်။ စံပြဖခင်ကောင်းပါပေ။ အင်မတန်ဖွဲ့ကြီးသည့် ဖေဖေ သည်အိမ်သည်ကားတွေ လက်ဝယ်ပိုင်ဆိုင်ဖို့. . မိခင်ကို ကျေးဇူးဆပ်ဖို့. . သည်မိသားစု တင့်တောင့်တင့်တယ်ဖြစ်ဖို့ ဖေဖေ ပေးဆပ်ခဲ့ရသော အရင်းအနှီးသည် ကြီးမားလွန်းပေစွ။

လက်ရှိအခြေအနေ၌ ဖေဖေ နားနားနေနေ နေလို့ရနေပါချေပြီ။ သို့သော် ဖေဖေသည် အလုပ်စွဲနေပြီမို့ အလုပ်လုပ်နေရမှ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာသူ ဖြစ်လေတော့သည်။

ယာဉ်မောင်းနှစ်ယောက် ထားလေ့ရှိသော အဲယားကွန်း ဘတ်(စ်)ကားကြီးကို ဖေဖေက တစ်ယောက်သာ ငှားထားသည်။ ကိုယ်တိုင်ဝင်မောင်း ဝင်ပြင်ရမှ စိတ်တိုင်းကျသူ ဖြစ်သည်။ ဘုရားဖူး





ဝန်ဆောင်မှုအေးဂျင့်တစ်ခုတွင် သူ့ကားသွင်းထားသည်။ ဖေဖေ့ကားသည် ထိုအေးဂျင့်တွင် နာမည်အရဆုံး၊ အကောင်းဆုံးကားဖြစ်သည်။ ဖေဖေ့ကားနှင့် ဘုရားဖူးထွက်ဖူးသူတိုင်း ကျေနပ်အားရကြသည်တဲ့။

ဦးထူးမောင်ကားနှင့်မှ လိုက်ချင်သူတွေ များလာသည်။

ဖေဖေကားနံပါတ် ဖေဖေ့နာမည်နှင့် လက်မှတ်လာဝယ်ကြသည်အထိ အေးဂျင့်တွင် စံပြဖြစ်လာသည်။

ဖေဖေ၏ အားသာချက်မှာ လူတိုင်းကို တလေးတစား ဆက်ဆံတတ်ခြင်းနှင့် ဟာသအမြင် ဟာသဉာဏ်ရှိသောကြောင့် ဖြစ်သည်ဟု ထူးနွဲ့ရီကတော့ ကောက်ချက်ချမိသည်။ ဖေဖေနှင့် သူစိမ်းတစ်ဦး ခဏစကားပြောရုံနှင့် ထိုသူစိမ်း ဖေဖေ့ကို ယုံကြည်စိတ်ချ ခင်မင်သွားကြသည်ချည်းပင်။ သူမမျက်မြင်ကိုယ်တွေ့ များလှပြီဖြစ်သည်။ ၎င်းသည်ပင် ဖေဖေ၏မွေးရာပါ ကိုယ်ရည်ကိုယ်သွေး ဖြစ်သည်။

အရက်သေစာ နေနေသာသာ ဆေးလိပ်မသောက်၊ ကွမ်းဝင်မစားသော ရှားပါးကားသမားဖြစ်ခြင်းကလည်း ဖေဖေ၏ ကိုယ်ကျင့်သီလကို ပြသနေသည်လေ။

မေမေက ဖေဖေကြိုက်တတ်သော ပဲပြုတ်နှင့် ထမင်းဆီဆမ်း၊ ငါးပုပ်ခြောက်၊ ရေနွေးကြမ်းပြင်ဆင်နေသည်။ ထူးနွဲ့ရီက ဓာတ်ခွက်ကြီးနှင့် ရေနွေးကြမ်းငှဲ့ရင်း လက်ဖက်ခြောက်မကျသေး၍ ဓာတ်ဘူးထဲပြန်ထည့်ရင်း ဖေဖေ့ကိုစောင့်နေသည်။ စွပ်ကြယ် လက်စတကို ပခုံးပေါ်တင်၍ ဆံပင်တိုနှံ့နှံ့ကို မွေးပွတဘက်နှင့် ရေသုတ်ရင်း ထမင်းစားခန်းထဲဝင်လာသော ဖေဖေ့ကို သူမပြေးဖက်မိသည်။

ဖေဖေအိမ်ပြန်မရောက်တာ တစ်ပတ်လောက်ရှိပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ချစ်သမီးချောကို ပြန်ဖက်ရင်း နဖူးကိုနမ်းသည်။ သူမက စွပ်ကြယ်ကို လှမ်းယူ၍ ကုလားထိုင်တွင် ဝင်ထိုင်သော ဖေဖေ့ကို ကန်တော့ဟုပြော၍ ဝတ်ပေးသည်။ မေမေက ထမင်းဆီဆမ်းပန်းကန် ချွန်းတပ်သည်။

"ဖေဖေ ဘာစားမလဲ သမီးချေးသွားပေးမယ်"

"ဖေဖေ ဒန့်ဒလွန်သီးနဲ့ ငါးရံ့ခေါင်းစားချင်တယ် သမီး"

"ငါးရံ့အူပါ ဝယ်ခဲ့မယ်လေ. . အချိုချက်၊ ဖေဖေ ကြိုက်ပါတယ်"

"ကောင်းတာပေါ့ကွယ် သားလည်းကြိုက်တာပဲ"

ထိုစဉ် ထမင်းစားခန်းအဝမှ ဝမ်းခေါင်းသံကြီးနှင့်. . .

"ဟာ. . ဖေကြီး"

"သားလေးတာတာ. . နိုးပလား"

ပြောပြောဆိုဆို ဖေဖေက ဇတ်ခနဲထရပ်၍ သားဆီမျက်နှာမူပြီး လက်နှစ်ဖက်ဆန့်တန်းပေးလိုက်သည်။ မေမေနှင့်သူမက လက်ထဲရှိတာတွေပစ်ချ၍ ဖေကြီးကျောကုန်းနောက် ပြေးကပ်လိုက်ကြသည်။ အသင့်အနေအထား။

တာတာက ဝမ်းသာအားရ အရှိန်နှင့်ပြေးဝင်လာ၍ ခုန်ပြီး ဖေကြီးလည်ပင်းကို လှမ်းဖက်သည်။ ညဉ့်ဝတ်အင်္ကျီ ဘောင်းဘီပွပွနှင့်မို့ လွှားခနဲဖေကြီးဗိုက်ကို ခွတက်သလိုဖြစ်သွားသည်။ ကလေးငယ်တစ်ယောက်လို ခုန်ဖက်တက်သော်လည်း ပေါင်(၁၁၀)ခန့်ရှိသော ခန္ဓာကိုယ်ကြောင့် အသက်(၅၀)နားကပ်နေသော ဖေကြီးခန္ဓာကိုယ်က နောက်ကို ယိုင်ထွက်သွားသည်။ မေမေက ဖေကြီးကျောကို





ကျောချင်းကပ်၍ ကျားကန်ပေးထားသည်။

"အင့်!. . အီး!. . ဝုန်း!. . "

သူမက ရှိစုမဲ့စုအားနှင့် ဖေကြီးပခုံးကို စုံတွန်းထားသည်။ ဒါတောင် အရှိန်ကပြင်း၍ စားပွဲကို ဖေကြီးဖင်က ဝင်ဆောင့်လိုက်သေးသည်။

ဖအေချစ်သားမို့. . ငယ်ငယ်တည်းက လုပ်နေကျစတိုင်လ်သည် လူပျိုပေါက်ဖါးဖါးကြီးဖြစ်နေသည့်တိုင် တာတာတို့က ဘယ်လိုမှ ပြောင်းလဲမသွားခဲ့ပါချေ။ သည်မြင်ကွင်းကို လေးဆင့်ချိုင့်လာယူသော အပျိုကြီး မခင်ဝိုင်းကတော့ လိုက်ကာကြားက မျက်လုံးအဝိုင်းသားနှင့် ကြောင်ကြည့်နေသေး၏။ နောက်မှ ရယ်မောပျော်ရွှင်နေသော မိသားစုကြား တဟားဟား ဝင်ရယ်ပါတော့သည်။ မခင်ဝိုင်းပါးစပ်က ရယ်ရင်း. . .

"တာတာရယ် နင်ဟာလေ"

ဟူ၍ စကားလုံးအစ ထွက်ကျလာပြီး သကာလ. . .

စိတ်ထဲက ဘာတွေဆက်ပြောနေသည် မသိပါချေ။

သူမတူအောင် ချောမောလှပတောင့်တင်း၍ ကလေးငယ်လိုအပြစ်ကင်းသော မျက်လုံးညိုကြီးတွေနှင့် တာတာ့ပါးကို မထိတထိ အသည်းယားစွာ လှမ်းပွတ်သည်။

"ကဲ. . မခင်ဝိုင်း ထမင်းဆီဆမ်းစားသွားဦး"

"ငါးပုပ်ခြောက် မြည်းချင်တာနဲ့ အတော်ပဲ"

"မေမေ သမီးချေးသွားဦးမယ်"

"ဆိုင်ကယ်လိုက်စီးချင်တယ် တာတာလည်းလိုက်မယ်နော်



www.burmeseclassic.com

www.burmeseclassic.com



နော်. . မမ”

“အေးပါဟယ် ခေါ်ပါ့မယ် ပေါက်ကရတော့ မပူဆာရဘူးနော်၊ ကဲ. . အကျီသွားလဲ၊ တီရှပ်နဲ့ ဘောင်းဘီတိုဝတ်ခဲ့. . မျက်နှာလည်း သစ်ဦး”

“ဟုတ်”

ဤသို့ဖြင့် ခဏအကြာ၌. . . မောင်နှမနှစ်ယောက် Wave ဆိုင်ကယ်လေးပေါ်၌ အကြော့သားစီး၍ မြို့လေး၏ လမ်းဆုံဈေးဆီ ချီတက်နေကြလေသည်။ ကလေးတစ်ယောက်လို အစ်မခါးကို တင်းတင်းပိုက်ထားသော လူငယ်ချောချောလေးကို မြို့ခံမဟုတ်သူတွေက အမြင်တစ်မျိုးနှင့် အမနာပပြောရင်း လိုက်ငေးနေကြတော့သည်။

ဈေးနားက ပွိုင့်ကဖီး ရောက်သောအခါ. . .

“မမ အဲ့ဒီဆိုင်က အာလူးပူရီ တာတာ စားချင်တယ်”

“အေး. . . အဲ့ဒီဆိုင်ကပဲ စောင့်နေနော်၊ မမဈေးဝယ်ပြီး ဒီဆိုင်ကိုပဲ လာခဲ့မယ်၊ အယ်. . . ဖြစ်သေးပါဘူး မမကိုယ်တိုင် လိုက်ပြီးမှာပေးခဲ့မယ်”

ဆိုင်ရှေ့ပါကင်တွင် ဆိုင်ကယ်လေး ငြိမ့်ခနဲ ဝင်ရပ်လိုက်သည်။ ဆိုင်ထဲကပုရိသအပေါင်း၏ အကြည့်အာရုံများ ထူးနွဲ့ရီအပေါ် စုပြုံကျရောက်လာသလို ဣတ္ထိယအပေါင်း၏ မနောအကြည့်ဓါတ်ကလည်း တာတာ့အပေါ် စုပေါင်းညောင်းခ လာလေ၏။

လူသားငယ်နှစ်ယောက်၏ အသားအရည်ကောင်းခြင်းသည် လက်ဖက်ရည်ဆိုင် မနက်ခင်းကို ပို၍ လင်းလက်သွားသလိုရှိ၏။





ဆိုင်က ခုံပြည့်နီးပါး စည်းကားနေ၍ ဝန်ထမ်းချာတိတ်က အမျိုးသမီးတစ်ဦးတည်းထိုင်နေသော စားပွဲတွင် သူတို့မောင်နှမကို နေရာချပေးသည်။

ထူးနွဲ့ရီက အမျိုးသမီးကို ဖျတ်ခနဲပြုံးပြ၍ လျှပ်တစ်ပြက် အကဲခတ်လိုက်သည်။ ခရီးသွားဖြစ်မည်. .။ မဟော်ဂဏီဆံပင်နှင့် ခေတ်မီလှပသော အသက်ဆုံးဆယ်ဝန်းကျင်ဖြစ်သည်။ ငါးသုံးလုံးဒီးကရက်ဘူးချထားရင်း ဖုန်းပြောနေသည်။ ဆလင်းဘက်နှင့် ခရီးဆောင်အိတ်က အပျံစားဖြစ်သည်။ သူမကို လင်းလက်စွာပြန်ပြုံးပြရင်း. . . ဟိုကလည်း ချက်ချင်းပြန်အကဲခတ်နိုင်ပုံရသည်။

(အင်မတန်လှတဲ့ အတွဲလေးပါလား၊ ကွန်ပလက်ရှင် တူတယ်၊ အွန်. . ဆက်ဆံပုံက မောင်နှမဖြစ်နိုင်တယ်၊ ဟယ်. . ဒီကိုလာပဟဲ့ ဖုန်းပြောချင်ယောင်ဆောင်ပြီး အကဲခတ်စမ်းမယ်)

(ဒီအမျိုးကောင်းသမီးနဲ့ ငါ့မောင်ကို ခဏထားခဲ့ရမှာပဲ့လား၊ ငါဈေးထဲဝင်နေတုန်း ငါ့မောင်လေးကို အိနေမလား. .၊ ဒို့ပြင်စားပွဲလည်းမရှိ. .၊ အဲ. . စီးကရက်သောက်သဟဲ့၊ ဖုန်းက iphone နဲ့. . နှုတ်ခမ်းနီနဲ့. . ထူးဘူး. . ပြုံးပြလိုက်မှ ပြန်ပြုံးသဟဲ့. . sexy အပြုံးနဲ့ အင်း. . ငါ့မောင်က ကလေးပဲ ဒါတွေမြင် မထင်ပါဘူ. . .)

(အာလူးပူရီ နှစ်ပွဲဝါးမယ်. . .)

“မမနဲ့ ကိုကို ဘာစားမလဲ ခင်ဗျ”

ဖုန်းပြောနေပုံက လုပ်ပြောကြီးဟူသော သူမအတွေး ပြတ်တောက်သွားသည်။ ရှိုရှိုသေသေမေးနေသော ဝန်ထမ်းကလေးငယ်အား ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



ငါ့မောင်ချောချောလေးကို ဒီမိန်းမမြူမြူး မြူနေမလား . . ငါပါတစ်ခုခုစားမလား . . . ဟု စဉ်းစားနေစဉ် . . .။

"အာလူးပူရီ နှစ်ပွဲ"

မောင်လေးတာတာက ဝင်ကယ်လေသည်။ စိတ်တိုးတိုးချလိုက်သည်။

"အေး . . . နွားနို့နှစ်ခွက်၊ သကြားမထည့်ဘူး ဆားလေးပုံခဲ့ဒါပဲ"

တာတာက သူ့ဟာသူ နှစ်ပွဲစားဖို့ မှာခြင်းဖြစ်သည်။

သူ့အမပါ စားစေလိုသည့်(တစ်နည်း) သူနှင့်ရှိနေစေ့ချင်သည့်စိတ် လုံးဝမပါပါ . . သူ့ရည်ရွယ်ချက် နှစ်ပွဲစားရန် မှာခြင်းဖြစ်သည်။ ပတ်ဝန်းကျင်က မိန်းမသူနှစ်ယောက် ဓမ္မမဲ့စွာ ငါဆိုသောသောက၊ လောဘ၊ မောဟ ဝင်နေချိန်တွင် စားရန်သာ အာရုံရှိသော အဖြူထည်စိတ်ကလေး လွတ်မြောက်နေပုံပါ။

နေသားတကျ ထိုင်အပြီး၌ . . .

"ဘာတော်လဲဟင်?"

ဟာဟ . . ပြောင်ကြီးပါလား sexy မမရယ် . . ဟု ထူးနွဲ့ရီ သရော်တော်တော် တွေးလိုက်ပြီး အစွမ်းကုန်ပြုံး၍ . . .

"ကျွန်မ မောင်အရင်း . . မမကဘယ်လိုထင်လို့လဲရှင့်"

"ပွင့်ပွင့်လင်းလင်း ပြောလို့ရလား ညီမချောလေး"

(ခပ်ပွင့်ပွင့်၊ ခပ်ထက်ထက်၊ ခပ်စွာစွာ၊ ခပ်လည်လည်ပါလား၊ 'ညီမချောလေး' တဲ့ . . ဟာဟ၊ ငါ့ပါစည်းရုံးလိုက်သေး . .)

ရယ်ရယ်မောမောပင် အမျိုးသမီးက . . .





"မမအထင် ပြောရမလားဟင်"

"ပြောကြည့်ပါ "

"ခါးဖက်လာတာ အားပါတော့ စိုတွဲထင်သွားတာ၊ အပြစ်ကင်းတဲ့ ကလေးမျက်လုံးမြင်မှ . . ဟင်းဟင်း "

နိုး . . ။ ထူးနွဲ့ရီဘယ်လိုမှ လက်မခံပါ။

(ငါ့မောင်လေး အားနည်းချက်ကို ဒီမိန်းမမသိစေရ . . .)

"မျက်နှာပေါက်က သိပ်မဆင်ပေမယ့် ကွန်ပလက်ရှင်က ညီနေတော့ မောင်နှမမှန်း သိပါတယ်"

"ဟင်းဟင်း . . . မောင်လေးက မအေတူလေ၊ ကျွန်မက ဖအေတူ"

"ညီမလေးတို့မေမေ တော်တော်ချောမှာပဲနော်"

(ဗုဒ္ဓေါရေ လာလာချီသေး . . မပေါ့ပါ့လား၊ မောင်လေးက ချောတယ်ပေါ့၊ ငါက ဖအေတူမို့ မချောဘူးဆိုတဲ့စကားပဲ . .)

ဝန်ထမ်းကလေးလေး လာချပေးသော အာလူးပူရီနှစ်ပွဲစလုံးကို တာတာက သူ့ဘက်ဆွဲယူလိုက်သည်။

"ဟယ် . . တာတာ တစ်ယောက်တစ်ပွဲလေ"

"သားသားက နှစ်ပွဲစားမှာလေ၊ ဟိုတစ်ခါက ထပ်မှာတော့ ကုန်ပြီတဲ့"

ပြောပြောဆိုဆို တာတာက လက်နှင့် ပယ်ပယ်နယ်နယ် ကိုင်ဖွဲ့တော့သည်။ သူမက လက်ကို အတင်းဖမ်းဆွဲ၍ . . .

"နေဦးလေ မောင်လေး၊ လက်ဆေးရဦးမယ်လေ"

ကလေးတစ်ယောက်လို လက်ဆေးကန်(ဗေစင်)ဆီ ဆွဲခေါ်



www.burmeseclassic.com

www.burmeseclassic.com



၍ဆပ်ပြာရည်နှင့် ပယ်ပယ်နယ်နယ် ဆေးပေးရတော့သည်။

"သားလက်က ဘာပေလို့လဲ မမကိုပဲ ကိုင်လာတဲ့ဥစ္စာ"

"ဆင်ခြေမတတ်နဲ့ အခွေထဲကလက်မည်းကြီးလေ သိတယ်မှတ်လား"

"သိပါတယ်"

မောင်နှမနှစ်ယောက်ပြောနေဆိုနေ လုပ်နေပုံကို အမျိုးသမီးက လည်ပင်းစောင်း၍ကြည့်ရင်း ပြုံးသည်။

"တာတာ ဘောင်းဘီနဲ့မသုတ်နဲ့လေ. . ဟိုမယ် တစ်သျှူးနဲ့သုတ်ပေးမယ်. . လာ"

စားပွဲဆီပြန်မှပင် မောင်လေးကို ရောဂါပိုးမွှားဝင်မည်စိုး၍ အိမ်မှာလိုပင် လက်ဆေးပေးမိသော အပြုအမူသည် မှားယွင်းသွားပြီဖြစ်ကြောင်း သူမသတိချပ်မိတော့သည်။

(ဒီမိန်းမ အစအဆုံးလိုက်ကြည့်လို့ ရနေတာပဲ့လား၊ မောင်လေးဟာ ရှစ်နှစ်သားအတွေးသာ ဉာဏ်ရည်ရှိကြောင်း ရိပ်မိသွားပလား. . .)

တွေးပူရင်း သင်းကိုလှမ်းကြည့်၍ ဝင်ထိုင်သည်။

ဟိုက ဖုန်းသာဆက်ပြောနေသည်။

မသိကျိုးကျွန်ဟန်နှင့်. . .

"မလာမချင်း စောင့်ပါမယ်ရှင်"

ပခုံးတွန့် ဖုန်းချ၍ ပြုံးပြသည်။ မောင်လေးအားပါးတရလက်နှင့်ဖဲ့၍ ပလုတ်ပလောင်းစားနေသည်ကို ပြုံးရင်းစိုက်ကြည့်နေလေတော့သည်။ နွားနို့နှစ်ခွက်လာချ၍ ဆားခပ်ဖျော်ရင်း တစ်ငုံရှုပ်





၍ စုပ်သောက်သည်။ ဟိုက ကြည့်နေတုန်းပါ. . .

"တကယ့်ကလေးလေးလိုပဲနော် ချစ်စရာကောင်းအောင်အမြစ်ကင်းလိုက်တာ"

သူမ တင်းခနဲဖြစ်စေသော စကားဖြစ်သည်။

ချက်ချင်းပင်. . .

"ကျွန်မမောင် ကလေးမှတ်ဘူး ဆယ့်ခုနစ်နှစ်ရှိပြီ"

တာတာက. . .

"ဟင်း. . ဟင်း. . စားပါဦးလားအန်တီ"

"စားပါကလေးရယ် မမစားပြီးပါပြီ၊ ဟင်းဟင်း. . မင်း. . အန်တီခေါ် ရမည့်အရွယ်တော့ မဟုတ်သေးပါဘူးကွယ်"

မောင်လေးက မော်ပင်မကြည့်တော့။ အစားအသောက်ထဲအာရုံအပြည့်ရောက်နေသည်။ သူမကတော့ မြင်ပြင်းကပ်စိတ်နှင့်. .

'အသက်တ ခေါက်ချိုးလောက်ပါရှင်ရယ်၊ ချယ်ထား. . သထားလို့ ပိုနုနေတာ အသိသာကြီး'ဟု တွေးဖြစ်အောင်တွေးလိုက်သေးသည်။

တာတာ့ကိုလည်း ဘေးသူစိမ်းတစ်ယောက်အနေနှင့် သူမမြင်ကြည့်လိုက်သည်တွင်. . .

ဆံပင်နက်နက် မျက်ခုံးနက်နက် လင်းလက်နေသော အသားအရည်နှင့် ခေါမကျောက်ရုပ်ကို (မွန်ဂိုလွိုက်အနွယ်ဝင် အသက်သွင်းထားသလို) ချောမောတင့်တယ်နေလေသည်။

မြင်မြင်ချင်း ဘယ်မိန်းမ,မဆို အရောဝင်ရင်းနှီးချင်စိတ် ဝင်နိုင်သော လူဖိုလေး ဖြစ်နေလေသည်။ အကောင်းကြိုက်တတ်ပုံရ



www.burmeseclassic.com

www.burmeseclassic.com



သော သည်မိန်းမ၊ အငမ်းမရဖြစ်နေတာလည်း အဆိုးမဆိုသာ. . ။

"မောင်လေး မြန်မြန်စားကွယ် ဈေးထဲဝင်ရဦးမယ်၊ ငါးရံ့အူ မရဘဲနေမယ်"

"အွန်. . အခုနကပြောတော့ ဒီဆိုင်ကစောင့်ဆို၊ ဈေးဝယ်ပြီး ဒီဆိုင်ကိုပြန်လာမယ်ဆို. . မမပဲ ပြောပြီးတော့"

သွားပြီ။ တာတာတို့က လုပ်ချလိုက်ပြီ။

ငါ့မောင်ဆိုသော ငါအတ္တကို ဖုံးသမျှ(ကာကွယ်သမျှ) ကုန်းမှ ပေါ်တော့သည်။ မမလှလှကြီးက ပြုံးနေရင်းမှ ရယ်မိခါနီး ပြုံးပြနေသည်။ အပြုံးဂိတ်ဆုံးဖြစ်သည်။

"ကဲ. . . ညီမလေး စိတ်ချထားခဲ့ပါ မမ မင်းမောင်လေးကို ကိုက်မစားပါဘူး"

'ကိုက်တော့မစားဘူး၊ ငုံထားမယ့် ဟာမကြီး'ဟု ဇတ်ခနဲ မျက်စောင်းထိုးရင်း စိတ်ထဲက ပြောလိုက်မိသေးသည်။ သူမ အရှုံး ဘက်ကို ရောက်သွား၏။

'ခွေးကလေးတာတာ နင့်ကိုကာကွယ်နေတာဟဲ့. . နင်က ခြောင်ဖွင့်ချ၊ ဘူမသိ. . ကိုးမသိလေး'ဟု ဆက်ပြောနေမိပြန်. . .

"ငါးရံ့အူ မရဘဲနေဦးမယ် ညီမလေး"

သူမစကားကို ပြန်ပစ်သွင်းသည်။

(ဟုတ်ပါရဲ့ ဖေဖေ့ကို ငရံ့ အူချက်ပေးရမှာပါ့လား၊ နေမြင့်ရင် မရတတ်၊ စောက်ကောင်လေး ဖြစ်ချင်ရာဖြစ် ထားပစ်ခဲ့မယ် ဟယ်၊ သူဖေါ်လို့ ငါရှုံးတာ. . .)

"ကဲ. . တာတာ ဒီကပဲစောင့် လိမ်လိမ်မာမာနေ၊ လာအီ





မခံနဲ့"

ပြောပြီးလှည့်ထွက်ခဲ့သည်။ 'လာအီမခံနဲ့' ဆိုသော စကားလုံးတွေကို ဝုန်းခနဲ ဗုံးကြဲပြစ်ခဲ့သည်။

ဆိုင်ကယ်ဆီလှမ်းကြည့်တော့. . .

"ဟယ်!. . . ဆရာဝန်လေးတော့"

သူမဆိုင်ကယ်ဘေး သူ့ဆိုင်ကယ်ထိုးရပ်ရင်း လက်လှမ်းထောင်ပြသည်။

သူမလည်း ဘာရယ်မဟုတ် (သူမကိုတည့်တည့်ကြည့်၍. . ထောင်သည်မို့) ပြန်ထောင်ပြလိုက်မိသည်။

မောင်လေး အဖော်ရပြီးဆိုပြီး ပျော်လည်းသွားသည်။

မောင်လေးဆီလှမ်းအကြည့်. . .

(အွန်!. . . ဟိုမိန်းမက လက်ပြန်ချပြီး မတ်တတ်တောင်ထနေပါရော့လား၊ ဟယ်!. . . ငါ့ကိုလက်ပြတာမှ မဟုတ်တာ. . ၊ ဟိုမိန်းမဆီ တန်းပြီးဝင်သွားနေပါ့လား. . သူနဲ့ဘာတော်လဲ. . သူနဲ့ အို. . . )

သူမ အရမ်းရှက်သွားသည်။

ထပ်ဆင့်အရှုံး ဖြစ်သည်လေ။

အလဲလဲအကွဲကွဲ. . ။ ချက်ချင်း လူပုံအလယ် အမှုန်ဖြစ်၍ ပျောက်ကွယ်သွားချင်လိုက်မိတော့သည်။

မြေလှမ်းတွေ အလိုလိုလှမ်းထွက်မိသည်။

ထိုစဉ်. . ဝမ်းခေါင်းသံကြီးနှင့် အားပါးတရ နှုတ်ဆက်လိုက်သည်က တာတာ သီးချင်းပိတ်ထား၍ အသံက အကျယ်ကြီး။



www.burmeseclassic.com

www.burmeseclassic.com




"ဟား!. . မင်္ဂလာယောက်ဖကြီး. . "တဲ့။

တစ်ဆိုင်လုံးက ဝါးခနဲ ရယ်မောသံများ နောက်တွင် ကျန်ခဲ့သည်။

လုပ်ဟဲ့. . . တောရဲ့။









www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၃)

"ပူး . . ဝေါ့ . ."

"မမမော်လီမော် ခါးမဖက်ထားနဲ့ဗျာ၊ ယားကျိကျိနဲ့ ဆိုင်ကယ်မောင်းရတာ မလွတ်လပ်ဘူး"

"ရန်ကုန်မှာ ဆိုင်ကယ်စီးရတာမှတ်ဘူးလေ မောင်မောင်ရဲ့ မမ ကြောက်တယ် ပခုံးဖက်ရင်ကော "

"အကောင်းဆုံးက နောက်ကိုလက်ပစ်ပြီး စမ်းကြည့် . . ကိုင်စရာရှိတယ် ကျွန်တော်လည်း ဖြည်းဖြည်းပဲ မောင်းနေတဲ့ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ငါ့မောင်က အထင်လွဲခံရမှာ ကြောက်နေလား"

"ဘာကြောက်စရာမှ မရှိပါဘူးဗျာ"

"သိဘူးလေ၊ အခုန တာတာဆိုတဲ့ ကောင်လေးက ဝမ်းသာအားရ ယောက်ဖလို့ လှမ်းနှုတ်ဆက်တော့. . ဟင်းဟင်း"

"ကျွန်တော့်လူနာအိမ်က ကလေးတွေ့ပါဗျာ"

"ကလေးတွေတဲ့လား. . ဟင်း. . ဟင်း"

မမမော်လီမော်၏လက် နောက်ကဘားတန်း စမ်းမိသွားပုံရသည်။ သူ့မလက် သူ့ကိုယ်ပေါ်မှ လွတ်သွား၏။ 'ကလေးတွေတဲ့လား. . ဟင်း. . ဟင်း' ဆိုသောစကားကလည်း အမေးဝါကျမဟုတ်သဖြင့် ဖြေစရာမလို။ သူ့မစကားထဲမှ ခဏလွတ်မြောက်နေပြန်၏။

အတွေးဝင်လာ၏။ မမမော်လီမော်ကို ဘယ်မှာတည်းခိုင်းရမည်နည်း။ သူက တစ်ယောက်တည်းနေသူ. . အင်မတန်လှသော မိန်းမတစ်ယောက် အထုပ်အပိုးနှင့် ညဥ့်အိပ်ညဥ့်နေ အတူလာတည်းနေ၍ ဘယ်လိုမှ မသင့်တော်။ အစ်မအရင်းလည်း မဟုတ်။

ဝမ်းကွဲအစ်မဟု ပတ်ဝန်းကျင်ကို ရိုက်မစစ်ဘဲ လျှောက်ပြောနေလို့လည်းမဖြစ်။ တကယ်က ဝမ်းကွဲအစ်မ မဟုတ်မှန်းလည်း ဘာသာသိသိချည်းမို့ ခက်တော့နေပြီ။ ဆိုင်တစ်ဆိုင်ထိုင်မည်။

ဟုတ်ပြီ။

"မမ ဘာစားပြီးပလဲ"

"အခုနဆိုင်က ဘရိတ်ဖတ်(စ်)ပေါ့"

"ကျွန်တော်က ဂျူတီဆင်းလာတာ ဘာမှမစားရသေးဘူး တစ်ခုခု သွားစားရအောင်"





"သွားလေ"

ဇီးရွက်ခပ်ကြီးကြီးလောက်ရှိသော မြို့ကလေးတွင် သူ့ကို လပိုင်းအတွင်း လူအတော်များများက သိနေ၊ ခင်မင်လေးစားနေကြပြီဖြစ်သည်။ ထင်းခနဲနေသော မမမော်လီမော်ကိုလည်း လူတိုင်းအာရုံကျနိုင်သည်။ မြို့စွန်ဘက်က နဝရတ်ကဖီးသို့ မောင်းခဲ့သည်။ ထူးနွဲ့ရီကို ဝင်ဝင်ချင်း သူ မမြင်ရိုးအမှန်၊ တာတာက ယောက်ဖထအော်မှ ဘေးဘီလှမ်းကြည့်တော့ ကျောပေး၍ဆိုင်ကယ်မောင်းထွက်သွားသော ထူးနွဲ့ရီကို လှမ်းမြင်လိုက်ခြင်းဖြစ်သည်။ ဘယ်လိုထင်သွားသည်မသိ။ သူ့ကိုကော မြင်သွားရဲ့လားလည်းမသိ. . ။

"ကျွို!. ."

ဆိုင်ရှေ့ရောက်ပါမှ ကံကောင်းလို့. . . ။

"တောက်!. ."

စိတ်က ခိုးလိုးခုလုဖြစ်နေရတဲ့အထဲ ဘယ့်ကို အချက်ပြပြီး ညာကွေ့သော ဆိုင်ကယ်ကြောင့် စိတ်တိုပြီး တောက်ခေါက်လိုက်မိသည်။ သီသီလေးလွတ်သွားသော်လည်း ဟန်ချက်ပျက်ပုံကို တစ်ဆိုင်လုံး လှမ်းကြည့်နေရော့မည်။

"ဒီဆိုင်ပဲ မမ. . ဆင်း"

မမမော်လီမော်ကတော့ သူ့ဗီဇအတိုင်း ရောက်ရာအရပ်၌ သူ့အလှကို ဝိုင်းငေးသည်ကို သဘောကျလေ့ရှိ၏။ သပ်ရပ်လှပစွာ ဆိုင်ကယ်ပေါ်က ဆင်း၍ကိုယ်ဟန်နှင့် အဝတ်အစားကိုဆွဲဆန့်သည်။ ဘုရားဖူးကားကျနေသည်။ ညှော်ကြိုကလေးမ လှလှဝဝလေးက သွက်လက်စွာဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော်. . ဆရာလေးပါလား. . ကြွပါ၊ လာပါရှင်. . ဆရာလေးတို့အတွဲက အထဲကိုကြွပါ"

အစ်မပါဟ. . . ဟုပြောရန် ပြင်လိုက်သေးသည်။

ချောင်ကျကျစားပွဲသို့ လှစ်ခနဲ ရှေ့ကပြေးသွား၍ မပြောလိုက်ရတော့ပေ။

"နန်းပြားသုပ် ဆီလျှော့မယ်. . ထုံးစံအတိုင်း နွားနို့ကော်ဖီပဲနော် ဆရာလေး. . အိုကေ ဒီကမမကကောရှင်"

"အဲ့ဒါပဲ အရင်ပေးပါကွယ်၊ မမကို သန့်စင်ခန်း ပို့ပေးပါ"

"ကြွပါရှင်"

မမ၏ကျောအလှကို မတော်တဆ သူ့အကြည့်ရောက်သွားသေး၏။ မတော်တဆ မဟုတ်သော အကြည့်တွေလည်း ထိုနေရာ၌ စုပြုံတိုးဝှေ့ နေလေသည်။ သူသက်ပြင်းချရင်း တွေးနေမိပြန်သည်။

"ဘာလို့ လိုက်လာတာလဲ မမရာ၊ ဘဘနဲ့ ကြီးမေ နိုင်ငံခြားသွားပြန်ပြီ ထင်တယ်"

မနက်က ဖုန်းဆက်တော့ သူခွဲစိပ်ခန်းထဲ ရောက်နေခဲ့သည်။

Miss called တွေ့၍ ပြန်ဆက်သောအခါကျမှ. . . Point လက်ဖက်ရည်ဆိုင်မှာ မနက်ငါးနာရီဆိုက်သော ကားနှင့်ရောက်နေသည်တဲ့. . ။ ပေါင်းခနဲ ခေါင်းနားပန်းကြီးသွားသည်။

ဆေးရုံခွဲစိတ်ခန်း ဂျူတီထွက်တော့ အပန်းဖြေနားနေခန်းတွင် သူအတော်ကြာအောင် ထိုင်စဉ်းစားနေဖြစ်ခဲ့သည်။ အပန်းက ဘယ်လိုမှ မပြေပါလေ. . . ။





ညမအိပ်ဘဲ မိုးမချုပ်ခင်ပြန်ပါလား ကျေးဇူးရှင်မမရယ်. . ။

စားစရာများရောက်လာ၍ တိတ်ဆိတ်စွာစားရင်း ထူးနွဲ့ရီ၏သဏ္ဌာန်က စိတ်အတွင်းပိုင်းမှ လျှံ၍ထွက်လာသည်။ အေးချမ်းလိုက်သည့်ဖြစ်ခြင်း. . . ။ ဆရာဝန်ကြီး Dr.စိုးမင်းက သူရောက်ပြီးနောက်နေ့မှာပင် အိမ်တိုင်ရာရောက် ခေါ်သွားပြီး လူနာဘွားမူနှင့်မိသားစုကို မိတ်ဆက်ပေးခဲ့သည်။

ထူးနွဲ့ရီကို မြင်မြင်ချင်းမှာပင် ထိုအေးချမ်းသော အဆင်း၏အရသာကို သူစတင်ခံစားခဲ့ရခြင်း ဖြစ်သည်။ ထက်မြက်ခြင်း၊ လေးနက်ခြင်းဖြင့် လင်းလက်နေသော မျက်ဝန်းတွေကိုလည်း သူဖတ်ကြားနိုင်ခဲ့သည်။ သူလေး ငါ့ကို. . အမှားတွေ ဖတ်ကြားသွားမှာကို ငါစိုးရိမ်နေတာပါလားဟူ၍ သူ့ကိုယ်သူ ဒဲ့ပင် မြင်လိုက်သည်။

အွန်!. . ဒါဆို ငါသူ့ကို မြင်မြင်ချင်း. . . ။

"မောင်မောင် ဘာတွေတွေးပြီး ငိုင်နေတာလဲ၊ ဖွန်းထဲက နန်းပြားသုပ်တွေ ခြောက်ကုန်ပြီ"

"ခွဲ . . ခွဲခဲ့တဲ့. . လူ. . လူနာဆီ စိတ်ရောက်သွားလို့ပါ မမရာ. . . "

မမက မသိမသာ ထပ်မံခြယ်မှုန်းလာ၍ သိသိသာသာပင် လှနေပြန်သည်။

မိန်းမချင်းပင် လက်တို့ရသော အလှဖြစ်ကြောင်း ဝန်ခံရပါသည်။ ပုရိသ အယုတ်အလတ်အမြတ်မရွေးကတော့ ငေးကိုကြည့်နေကြသည်။ တန်ခိုးရှင် တစ်ပါးပါးက. . အလကားနေ အလကားအခမဲ့ပြထားသလိုပဲ. . . ။



www.burmeseclassic.com

www.burmeseclassic.com



(ဘယ်လိုပြောမလဲ)
အင်း. . . သီးကင်းတော့မကဘူး
သီးမှည့်လည်း မကျဘူး. . .
ဆိုတော့. . . အဆူဆုံး
ဝမ်းပျဉ်းအလှ
ရော့. . . ကြည့်ကြလို့
ဧရာမ လက်ကြီးနဲ့
ဖွဖွကလေး
ကဖေးထဲ ချပြပေးထားသလိုပဲ. . .॥

(ဇာတ်ကောင် Dr.ဇင်ဇော်သူ၏ အတွေးမဟုတ်ပါ။ မြင်နေရသော. . စာရေးသူ လက်ဝင်ဆော့ခြင်းမျှသာ)

မမမော်လီမော်၏ ကီလိုဝပ်အားသည် အတော့ကို များပါသည်။ ညှို့ခြင်း စက်ကွင်းပြင်းအားလည်း ကျယ်ဝန်းပါသည်။

"နေဦး. . . မမ ပန်းကန်ပါ ပြန်နယ်ပေးမယ်"

ငွန်းရော ပန်းကန်ရောယူ၍ ဇတ်ကယ်ဇတ်ကယ်နှင့် ကျွမ်းကျင်သော တူကိုင်ခြင်းကို လှပစွာပြရင်း နယ်ဖတ်နေပုံကပင်. . . ပါဖေါင်း မင့်ဖြစ်နေ၏။ ဂရုတစိုက်ရှိလှပုံက ပီပြင်သည်။ ထင်စရာပိုဖြစ်တော့မယ် . . .

"မမ ဘာမှာမလဲရှင်"

"ကြက်ဥအကာကျက်လေးလုံး၊ နွားနို့စစ်စစ်ရရင် စပရိုက်ပုလင်းနဲ့ ပါစယ်ထည့်ပေး"

ပို. . ပိုထင်စရာတွေ ဖြစ်တော့မယ် မှာနေတာတွေက. .





"မမလိုသမျှ အဆင်အပြေဆုံးဖြစ်စေရမယ် စိတ်ချမမ"

နဝရတ်ကဖေး၏ ရွှေကြိုကောင်မလှလှဝဝလေးကလည်း အတိုင်အဖေါက်ညီနေ၏။ သန့်စင်ခန်းထဲ ခပ်ကြာကြာ အလှပြင်ရင်း ဘာအတင်းတွေ တုတ်ထားကြသည်မသိ။

ရွှေကြိုတုတ်ခဲ သဘောကောင်းလေးကလည်း ဆရာဝန်လေးအကြောင်းလည်း ထဲထဲဝင်ဝင်သိချင်ပေလိမ့်မယ်။ ဘာတော်သလဲ. . ဘယ်ကလာသလဲ. . သေချာအောင် စပ်စုမည့် မိန်းမသူအလည်၊ အောင်မာ. . . ကောင်မလေးနှုတ်ခမ်းလည်း မမအရောင်ပေပဲ အကောင်းစား နှုတ်ခမ်းနီနဲ့ ကောင်မလေးကို မမမဲဆွယ်ခဲ့ပြီးပြီကပဲ။

"ရော့. . စားကြည့် ဘာလိုလဲ"

"ကောင်းမှာပါ"

"မင်း တက်တက်ကြွကြွမရှိဘူး ပင်ပမ်းနေပုံရတယ်"

"ကြက်ဥ နွားနို့ အဝသောက်ပြီး အိပ်ရမယ်"

"မတက်ကြွတာမှုတ်ဘူး မမမော်လီမော် စိတ်လေးနေတာ၊ ကျွန်တော်က တစ်ယောက်တည်းနေတာ. . ပတ်ဝန်းကျင်ကလည်း ကျွန်တော့်ကို ဝိုင်းပြီးအကဲခတ်နေကြတာ၊ မမ ညဥ့်အိပ်ညနေကိစ္စကခက်နေလို့"

"ဘာခက်သလဲ မောင်မောင်ရယ်၊ လူနာနဲ့ မောင်မောင်အသိတွေထဲမယ် ရှိမှာပါ. . ၊ မိန်းမဖေါ် တစ်ယောက် ညဥ့်အိပ်ညဥ့်နေ အဖေါ်ခေါ်ပေါ့ မမနားလည်ပါတယ်"

ဟုတ်ပေသားပဲ။

www.burmeseclassic.com



သည်လိုဆိုတော့လည်း မမဖြေရှင်းတာ လွယ်လွယ်လေး ဖြစ်နေသည်။ Dr.စိုးမင်းမိသားစုနေသွားသော အိမ်ကိုပင် သူက ဆက်ငှား၍ နေခြင်းဖြစ်သည်။ အိပ်ခန်းသုံးခန်းပါသည်။ ဖြစ်သည်။ နှစ်ယောက်ခန်းမှာ မမနှင့်မိန်းမဖော် အိပ်ပေါ့။

အဲ. . . ဘယ်သူ့အကူအညီတောင်းရပ့်။ ဒေါ်ကြည်ကြည် ကို 'ဝမ်းကွဲအစ်မအဖော်ရရန် မိန်းမဖော်စီစဉ်ပေးရန်'. . ပြောမည်။ ထူးနွဲ့ရီအထင်ကို ကာကွယ်ပြီးသားလည်း အလိုလိုဖြစ်သွားမည်။

အိုကေ. . ။ သူအသက်ရှုချောင်သွားသည်။

ထိုအခါ. . . ဗိုက်ဆာနေကြောင်း အစာအိမ်လမ်းကြောင်း က ဦးနှောက်အား အသိပေးလာ၏။ ခေါင်းအေးသွားသဖြင့် ခန္ဓာ ကိုယ်ကို လိုအပ်သလိုမောင်းနှင်ရန် ပုံမှန်အလုပ်လုပ်နိုင်လာ၏။

နန်းပြားသုပ်ကို ပလုတ်ပလောင်းဝါး၍ သွပ်လိုက်သည်။ ခံတွင်းတွေ့သော လောင်စာသွင်းလိုက်၍ ခန္ဓာသည် ကြံ့ခိုင်မှုဝင် လာ၏။ ခန္ဓာကျေနပ်၍ စိတ်သည် စွမ်းအင်ဝင်လာ၏။ စိတ်နှင့်ခန္ဓာ အညမညဖြစ်သွားသည်။

ထိုစဉ်. . .

"လုပ်ကြပါဦး. . သားကလေး. . ကျွန်မသားကလေး တက် နေလို့"

သူ၏ကျောဘက်စားပွဲမှ မိန်းမတစ်ယောက် အလန့်တ ကြားထအော်ခြင်းဖြစ်သည်။ ဇတ်ခနဲ လှည့်ကြည့်မိ. . ချက်ချင်းသိ သည်. . . အပူကြီး၍ ကွေးကောက်တွန့်လိမ်နေသော ခြောက်လ သားခန့် ကလေးငယ်။





ဖျတ်ခနဲ အနားသို့ရောက်သွား၏။ လက်နှင့်စမ်းရုံနှင့် ပူခြစ် နေသော ကလေးအငွေ့။ စောင့်နှင့်ထုပ်ထားသည့်ကလေးကို သူဆွဲ ယူလိုက်ပြီး စောင်ခွာလိုက်သည်။

"ရေခဲ. . ရေခဲ. . မရရင် ရေခဲရေပုလင်း အမြန်ဆုံးပေး"

ပြောရင်းက ကလေးကိုယ်ပေါ်က နှစ်ထပ်,ထပ်ဝတ်ထား သောအဝတ်တွေ အမြန်ချွတ်သည်။ မမမော်လီမော်က ဝိုင်းကူ သည်။ ကလေးကို စားပွဲပေါ် ပက်လက်လှန်ချခြင်း၍ ချွတ်လိုက်သော အကျီကို ရေခဲရေလောင်းသည်။ နည်းနည်းညှစ်၍ နဖူးပေါ် အဝတ် အေးကို အုပ်သည်။ ကလေးက ပြာနှမ်းနှမ်းဖြစ်လာ၏။

"မမ ရေခဲရေနဲ့လောင်း. . . လောင်းချ. . ရတယ်"

ကလေးက ပါးစပ်ပြဲအောင် အော်နေသော်လည်း အသံတ မထွက်။ ကလေးအမေက သူတို့လုပ်သမျှ ကြောင်ငေးနေရင်း မတွေ့ ဖူးသော ကုထုံးမို့ သတိရသွားပုံနှင့်. . .

"သား. . . သားလေး အသံလည်းမထွက်ဘူး ခေါ်လို့လည်း မရတော့ဘူး၊ အဟီး. . . ကျွန်မသားလေးသေသွားရင် ရှင်တို့ပဲ. . အဟီး. . ."

"ဟဲ့. . ဟဲ့. . ငယ်ထိပ်ကိုမှုတ်"

"ခြေမကို ချိုးရတယ်. . ဟဲ့"

"ဒီလက်ဖွဲ့ကို ရေစိမ်ပြီးတိုက်"

"သကျည်းကို နှိပ်ပါဟဲ့"

ဝိုင်းအုံလာသူတွေ၏ တစ်ယောက်တစ်ပေါက်စကားမှုနှင့် သိသမျှ ကြားဖူးကြုံဖူးသမျှ ဆေးမီးတိုတွေဖြစ်သည်။ ဆိုင်ထဲ အုတ်



www.burmeseclassic.com

www.burmeseclassic.com



အော်သောင်းတင်း ဖြစ်သွား၏။

"ကိုယ်တွေပွဲနေရင် ရေတောင်မထိစေရဘူးလေ"

"အေးလေ. . ရေခဲရေနဲ့ လောင်းရတယ်လို့"

"အားလုံးတိတ်စမ်း သူက ဆရာဝန်၊ ကျွန်မက အင်္ဂလန်က ဖစ်ဆစ်ရှင်၊ အကောင်းဆုံး လုပ်ပေးနေတယ် နောက်ဆုတ်ကြစမ်း"

အောင်မြင်ပြတ်သားသော မမမော်လီမော်၏အသံနှင့် ဟန်ကြောင့် နည်းနည်းရှဲ၍ တိတ်သွား၏။ သူက ခြေထောက်နှစ်ချောင်းမှ ကလေးကိုဖောက်ထိုးကိုင်၍ တင်ပါးကို ဖတ်ခနဲ ရိုက်လိုက်သည်။

"ဝါး. . . အူဲ. . ."

အနီးရှိလူသားအားလုံး ပြုံးပျော်စေသည့် အင်မတန်သာယာသောအသံ ဖြစ်ပါတော့သည်။ အာမေဋိတ်သံတွေ စုံသွား၏။ မမမော်လီမော်က အပျော်ဆုံးဖြစ်နေသည်။

"We got it!..We got it!..We win!.."

ပျော်ရွှင်စွာ ဘိုလိုအော်ခြင်းဖြစ်ပါသည်။

စောစောစီးစီးပင် မူးနေပုံရသူ ဆေးမင်ကြောင်နှင့်လူက. . မမမော်လီမော်နား ကပ်လာသည်။ ဝင်လာကတည်းက ရီဝေဝေကြည့်ကောင်းကောင်းနှင့် အားမနာလျှာမကျိုး ငေးကြည့်နေခဲ့သူဖြစ်သည်။ အားတွေပါလာသည်။ အခင်းအကျင်းက အနားကပ်၍ရသွားသည်။ လူတွေကလည်း ကလေးဆီ အာရုံကျနေကြသည်လေ။

မင်ကြောင်၏ မူလရည်ရွယ်ချက်မှာ မမမော်လီမော်ကို အားပါးတရ ကပ်၍ကြည့်ရန်. . ရှုပ်ထွေးနေက ထိခတ်ပွတ်သပ်ရန်ဖြစ်ပါလိမ့်မည်။





ကလေးကို မွေးပွဲပဝါထုတ်၍ ပွတ်သပ်ပေးနေသော မမမော်လီစားပွဲနား ရောက်သွားသောအခါ. . တစ်ကိုင်စာပိုက်ဆံအိပ် (WALLET) လေးချထားသည်ကို မြင်သွားသည်။ အဓိကဦးတည်ချက်ပြောင်းသွား၏။ လက်တွေ့အသုံးကျသော အဓိကကို တွေ့သွား၏။

လက်ကြီးတစ်ဖက်ထွက်လာသည်။ ကျွန်းစားပွဲပေါ်က ပိုက်ဆံအိတ်လေး စွေ့ခနဲပါသွား၏။

မွေးကြိုင်နေသော အိတ်ကလေး ချဉ်စုတ်စုတ် ဂျင်းဘောင်းဘီရှေ့အိတ်ထဲ ထိုးသိပ်ခံလိုက်ရ၏။ ရုတ်ခနဲ လက်ပြန်ထွက်လာ၏။

အိတ်ထဲက ပြန်ထွက်လာသော လက်ဖမိုးက. . ဟိုရှေ့က မမမော်လီမော်၏ တင်ပါးဆီရွေ့နေ၏။ အသားကပ်ဘောင်းဘီမို့ အတွင်းခံအနားလုံးကို အစ်၍ကျော်ထွက်နေသော တင်သားကို ပွတ်တိုက်သွား၏။

အိခနဲ တုန်ကျန်ခဲ့သည်။

မမမော်လီမော် မသိလိုက်ပါ။

အိတ်ပါသွားတာလည်းမသိ။ သူတင်ခါသွားတာလည်းမသိလိုက်ပါ။

သိလိုက်သူကရှိသည်။ Dr.ဇင်ဇော်သူ ဖြစ်ပါသည်။ နောက်တစ်ယောက်ရှိပါသေးသည်။ နှုတ်ခမ်းမွေးနှင့် ဗလကြီးကြီးလူတစ်ယောက်ဖြစ်သည်။ အိတ်ပါသွားသည်ကို ပြိုင်တူမြင်ပြီး ပြိုင်တူပင် တစ်ယောက်နှင့်တစ်ယောက်(တစ်လံခွဲခန့်အကွာမှ) အကြည့်ချင်းဆုံသည်။



www.burmeseclassic.com

www.burmeseclassic.com



Dr.ဇင်ဇော်သူက ထို့ကိုနှုတ်ခမ်းမွေး အကြည့်လှိုင်း တစ်လျှောက် နိမ့်မြင့်အတိုင်း(လှိုင်း wave အတိုင်း) ပြန်မကြည့်ဘဲ. . . ရှင်းခနဲ တည့်တည့်တန်း၍ မျဉ်းဖြောင့်အတိုင်း ဖောက်ကြည့်လိုက်သည်။ မျက်စိအဆံအလယ်တည့်တည့်ကို အနီးကပ်မြင်သည်နှင့်. . 'လိုက်ဖမ်းလေ'ဟု စိတ်က ခပ်ထန်ထန် အမိန့်ပေးလိုက်မိသည်။

ဆေးမင်ကြောင်နောက်သို့ နှုတ်ခမ်းမွေး ဇွေ့ခနဲ ထိုးလိုက်သွားသည်။ မကြာခင်. . . စားပွဲနားတွင် လူတွေမိုးတိုးမတ်တတ်ရှိနေစဉ်မှာပင် ဆေးမင်ကြောင်က ရှေ့က၊ နှုတ်ခမ်းမွေးက နောက်က ထပ်လျက်သား ပြန်ရောက်လာသည်။

မင်ကြောင် မျက်နှာပိုရဲနေသည်။ ဖွက်၍ လက်လိမ်ထားမှန်း သူကသိလိုက်သည်။ နှုတ်ခမ်းမွေးက နားနားကပ်၍ အမိန့်ပေးသည်။

ပိုက်ဆံအိတ်လေး စားပွဲပေါ် မသိမသာပြန်ရောက်လာသည်။ သူက ဇတ်ခနဲယူ၍ ဖွင့်ကြည့်သည်။ ခြေရာလက်ရာပျက်ပုံမရ၊ အလွယ်တကူ ဆွဲထုတ်ယူနိုင်သော အတန်ကြီးတွေ ပြူခနဲပေါ်လာသည်။ အကြီးဆုံးအရွက်တွေဖြစ်သည်။

သူက နှစ်ရွက်ဆွဲထုတ်သည်။ တစ်ရွက်ကို ကျေးဇူးရှင် နှုတ်ခမ်းမွေးလက်ထဲ လှမ်းထည့်သည်။ မယူဘဲ လက်ရုပ်သွားသည်။ မင်ကြောင်ကို လက်လွတ်၍ ကျောပေးထွက်သွားသည်။

တောင်းပန်တိုးလျှိုးအကြည့်ဖြင့် လှမ်းကြည့်လာသော မင်ကြောင်၏လက်ထဲ နှစ်ရွက်စလုံး ထည့်ပေးလိုက်သည်။ မျက်လုံးကို အသေအချာစိုက်ကြည့်၍. . .





'ဟိုလူ့ကို လိုက်တောင်းပန်ပြီး တစ်ရွက်ပေးလိုက်. . ' ဟု စိတ်ထဲကပြောလိုက်သည်။

ခေါင်းညိတ်သည်။

'ဟုတ်'ဟု အသံမကြားတကြားတုံ့ပြန်ရင်း နှုတ်ခမ်းမွေးနောက် တန်းတန်းမတ်မတ် လိုက်သွားလေသည်။

ထိုစဉ် မမမော်လီမော်က မြူသည်တွင် ကလေးငယ်၏ ခစ်ခစ်ဟူသောရယ်သံ ထွက်ပေါ်လာလေသည်။





www.burmeseclassic.com

www.burmeseclassic.com








# အခန်း (၄)

ဆေး သတ္တာမပါဘဲ ထူးနွဲ့ ရီတို့ခြံထဲဝင်ရမှာမို့ သူအနည်းငယ် ကြောင်စီစီတော့ ဖြစ်နေသည်။ လာနေကျ မနက်ခင်းလည်း မဟုတ်ဘဲ ညနေခင်းကြီးဖြစ်နေ၍ ခြံဝတံခါးဖွင့်ထားပါလျက် ခဏ ရပ်၍ လူရိပ်လူခြေကြည့်မိသည်။ ခင်မင်ရင်းနှီး အိမ်နီးချင်းဖြစ်ခဲ့ သော်လည်း သမားဂုဏ်က ရှိသည်လေ။

ခြံကျယ်ကြီးထဲရှိ ခရေပင်ကြီးအောက်တွင် ကလေးတွေ ကျောက်ဒိုးကျင်းလိုမ့်တမ်း ကစားနေကြသည်ကို လှမ်းမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်နှစ်ဝန်းကျင် ကလေးများအလယ်တွင် ထင်းနေသော တာတာကို သူကြင်ကြင်နာနာ လှမ်းကြည့်နေမိသည်။ Mental Reterdation (ခေါ်) ဉာဏ်ရည်ဖွံ့ဖြိုးမှုနောက်ကျသော ဝေဒနာရှင်လေး။ ကလေးအတွေးနှင့် လူပျိုပေါက်ခန္ဓာ။ အိမ်မှာက မိန်းမသူသုံးဦးသာ ရှိသည်။ ဖခင်က ခရီးထွက်နေသည်က များသည်။ ဘယ်လိုစခန်းသွားနေကြသည် မသိ။ စိတ်ဝင်စားမိသည်။

သူတို့ကစားနေကြပုံကို ပန်းချုံနားက သူသွားကြည့်မိသည်။ (၄၊၃၊၂၊၁) ကျင်းကလေးများကို တြိဂံပုံစံ ဟိုဘက်သည်ဘက်ကူးထားပြီး ကျောက်ဒိုးသုံးလုံးနှင့် အပြန်အလှန် ကျင်းစိမ်နေကြခြင်းဖြစ်သည်။ တာတာနှင့်ဂျူးဂျူးက တစ်ဘက်၊ မောင်မောင်ထွေး၊ ဝတုတ်နှင့် မီမီမေအောင်က တစ်ဘက်ဖြစ်သည်။ သုံးယောက်၊ နှစ်ယောက်ဖြစ်နေသည်။ ကလေးချင်း သဘောတူထားသော ပြိုင်ပွဲစည်းကမ်းဥပဒေသကိုလည်း သူကြည့်ရင်းတာတာက ထိုပြိုင်ပွဲစည်းကမ်းကို ဘယ်လိုလိုက်နာတုံ့ပြန်သလဲဟု သူအကဲခတ်ချင်လာသည်။ ကလေးတွေ သူ့ကိုမမြင်စေရဘဲ သူကပိုမြင်ရသောပန်းချုံကို ရွှေ့လိုက်သည်။

ပထမဆုံးအတန်းလေး ကျင်းထဲကိုဝင်လျှင် တစ်မှတ်၊ ဒုတိယသုံးကျင်းထဲဝင်လျှင် နှစ်မှတ်၊ နှစ်ကျင်း သုံးမှတ်၊ နောက်ဆုံးတစ်ကျင်းထဲ(ကံအားလျော်စွာ)ဝင်လျှင် လေးမှတ်ဟု စည်းကမ်းသတ်မှတ်ထားကြောင်း တွေ့ရသည်။

ဝတုတ်တို့ဘက်က တစ်ယောက် တစ်လုံးစီပစ်သည်။ တာတာ့ဘက်က နှစ်ယောက်တည်းမို့ အလှည့်ကျ နှစ်လုံးပစ်ခွင့် ပြုထားသည်။ တာတာ နှစ်လုံးပစ်အလှည့်ပြီးလျှင် ဂျူးဂျူး နှစ်လုံးပစ်လှည့်





ဖြစ်သည်။ ဂျူးဂျူးက ဗိုလ်နည်းနည်းကျချင်သည်။ သူချည်း နှစ်လုံးပစ်ဖို့ ခဏခဏငြင်းသည်။ တာတာက လျှော့ပေးမြဲဖြစ်ကြောင်း မြင်နေရသည်။

ကျင်းထဲဝင်သော ရမှတ်ကိုပေါင်း၍ အနိုင်အရှုံးသတ်မှတ်သည်။ ရှုံးသောအသင်းကို (ထုံးတို့၍ တေးမှတ်သောသဘောနှင့်) ဝိုက်ဘုတ်က ဆော့ပင်နှင့် လက်ဖျံလက်မောင်းတွင် အစင်းတွေခြစ်သည်။ ဂျူးဂျူးက သူတို့ရှုံးလျှင် သူ့လက်တွင် အခြစ်မခံ။ တာတာသာ အခြစ်ခံနေရသည်။ တာတာက ကြည်ကြည်ဖြူဖြူ အခြစ်ခံသော်လည်း Fair Play မဟုတ်၍. . သူကကြည့်နေရင်းက မကြည်ဖြူနိုင်အောင်ဖြစ်နေသည်။

(မနက်ကလူကြားထဲ အာလုတ်သံကြီးနှင့် မဂ်လာယောက်ဖခေါ်ထား၍လည်း ဖြစ်သည်ထင်သည်။)

တာတာ့ကိုကာကွယ်ချင်သည့်စိတ် ဝင်လာသည်။ အနီးကပ်လည်းလေ့လာချင်သည်။ တာတာ့ (I.Q) အိုင်ကျူကိုလည်း စမ်းသပ်ချင်သည်။ သုံးလေးလှည့် အသေအချာ စောင့်ကြည့်သည်။ တာတာဝင်သောကျင်းနှင့် ရသောအမှတ်တွေကို သူဂရုတစိုက် မှတ်သားထားလိုက်သည်။

"အခုန နင်နှစ်လုံးပစ်တာလေ တာတာ ခုလှည့် ငါနှစ်လုံးပစ်အလှည့်. ."

ဂျူးဂျူးက ကက်ကက်လန်ငြင်းရင်း. . တာတာ့လက်ထဲက ကျောက်ဒိုးလိုက်လုသည်။ အမှန်က တာတာတစ်လုံးတည်းပစ်ပြီးမှ သုံးမှတ်ကျင်းဝင်ထားခြင်းဖြစ်သည်။ နိုင်သည်။ နိုင်သူမို့နှစ်လုံးပစ်



www.burmeseclassic.com

www.burmeseclassic.com



ခွင့် ရ,ရမည်လည်းဖြစ်သည်။ သူကိုယ်တင်ပြ၍ ချုံကွယ်မှ ထွက်လိုက်သည်။ တာတာက ရှိုရှိုသေသေပင်. . .

"ဟယ်!. . ယောက်ဖပဲ၊ မင်္ဂလာယောက်ဖ. . ."

"အေး. . မင်္ဂလာပါတာတာ"

သူက ဂျူးဂျူးကိုပြုံးပြ၍. . .

"သမီးလေး သူငယ်ချင်းချင်း နိုင်ထက်စီးနင်း မလုပ်ရဘူး၊ ခုနအလှည့်က တာတာတစ်လုံးတည်း ပစ်တာလေ၊ တာတာဘယ်ကျင်းဝင်သလဲ ဘယ်နှစ်မှတ်ရသလဲ"

ဂျူးဂျူးကို နှစ်သိမ့်ဆူဆူရင်း တာတာ့ကို တစ်ဆက်တည်း မေးကြည့်သည်။

"သုံးမှတ်ရတယ်လေ၊ ဟိုနှစ်ကျင်းထဲက ညာဘက်ကျင်း"

"ဟုတ်တယ်၊ ပြီးခဲ့တဲ့အလှည့်ကကော. . ."

"နှစ်လုံးပစ်တာလေ. . တစ်လုံးက တစ်မှတ်၊ နောက်လုံးက နှစ်မှတ်"

မှန်နေသည်။ မန်မိုရီပြန်ခေါ်၍ရနေသော မှတ်ဉာဏ်ဖြစ်သည်။

"အဲ့ဒီမတိုင်ခင် တစ်လုံးတည်းပစ်တဲ့ အလှည့်ကကော"

"မဝင်ဘူးလေ ဘေးထွက်သွားတယ် လေးမှတ်ကျင်းနားကနေ သိသိလေး"

မှန်ပြန်သည်. .။ ဖြစ်ပြီးတာတွေ အကုန်မှတ်မိနေသောကြောင့် သူအားတက်သွားသည်။ နောက်ပြန် ပြန်မေးမိပြန်သည်။

"အဲ့ဒီမတိုင်ခင်ကကော တာတာ"





"ဂျူးဂျူးတစ်လုံး ယူသွားတယ်လေ. .၊ သူ နှစ်လုံးပစ်တာ နောက်အလုံး တစ်ကိုဝင်တယ်၊ သားက တစ်လုံးထဲပစ်တာ လေးမှတ်ရတယ်လေ"

သူမှတ်ထားသမျှ အားလုံးမှန်နေသည်။ ပွဲအစကနေများ မှတ်မိနေမလားပဲဟု သူတွေး၍. . .

"ကဲ. . တာတာ၊ စပြီးကစားကတည်းက သားဝင်တဲ့ကျင်းတွေ၊ အမှတ်ရထားတာတွေ ပြန်သတိရလား စဉ်းစားကြည့်စမ်း"

တာတာက ဒိုးဒိုးဒေါက်ဒေါက်ပင် အားလုံးပြန်ပြောနေပုံမှာ ဗီဒီယိုရိုက်ထားပြီး ပြန်ရစ်ကြည့်နေသလိုပါပင်. .။ နောက်ဆုံး သူတေးမှတ်ထားသည်များနှင့်လည်း အစဉ်လိုက် ပြန်ပြောသောအခါ ကွက်တိဖြစ်နေ၏။ ဆော့ပင်နှင့် အနိုင်အရှုံး တိုက်ကြည့်တော့လည်း တစ်ခြစ်ပင် အပိုအလိုမရှိ။ သူ အံ့သြစွာ ဝမ်းသာသွားသည်။ ဖြစ်ချင်တော့ ဟိုဘက်အုပ်စုနှင့် တာတာအုပ်စု အမှတ်တူနေသည်။ သရေပွဲ ဖြစ်နေသည်။ သူ အရမ်းစိတ်ဝင်စားသွားသည်။

"ကဲ. . အနိုင်အရှုံးပေါ်အောင် လူလည်းညီသွားအောင် တို့လည်းတာတာတို့ဘက်ကပါမယ်၊ အားလုံးသဘောတူလား"

"ဟေး. . . တူတယ် တူတယ်"

အားလုံး လက်ခုပ်တီး၍ ပျော်သွားကြသည်။

"ကဲ. . ဒါဆို သုံးပွဲကစားမယ်နော်၊ အဲ့ဒီဘက်က ခေါင်းဆောင် ဘယ်သူလုပ်မလဲ"

"မိမိက ခေါင်းဆောင်. . . ဟင်းဟင်း"

"တို့ဘက်က တာတာခေါင်းဆောင် လုပ်မလား"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပါဘူး မင်္ဂလာယောက်ဖလုပ်ပေါ့"

"အေး. . လုပ်ပါ့မယ်. . ဒါပေမယ့် မင်္ဂလာယောက်ဖလို့ ခေါ်တာကြီးတော့ မလုပ်ပါနဲ့ကွာ၊ တို့နာမည် ဇင်ဇော်သူတဲ့ ကိုဇင်လို့ ခေါ်ပေါ့၊ ကဲ. . . မိမိမေအောင် မင်းတို့ဘက်ကစပစ် ကျောက်ဒိုး တွေပေးလိုက် ဂျူးဂျူး"

သူ့ကိုယ်သူ ကလေးတစ်ယောက်အဖြစ် ပြန်လည်တွေ့ရှိလိုက်သည်။ ထိုခဏ၌ ပေါ့ပါးလွတ်လပ်လိုက်သည်မှာ ဖော်ညွှန်းစရာ စကားလုံး မရှိတော့ပေ။ မောင်မောင်ထွေး စပစ်သည်။ လေးလုံးတန်ကျင်းထဲ ဝင်လုဝင်ခင်လေးမှ လိမ့်ပြီး သုံးလုံးတန်ကျင်းထဲ ဝင်သွားသည်။

"ဟေး!. . နှစ်မှတ်. . ရတယ်ဟေ့"

(ဘ/က)ကျောင်းသားဘဝကို ဖျတ်ခနဲ သတိရလိုက်သော သူက ဇတ်ခနဲ ကျောက်ဒိုးကို လှမ်းကောက်ရင်း. . .

"တာတာမှတ်ထား မောင်မောင်ထွေး နှစ်မှတ်"

"ဟုတ်"

ဝတုတ်လှမ်းပစ်သည်။ တစ်မှတ်ရသည်။

ဂျူးဂျူးက ကျောက်ဒိုး လှမ်းကောက်သည်။

မိမိမေအောင်က. . .

"သုံးမှတ်ရသွားပြီနော်"

"အေးပါ. . ငါတို့မငြင်းပါဘူး၊ ကဲ. . ခေါင်းဆောင် နင့်အလှည့်"

ဂျူးဂျူးက မျက်စောင်းနှင့် နှုတ်ခမ်းထော်ပြီး လှမ်းအော်





သည်။

မိမိမေအောင်က ဂါဝန်ကိုမ၍ ဟန်ပါပါ လှမ်းလိမ့်သည်။ လိမ့်ခါလိမ့်ခါနှင့် သုံးမှတ်ကျင်းကို ဝင်ချသွားသည်။ သုံးမှတ်ကျင်း။

"ဟေး ခြောက်မှတ်ကွ"

သူတို့အလှည့်ဖြစ်သည်။ သူက ကျောက်ဒိုးလေးကို ဆနေရသည်ကပင် ရင်ခုန်ပျော်ရွှင်သော အရသာရှိနေသည်။

ဂျူးဂျူး အရင်ပစ်သည်။ တစ်ကျင်းမှမဝင်၊ ငိုမဲ့မဲ့ဖြစ်သွား၏။ တာတာက ဥုံတွေဘာတွေ ကလေးလို မန်းမှုတ်နေသေးသည်။ နောက်ဆုံးက လေးမှတ်ကျင်းကို ဝင်သည်။ ဟေးခနဲ အားရပါးရ ထခုန်ပုံက ကလေးလေးတစ်ယောက်၏ ဖြူစင်မှု အပြည့်ဖြစ်သည်။ ချစ်စရာပင်ကောင်းနေ၏။ သူ့အလှည့်ဖြစ်သည်။

သူ သုံးမှတ်ရအောင် နှစ်ကျင်း သို့မဟုတ် တစ်ကျင်းကို ဝင်မှဖြစ်မည်။ အနည်းဆုံး. . သုံးကျင်းကိုဝင်လျှင် နှစ်မှတ်ရမည် သရေဖြစ်မည်။ လက်ထဲဆနေသော ကျောက်ဒိုးသည် ပို၍လေးလာသလို ရှိ၏။ ဤနေရာ၌ သူသာ အမှန်တကယ် ကလေးတစ်ယောက်ဖြစ်နေပါက ဖြစ်ချင်ရာဖြစ် ပစ်ထည့်လိုက်မည်သာ ဖြစ်သည်။ အရှုံး၊ အနိုင်နှင့် သရေပဲရှိသည်။ အနိမ့်ဆုံး ရှုံးတော့ကော ဘာဖြစ်ရဦးမည်နည်း။

ခုတော့ သူက ကလေးဘဝကို လွန်မြောက်ခဲ့ပြီဖြစ်သည်။ ပြိုင်လျှင် နိုင်ချင်သော အတွင်းစိတ်က အကျင့်ပါခဲ့ပြီ ဖြစ်သည်။

(လောဘကြီးတတ်ခဲ့ပြီ။)

ကလေးတွေနဲ့ ဝင်ပြိုင်ပြီး မနိုင်ရင်ဆိုသော အရှက်တရား



www.burmeseclassic.com

www.burmeseclassic.com



က ရှိနေခဲ့ပြီဖြစ်သည်။ ခေါင်းဆောင်ဆိုသော တာဝန်က ပိနေခဲ့ပြီဖြစ်သည်။ ဘေးဘီဝဲယာကို မသိမသာ အကဲခတ်ရသေးသည်။ ပရိသတ်ရှိနေ ကြည့်နေပါက ဟူသော ဖိအားကလည်းရှိသေးသည်။

ကျောက်ဒိုးလေးသည် ပိုလေးလာ၏။ သူချိန်နေတာ ကြာသွား၏။

"ဖြစ်ချင်ရာဖြစ် ပစ်ထည့်လိုက်စမ်းပါ မင်္ဂလာယောက်ဖ. . ဆရာကိုဇင်ရာ"

တာတာ ပြောလာမှ အသက်ဝအောင်ရှူ၍ အကောင်းဆုံးချိန်ဆ ပစ်ချလိုက်သည်။

"တောက်!"

"ဟေး!. . . သုံးမှတ်. ."

"ဒီတစ်ပွဲ တို့နိုင်တယ်ဟေ့. . ခုနစ်မှတ်"

သူသက်ပြင်းချလိုက်နိုင်၏။ နောက်ကျောကနေ အောင်ပွဲခံခုန်တက်လာသော တာတာကြောင့် ဟတ်ထိုးလဲမကျအောင် အတော်ကလေး ထိန်းလိုက်ရလေသည်။

သို့သော်. . နောက်ထပ်ပြိုင်သော နှစ်ပွဲစလုံး သူ တစ်လုံးမှ မဝင်ဘဲ ရှုံးလေ၏။

သည်တွင် ကလေးချင်း ပါးစပ်နှင့် သတ်မှတ်ထားခဲ့ပြီးသော သူတို့ အခြေခံဥပဒေ ဝင်လာလေတော့သည်။ သူတို့၏ စည်းကမ်းဥပဒေသည် သူတို့အချင်းချင်း သဘောထားခံယူ၍. . . မည်သည့် လွှတ်တော်ကမှ အတည်ပြု ပြဋ္ဌာန်းခြင်းမရှိသော်လည်း ခိုင်မာသော ဖွဲ့စည်းပုံနှင့် အသားကျလိုက်နာခဲ့ကြသည်မှာ ကြာပြီဖြစ်သည်။





စာရွက်စာတမ်းမရှိ ပါးစပ်ဥပဒေဖြစ်ချေသည်။ ပြိုင်ပွဲ. . အနိုင်အရှုံး၏ လောင်းကြေးဖြစ်ပါသည်။ ရှုံးသော အငြင်းသန်သော ဂျူးဂျူး၏ ကျောက်ဒိုးသုံးလုံးကို မောင်မောင်ထွေးက အပိုင်သိမ်းယူသွား၏။ တာတာက ဝတုတ်ကို ဆရာဟု သုံးကြိမ်သုံးခါ ခေါ်လိုက်ရ၏။ မိမိမေအောင်အလှည့် ဖြစ်သည်။

"ကုန်းပိုး ဟိုဘက်ဒီဘက် သုံးခေါက်"

"ဗျာ!. . ."

သူ ဗျာခနဲဖြစ်သွားသည်။ မိမိမေအောင်က အသက်အကြီးဆုံး လူကောင်လည်းအထွားဆုံး ဖြစ်သည့်အပြင် မိန်းမလှတစ်ယောက်၏ လာလတ္တံ့သောအလှတွေ စတင်စုဖွဲ့နေသော ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားပြီဖြစ်သည်။

"မိမိရယ်. . ဒီ. . ဒီပြင်ဟာတစ်ခုခု လုပ်ပါဟယ်၊ မုန့်ဖိုးယူမလား"

"မယူဘူး ကုန်းပဲပိုးစီးမယ်"

"ဟာ. . ကုန်းပိုးတာက ကလေးချင်းပိုးတာပဲ၊ တို့က လူကြီးလေ"

"အိုး. . လူကြီးဆို ပိုတောင်ပိုးရသေးတယ်၊ ကိုရီးယားကားတွေထဲမှာ မမြင်ဖူးဘူးလား"

"ညည်းကစကတ်ကြီးနဲ့ဟာ"

"စကတ်လှန်လိုက်မှာပေါ့၊ အောက်မှာ သရီးကွာတား အသားကပ်ဘောင်းဘီပါတာပဲဟာ၊ ကဲ. . ကုန်းပါ. . ဟိုဘက်လှည့်ပါ"

မတတ်နိုင်တော့ပါပြီ။ သူတို့၏ စည်းမျဉ်းဥပဒေသထဲ

www.burmeseclassic.com



ကိုယ်က မအူမလည် "ဝင်စို့" ခေါ်၍ ဝင်သွားခဲ့ပြီကိုး. . ခံပေရော့။ ကျောလှည့် ပေးလိုက်သည်။

အိခနဲ ခုန်တက်ဖက်တွယ်လိုက်၍. . .

"အင့်!. . ."

ခါးပင် နည်းနည်းမြွက်သွားသည်။

ဝတုတ်က လက်ခုပ်တီး၍ စ,အော်သည်။

"♫♩♬♩ ရွှေဘိုမြင်းရယ်လေ. . ခွါသံလျှာသံ. . ပြင်းတယ်လေလေ့. . . ♫♩♬♩"

အားလုံက လိုက်အော်သည်။

"♫♩♬♩ ရွှေဘိုမြင်းရယ်လေ. . ခွါသံလျှာသံ. . ပြင်းတယ်လေလေ့. . . ♫♩♬♩"

သုံးခေါက်ကို မနည်းလှမ်းယူရသည့်အဖြစ်။

အိမ်ပေါ်ထပ်က ပြတင်းတစ်ခုပွင့်နေကြောင်း လှမ်းမြင်ရသည်။ အမှန်က ထိုပြတင်းမှာ ဘယ်သူမှမရှိ။ အိပ်ခန်းမှန်ပြတင်းလိုက်ကာကြားမှ(သူ ကလေးဝိုင်းထဲ ဝင်လာကတည်းက) လှမ်းကြည့်နေသူတစ်ယောက်ကတော့ ရှိနေခဲ့ပါသည်။

ဟုတ်ကဲ့။ ဘယ်သူရှိဦးမည်နည်း ထူးနွဲ့ရီဖြစ်ပါသည်။

ပထမတော့ ဟင်းဆက်နှင့် မှတ်တမ်းတင်ရင်း တခွိခွိရယ်နေမိသေးသော်လည်း အပျိုပေါက်လေး မီမီမေအောင်၏ ဖက်တွယ်ထားမှုက ကလေးဆန်မှုကို နည်းနည်းလွန်ထွက်နေသလားလို့ ထိုသို့စိတ်ထင်လိုက်သောအခါ ပိတ်ထားသော မှန်ပြတင်းကို ချက်ဖြုတ်၍ အနည်းငယ် ဟ,ပြီး ဂျိုင်းခနဲ ပြန်ပိတ်လိုက်မိသည်။





ခဏအကြာ သူမ အောက်ဆင်းလာသောအခါ မေမေနှင့် ဧည့်ခန်းတွင် စကားပြောနေကြသည်ကို မြင်ရသည်။ သူမကို သူနေရာက လှမ်းမမြင်ရ။ သူမနေရာကနေ ဘာပြောနေမှန်းလည်း မကြားရပါ။ သူပြန်သွားမှ မေမေ့ဆီက သိရသည်။

သူ့အစ်မဝမ်းကွဲရောက်နေ၍ မိန်းမဖော်နှင့် အိမ်အကူတစ်ယောက် သည်ည၌တွင်ပင် အရေးပေါ်လိုအပ်ကြောင်း အကူအညီလာတောင်းခြင်း ဖြစ်သည်တဲ့။ မေမေက အပျိုကြီးမခင်ဝိုင်းကို ခဏနေ လွှတ်ပေးလိုက်မည်တဲ့။

အဲ့. . . အစ်မဝမ်းကွဲ. . တဲ့။

'တော်ပါသေးရဲ့'ဟု နှုတ်ကယောင်၍ ထွက်သွား၏။

မေမေက သူမကို ခပ်ကြောင်ကြောင်လှမ်းကြည့်သည်လေ။

ဟင်း. . ဟင်း. . ရွှေဘိုမြင်းကြီး ။ ။





www.burmeseclassic.com

www.burmeseclassic.com

♣ အခြောက်အလှန့်နဲ့ နေရတဲ့ကလေးဟာ
ကြောက်ရွံ့ခြင်းကို တတ်မြောက်တယ်...၊
အကဲ့အရဲ့နဲ့ နေရတဲ့ကလေးဟာ
စိတ်ချဉ်ပေါက်ခြင်းကို တတ်မြောက်တယ်...၊
(ရော်နယ်ရပ်ဆဲလ်)

♣ ဒေဝေါကြီးနဲ့ နေခဲ့ရတဲ့
ကျွန်တော်ကျတော့ ...
လေပေါကြီးတွေကိုလည်း ကြောက်တယ်...၊
မှောင်မှောင်ကြီးထဲ နေခဲ့ရတော့...
ဂောင်ဂောင်ကြီးတွေကိုလည်း ကြောက်တယ်...၊
သဘောပေါက်ပေးပါ၊ ၊







# အခန်း (၅)

"ဟယ်!. . မမဝိုင်းတော့"

စားလက်စမုန့်ဟင်းခါးပန်းကန်ကို ခုံပေါ် ချ၍ ဆိုင်ရှေ့ထွက်ပြီး လှမ်းခေါ်သည်။ မခင်ဝိုင်းက မကြား။ ဈေးထဲ လူစည်ကားချိန်လည်း ဖြစ်နေသည်။ လူကြားထဲ လေးငါးဆယ်လှမ်းတိုးဝင်၍ မခင်ဝိုင်းနောက် လိုက်ကြည့်သည်။ ငါးတန်းဘက် ဝင်သွားသည်ကို လှမ်းမြင်ရသည်။ နှစ်ညနှင့် နှစ်ရက်ရှိပြီ မခင်ဝိုင်းနှင့်သူမ အဆက်အသွယ် ပြတ်ခဲ့သည်လေ။ သတင်းခေတ်မို့. . တစ်မိနစ်နှေးတာကျလို့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူးမှတ်လား။ သူမအမြင်ကနေ မခင်ဝိုင်းပျောက်သွားသည်။ ဈေးဝယ်တွေကြား လွှားခနဲ တိုးဝင်ရပြန်သည်။

"ဘေးကို. . . ဘေးကို. . ."

အရေးထဲ ငါးစည်ကြီး တစ်နင့်တစ်ပိုးနှင့် ကုန်ထမ်းသမားကြီးက အော်၍ နောက်ကဝင်လာသည်။ လွတ်အောင်အရှောင်၌ ယိုင်၍လဲကျသည်။ ဘေးဆိုင်က. . . ငရုတ်သီးအပွပန်းထဲ လက်ထောက်၍လဲကျသည်။ ကုန်းကွကွကြီး ဖြစ်ကျန်ရစ်ပြီးမှ တောင်းပန်၍ ဆက်လိုက်ရသည်။ ခေါင်းမှာပန်းတွေနဲ့ပါ ဘယ်ရောက်သွားလဲ. . ။ ငါးကြင်းရွေးနေသော မခင်ဝိုင်းကိုတွေ့မှ စိတ်အေးရတော့သည်။

"ဟိတ်!. . မမဝိုင်း"

"ဟယ်. . ညီမလေး ထူးနွဲ့ရီ၊ အတော်ပဲ. . အတော်ပဲ. . ပြောစရာရှိတယ်"

ငါးချိန်ပြီး အကြေးလှန်နေပြီဖြစ်သည်။ တုံးတစ်ခိုင်းထားသည်။

"နေတော့. . နေတော့ အိမ်ကျမှလုပ်တော့မယ်. . ထည့်၊ ဒီမယ် ပိုက်ဆံ"

နှစ်ယောက်သား ဈေးထောင့်က လက်ဖက်ရည်ဆိုင်ဆီ ချီတက်ခဲ့ကြသည်။ ခုံလွတ်တစ်ခုတွင် အူယားဖါးယား ဝင်ထိုင်ကြသည်။ ထိုင်ထိုင်ချင်း ရောက်လာသော စားပွဲထိုးလေးအား မခင်ဝိုင်းက. . .

"အေး. . . ကြိုက်တာဖျော် နှစ်ခွက်"





"ကော်ဖီလား လက်ဖက်ရည်လား ခင်ဗျ"

"ဘာဖြစ်ဖြစ်ဟယ်"

"ဘာဒီ ကော်ဖီနှစ်ခွက်လုပ်လိုက်"

"နို့စိမ်းပေါက်ဦးမလား မမ"

"အေး. . ပေါက်လိုက်ဟယ်"

မှာကြားနေပုံကို ဘေးဝိုင်းတွေက ဝိုင်းကြည့်နေကြ၍ မခင်ဝိုင်းက ခုံဆွဲ ထူးနွဲ့ရီနား တိုးကပ်လိုက်သေးသည်။ မြောက်ကိုရီးယားက အမေရိကန်ကို တာဝေးပစ်ဒုံးပျံနဲ့ လှမ်းပစ်ပြီထင်တယ်ဟု ကျိစယ်သူကိုလည်း မခင်ဝိုင်းက မျက်စောင်းနှင့် လှမ်းပစ်လိုက်သေးသည်။

ပြီးမှ နှစ်ကိုယ်ကြား. . .

"ငါက ဒေါက်တာဇင်လေးအိမ်မှာ ဧည့်သည်ရောက်နေတာ သိပြီးပြီ ညီမလေးရဲ့"

"အွန်. . ဘယ်လိုသိတာလဲ"

"အဲ့ဒီ မနက်က. . နဝရတ်မှာဖြစ်တာတွေ. . တူးမာက နေ့ခင်းဈေးထဲ လက်ဖက်ခြောက်လာဝယ်ရင်း အကုန်လုံး ပြောပြသွားတယ်လေ"

"တူးမာဆိုတာက ဘယ်သူလဲ"

"နဝရတ်က ရွှေကြိုကောင်မလေးလေ"

"ဩော်. . သိပြီ ဝဝလုလု သဘောကောင်းလေး"

"တူးမာကို အိမ်သာလိုက်ပို့ခိုင်းတယ်တဲ့"

တူးမာက အများသုံးအိမ်သာမပို့ဘဲ အိမ်ထဲကရှယ်အိမ်သာ ဖွင့်ပေးလိုက်တာ အလှပြင်ရင်း မေးသမျှဖြေတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . သာတော်တယ်တဲ့လဲဟင်. . တူးမာက မမေးဘူးလား"

"ဒါ အဓိကအချက်ပဲဟဲ့. . မေးတာပေါ့"

"ဘာတော်တယ်တဲ့လဲ. . ဟင်"

"မောင်. . တဲ့"

"အွန်!. . . မောင်ဆိုတာက တစ်မျိုးရှိသေးတယ်လေ၊ သူကိုယ်တိုင် မေမေ့ကိုပြောတော့ အစ်မဝမ်းကွဲတဲ့ မမဝိုင်းက အနီးကပ်နေတာ နှစ်ညနဲ့နှစ်ရက်ရှိပြီပဲ သူတို့ဘယ်လိုနေကြ ထိုင်ကြလဲ"

"အဲ့ဒါကိုပြောမလို့ပေါ့ တူးနွဲ့ရီမရဲ့ ညည်းချည်းပြောနေ"

"အင်း. . . ပြောပါဦး"

"အန်တီကြည်က ဒီလိုဒီအကြောင်းရှိတယ် အကူအညီသွားပေးလိုက်ပါလို့ လာပြောတော့ ငါလည်းစပ်စုချင်တာနဲ့ အတော်ပဲဖြစ်သွားတာပေါ့ဟယ်၊ အန်တီကြည်ကိုယ်တိုင် လိုက်ပို့တယ်လေ"

"မေမေနဲ့ မခင်ဝိုင်း သူ့အိမ်ရောက်သွားတော့ သူတို့ဘာလုပ်နေလဲဟင်"

"တံခါးဖွင့်ထားတယ် ဧည့်ခန်းမှာထိုင်ပြီး စကားပြောနေကြတယ် နားစွန်နားဖျားကြားလိုက်တာက. . . ဒေါက်တာဇင်လေးကိုချာတိတ်တစ်ယောက်က လူကြားထဲ ယောက်ဖလို့ အကျယ်ကြီးလှမ်းအော်နှုတ်ဆက်တယ်ဆိုလား၊ အဲ့ဒီ မော်လီမော်က ရယ်ပြီးပြောနေပေမယ့် ဆရာလေးက ခပ်တည်တည်ပဲ နားထောင်နေပြီး. . ဟာ! အန်တီကြည်ကြည်ဆိုပြီး ထ,လာတယ်. . သိလား"

မောင်းကွဲ မဝိုင်းကို သူမဖြစ်အင် ပြောလို့မဖြစ်၍ အောင့်





အည်းပြီး ပြန်မျိုချထားလိုက်ရသည်။

"မိတ်ဆက်ပေးတော့ ကျွန်တော့်အစ်မတဲ့ အင်္ဂလန် ဘာ. . ဆေးရုံဆိုလား၊ အဲ့ဒီက ဆေးပညာရှင်တဲ့၊ ရန်ကုန်မှာ ဆေးရုံလာဖွင့်ဖို့ဆိုလား. . ရွှေ့ပြောင်းအဖွဲ့နဲ့ပါလာတာတဲ့၊ ခြောက်လလောက်ရှိပြီတဲ့၊ အစီရင်ခံစာ အသေးစိတ်ရေးဖို့ ကျန်ခဲ့တာတဲ့"

"ဒီမှာ ဘယ်လောက်ကြာဦးမှာတဲ့လဲ"

"အဲ့ဒါတော့ မသိဘူးလေဟယ် မေးလို့ဘယ်ကောင်းမလဲ၊ ငါ့အထင်တော့ အေးအေးဆေးဆေးပုံပါပဲ"

"ဘယ်. . ဘယ်လို အိပ်ကြသလဲဟင်"

"အဲ့ဒီ မော်လီမော်နဲ့ ငါက နှစ်ယောက်အိပ်ခန်းပေါ့၊ ဆရာလေးက သူ့အခန်းနဲ့သူ အိပ်တာပဲ၊ ဘိုတော့ လွတ်ဆန်တယ်အေရယ်. . ရေချိုးခန်းထဲက ပဝါကြီးပတ်ထွက်လာပြီး အပေါ်ပိုင်းဗလာနဲ့ ထိုင်အလှပြင်တာ မမြင်ချင်အဆုံးပဲ၊

စီးကရက်သောက်တယ်. . ဝိုင်သောက်တယ်၊ ထမင်းအိုးတောင် ပေါင်းအိုးနဲ့ပဲ ချက်တတ်တယ်၊ ဘာဟင်းမှ မချက်တတ်ဘူးတဲ့၊ ငါ့ကို ငွေတစ်သိန်းပေးထားတယ်၊ မောင်မောင် ဘာစားမလဲမေးပြီး သူကြိုက်တာချက်ပေးပါတဲ့၊ မောင်မောင်. . မောင်မောင်နဲ့. . တစ်မောင်ထဲ မောင်နေတော့တာပဲ၊ မနေ့ကပဲ အဝတ်လျှော်စက်နဲ့ရေခဲသေတ္တာ မြို့ကြီးတက်ဝယ်တယ်၊ အိမ်ကိုတော့ ရှယ်ကို သ,တတ်တယ်တော့၊ ဖြစ်သလိုနေတဲ့ ဆရာလေးကိုလည်း တဗျစ်တောက်တောက် ပြောနေတော့တာပဲ"

လာချထားသော ကော်ဖီကိုခေါက်မွှေ၍ သူမက မဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဘက် တစ်ခွက်ချပေးသည်။ သူမအတွက် သတင်းထူးက ဘာတစ်ခုမှ မရရှိသေး။ မခင်ဝိုင်းမှတ်သောက်၍ ခဏနားနေစဉ်. . .

အင်း. . ငါတောင် သူဘာတွေချက်ပြီး ထမင်းချိုင့်ဘယ်လို ထည့် ဘယ်သူတွေနဲ့စားလဲ တွေးမိသေးတာပဲ၊ ဟိုက အစ်မ. . နေပါဦး. . . အစ်မဆိုတာကကော ဟုတ်ရဲ့လား. . .။

"ခွပ်!. . ဂျလပ်!. ."

ကော်ဖီခွက်ပြန်ချသံက ကျယ်လောင်လှသည်ထင်သည်။

"ဟမလေး. . မမော်သုံးတဲ့ပစ္စည်းတွေက အပျံစားတွေချည်းပဲတော့၊ တစ်ကိုယ်လုံးလီမ်းတဲ့ လိုးရှင်းတွေ၊ အကြိုအကြား သန့်စင်တာတွေ ငါဖြင့်ငေးယူရတယ်၊ အောက်ခံအဝတ်အစားကအစ ဒိုင်ယာနာသုံးတဲ့ ဘရင်းတဲ့၊ နေပါဦး. . ဘာလဲဟဲ့ ဘရင်းဆိုတာ သူပြောတာ ငါနားမလည်ဘူး"

"တံဆိပ်. . ကုမ္ပဏီတံဆိပ်၊ အကောင်းစားတံဆိပ်မှ သုံးတယ်လို့ ပြောတာ"

"အေးပေါ့. . ဘိလပ်ပြန်ပဲလေ၊ ဘိလပ်က ပါလာတာတွေနေမှာပေါ့"

အင်္ဂလန်ကို ဘိလပ်ဟုပင်ခေါ်နေသေးသော မဝိုင်း၏ ပညာအရည်အချင်းကလည်း ခေသူမဟုတ်ထဲကဖြစ်သည်။ ဘ/က လေးတန်းအောင်ပြီး အောင်အောင်ချင်း ဘွဲ့ရသည်။ မနုစာရီဆိုလား။ ဉာဏစာရီဆိုလား။ သီလရှင် တစ်နှစ်ဝတ်သေးဆိုပဲ။

"နေပါဦး အရေးကြီးတာမေးမလို့၊ ဆ. . ဆရာလေး ကိုဇင်ကကော သူ့အပေါ်. . ဘယ်. . ဘယ်လို ဆက်ဆံလဲဟင်၊ မမဝိုင်း





အကဲခတ်မိသလောက်ပေါ့. . တို့အစ်မက ဒါမျိုးနပ်ပါတယ်"

အီကြာကွေးကို နှစ်ခြမ်းဖြဲ၍ ကော်ဖီထဲစိမ်ရင်း. . .

"အဲ. . ဒေါက်တာဇင်လေးကတော့ ရေလိုက်ငါးလိုက်ပါပဲ၊ ညှော့သည်ဆိုတော့ ဦးစားပေး အလိုလိုက်ရတဲ့ပုံမျိုးပဲ၊ တစ်ခါတစ်ခါ တော့ ကွက်ခနဲ မျက်နှာပျက်သွားတာမျိုး ရှိတယ်"

"ဘယ်. . ဘယ်လို. . တစ်ခါ. . တစ်ခါလဲဟင်"

"ဘယ်လို ပြောမလဲဟယ်၊ အဲ. . အိပ်ခန်းနဲ့ ရေချိုးခန်းက တွဲထားတာ မှတ်ဘူးလေ၊ ပဝါကြီးပတ်ပြီး မလုံတလုံနဲ့ ရေချိုးခန်းထဲက ထွက်လာရင် အိပ်ခန်းထဲတန်းဝင်ပေါ့၊ အဝတ်ဝတ်ပေါ့၊ ခုတော့ မှတ်ဘူး တစ်အိမ်လုံးလျှောက်သွားနေတာမျိုးပေါ့၊ အဲ့သမှာ ကွက်ခနဲ ဖြစ်တာပဲ၊ အံမယ်. . မျက်နှာကဲလည်း ခတ်တတ်ပ၊ 'မော့င်မောင် ဘာဖြစ်လို့လဲ'. . လို့ ပဝါလွှားရင်း ပြန်မေးတယ်လေ၊

'ဟိုမှာ အစ်မဝိုင်း ရှိတယ်လေ'တဲ့ ဘာပြန်ပြောတယ် ထင်လဲ. .၊ 'အို မိန်းမချင်းပဲ မမဝိုင်းက တို့ကိုအားလုံးမြင်ဖူးပြီးပြီ'တဲ့. .၊ ငါလေ မျက်နှာပူပြီး သူတို့နားက ရှောင်ကိုပြေးယူရတယ်"

ပျော့တွဲနေသောအီကြာကွေးကို ပါးစပ်ထဲ ပလုတ်ပလောင်း ထည့်ဝါးသည်။ ကော်ဖီနှင့်မျိုချရင်း . . .

"ရှိသေးတယ်ဟဲ့. . ငါ ထပြေးရတာ"

"ဘာလဲဟင်. . ဘာလဲ"

"မနေ့ညဉ့်ကလေ သုံးယောက်သား ခွေတစ်ခွေ ထိုင်ကြည့် ဖြစ်တယ်၊ မမော်ယူလာတဲ့အခွေ၊ လေဒီချပ်တာလေဆိုလား၊ ငါက လည်း အင်္ဂလိပ်အခွေကြိုက်တယ်လေ၊ ဗမာစာတန်းမပါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မမော်က ငါ့ကို ဘာသာပြန်ပြောရင်း ကြည့်နေကြတာ၊ ကောင်းတယ်ဟဲ့ စစ်ပြန်မြို့စားကြီးက အောက်ပိုင်းသေနေတယ်၊ ဘီးတပ်ကုလားထိုင်နဲ့နေရတာ သူ့မိန်းမက အရမ်းလှတယ်သိလား၊

ဥယျာဉ်မှူးမုတ်ဆိတ်ကြီးနဲ့ အဲ့ဒီကောင်မက ကြိုက်နေတာလေ၊ အဲ့ဒီကြိုက်ခန်း ပါလာတာပေါ့ဟယ်၊ လမုက မမော်ကိုင်ထားတာ၊ ဇင်လေးက 'မမ ကျော်လေဗျာ' တဲ့၊ ငါကတော့ ခေါင်းငုံ့လိုက်ချောင်းကြည့်လိုက်ပေါ့ဟယ်၊ မမော်က မကျော်ဘူး၊ ပြန်ပြောပုံကခပ်သင်းသင်းဟဲ့. . . ဘာတဲ့. . ၊

'အဲ့ဒါကောင်းခန်းလေ မောင်မောင်ရဲ့၊ ဒါဂန္ထဝင်ကားပဲဥစ္စာ'တဲ့၊ ငါ. . ထမပြေးဘဲ ဘယ်လိုဆက်ထိုင်နေမလဲ၊ ကြည့်လိုက်တော့ မုတ်ဆိတ်က ပွဲကြမ်းနေပြီ"

ပြောပုံကြောင့် ကော်ဖီသီးပြီး ဖူးခနဲ ထွက်သွား၏။

"အဟမ်း!. . အဟွတ်!. . "

ပါးစပ်ကို လက်နှင့်အုပ်ရင်း. . .

"အဟွတ်!. . . အဟမ်း!. . . ဟယ်!. . . ကန်တော့. . အဟွတ်!. . . "

မခင်ဝိုင်းမျက်နှာကိုပင် တစ်ခြမ်းစင်သွားသေး၏။

စားပွဲပေါ်က(အိမ်သာသုံးစက္ကူပန်းရောင်) တစ်သျှူးနှင့်မခင်ဝိုင်းမျက်နှာကို လှမ်းသုတ်ပေးရင်း အဟွတ်. . အဟမ်း. . ဆက်လုပ်နေရသည်။ သူမပါးစပ်ထဲက ကော်ဖီတချို့က ချထားသော ဈေးခြင်းထဲ ကျကုန်၏။

မခင်ဝိုင်းက ဈေးခြင်းကိုမြင်မှ. . .





"ဟယ်! ငါနောက်ကျနေပြီ၊ မမော် ဒီနေ့ ဆေးရုံကို ထမင်းချိုင့်သွားပို့ရင်း လေ့လာမယ်ပြောထားတာ ချက်ရပြုတ်ရဦးမယ်၊ မဖြစ်ဘူးပြန်မှ ငါနေ့ခင်း အိမ်လာခဲ့မယ်ဟယ်. . ဒီမှာရှင်းမယ်ဟေ့"

"နေ. . နေ. . ထူး ရှင်းလိုက်. . ဟယ်!"

ခုမှသတိရခြင်းဖြစ်သည်။ ပိုက်ဆံအိတ်. . . ။

"အဲတော့. . မုန့်ဟင်းခါးဆိုင်မှာ ဈေးခြင်းနဲ့ ပိုက်ဆံအိတ်"

သူမက ထ၍ခြေလှမ်းအထုတ်. . လက်လှမ်းဆွဲပြီး. . မခင်ဝိုင်းက. . .

"နေပါဦး ငါမေးပါဦးမယ်၊ ဒီလောက်ပျာယာခတ်နေတာ ညည်းနဲ့ ဒေါက်တာဇင်လေး ကြိုက်နေကြပလား. . ဟင်"

ပြန်မဖြေအား. . ဈေးခြင်းနှင့် သောင်းချီထည့်ထားသောပိုက်ဆံအိတ်ကို ရင်ပူနေသည့်ကြားက လက်နှင့်မျက်နှာက သိသိသာသာ ပူလာ၍ဖြစ်သည်။

"ဟဲ့. . ထူးနွဲ့ရီမ ငါမေးနေတာဖြေလေ"

"နေ. . နေပါဦး မမဝိုင်း၊ ဟမလေး. . မျက်နှာပူလိုက်တာ"

"နင်က ဘယ်သူ့ကို မျက်နှာပူနေရတာလဲ"

တကယ်ပင် မခံမရပ်နိုင်အောင် စပ်ပူစပ်လောင် ဖြစ်လာ၍ဘာဖြစ်မှန်းမသိဘဲ ရပ်စဉ်းစားနေစဉ် ဖြတ်သွားသော အသံက. .

"ဘေးကို. . ဘေးကို. . ဒီမယ် အလေးကြီးနဲ့ဗျို့"

"ဟဲ့. . ဘယ်သူ့ကို မျက်နှာပူတာလဲဆို"

"ငါးစည်. . ငါးစည်နဲ့ ဦးလေးကြီး"

"အွန်!. . . ဘာဖြစ်လို့လဲဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



ငရုတ်သီးဗန်းထဲ လက်ထောက်ပြီး မျက်နှာတွေလျှောက်ကိုင်ထားမိခဲ့သည်လေ။ မဝိုင်းလက်ကိုရှန်း၍ ဆိုင်နောက်ဖေး ပြေးဝင်ရတော့သည်။

"ရေ. . . ရေ. . . ရေ. . ."

သူတို့မြို့လေး၏ ကွမ်းထောင်ကိုင်အလှပဂေးလေး ဖြစ်ပျက်နေပုံအလုံးစုံကို ဆိုင်ထဲဆိုင်ပြင် လူအကုန် အံ့ကြည့်နေခဲ့ကြသောဟူ၏။

(ဘေးဝိုင်းက အစအဆုံး ကြားနေမြင်နေရသော နှုတ်ခမ်းမွေးကိုအောင်ဒင်ကြီးက. . နောက်အခါ ဆရာလေးဇင်ဇော်သူကို အရင်းအတိုင်း ဖောက်သည်ပြန်ချခဲ့လေသည်။ ထိုနှုတ်ခမ်းမွေးကြီးက မခင်ဝိုင်းကို ကျိတ်ပိုးနေခဲ့သည်လေ။ ။)







# အခန်း (၆)

"ဆရာလေးက လူပျိုလား"

"ဗျာ!. . ဟုတ်ကဲ့"

ဘွားမှုန်က သူသိချင်သောမေးခွန်းကို အဘွားကြီးပီပီ မေးခြင်းဖြစ်သော်လည်း ထူးနွဲ့ရီရှေ့တွင်မို့ သူ ဗျာခနဲဖြစ်ပြီး ဟုတ်ကဲ့လိုက်ခြင်းဖြစ်သည်။

"အဘွားမျက်စိထဲ မြင်နေတာကို ပြောရမလား ဆရာလေး"

"အဘွားက ဘာတွေမြင်လို့လဲ. . ပြောပါ အဘွား"



www.burmeseclassic.com

www.burmeseclassic.com



နဂိုကပင် သက်ကြားရှယ်အိုတွေကို သူကချစ်တတ်သည်လေ. . ဘွားမှုန်က သူငယ်ပြန်ချင်ချင်အရွယ်. . ။ ချစ်စရာလည်းကောင်းသည်။ အမြဲတန်း ဖွေးနေသန့်စင်နေပြီး နံ့သာဖြူနံ့ စစ်စစ်လေးသင်းမွှေးနေတတ်သည်။ ကွမ်းမစား၊ ဆေးလိပ်မသောက်၍လည်း ဖြူဖွေးနေသည့် သွားတန်းညီညီလေးတွေ လက်ခနဲနေအောင် ပြုံးပြီးမှ စကားပြောလေ့ရှိသည်။ ခုလည်းဆေးပြွန်နှင့်အပ်ကို စနစ်တကျသိမ်းဆည်းနေသောသူ့ကို ပြုံးကြည့်ရင်း သူပြောမည့်စကားကို စဉ်းစားနေပုံရသည်။ သူက ဘွားမှုန်ပြောဖြစ်ရန် စကားလမ်းကြောင်းပေးသောအားဖြင့်. . .

“အဘွားက ဘာတွေမြင်နေတာလဲ”

“ဪ. . . သတိရပြီ၊ အဘွားက မြေးမလေး ထူးနွဲ့ရီမကြောင့် သန့်သန့်ပြန့်ပြန့်နေရတယ်၊ ဒီကဆရာလေးကြောင့် ကျန်းကျန်းမာမာ နေရတယ်ဆိုတော့၊ အဘွားမျက်စိထဲမှာ နတ်ဖက်တဲ့စုံတွဲလေးလို့ ခဏခဏ မြင်နေရတယ်”

“အို. . အဘွား. . ဘာတွေလျှောက်ပြောနေတာလဲ”

ရဲခနဲ မျက်နှာလေးနှင့် ထူးနွဲ့ရီ ဟန်ချက်ပျက်သွားသည်။ ထပြေးရမလို ဆက်ထိုင်ရမလို ဖြစ်နေသည်။ သူ အားတုံ့အားနာဖြစ်သွားသော်လည်း ရင်ထဲကို ကျေနပ်မှုတစ်ခု တိုးဝင်လာသည်မို့ ရယ်ကျဲကျဲ ဖြစ်သွားသည်။ ထူးနွဲ့ရီက ရှက်ကိုးရှက်ကန်း လှမ်းကြည့်ရင်း ခပ်တိုးတိုး. . အဲ. . ခပ်ငေါက်ငေါက် လှမ်းပြောသည်။

“သူက ဘာရယ်နေတာလဲ”

လေးစားနေရသော ဆရာဝန်နှင့် လူနာရှင်ဆက်ဆံရေးကို





ဖျတ်ခနဲကျော်လွန်သွားပြီး လူပိုလေးနှင့်လူမလေးတို့၏ အဖြူထည်ဆက်ဆံရေးလေး ထိုအခိုက်၌ ဘွားခနဲပေါ်သွားသည်။ ထူးနွဲ့ရီ၏ရန်စွယ်ငေါ်နေသည့် ချစ်စဖွယ် အမူအရာလေးကို သူမမေ့တော့ပေ။

ဘွားမှုန်က. . .

“အဘွားက မြင်နေရတာပြောဆိုလို့ ပြောတာလေ၊ အဖွားပြောရင် မှန်တတ်တယ်”

အခန်းထောင့်တွင် ဂိမ်းနှိပ်နေသော တာတာက နားစွန်နားဖျား ကြားသွားပုံရသည်။ ဂိမ်းပစ်ချ၍ ထလာသည်။ ဘွားမှုန်ကိုဖက်ရင်း. . .

“အဘွား နတ်ဖွက်တတ်တယ်လို့ သားကိုပြောဖူးတယ်၊ နတ်က ဖွက်လည်းဖွက်တယ်၊ ဖက်လည်းဖက်တယ်လား. . နတ်ဖက်တဲ့အတွဲဆိုတာ ဘာလဲဟင်”

ဇာတ်လမ်းက အလိုလိုဆက်လာပြန်သည်။ သူက ဘွားမှုန်ကို အွန်ရမည့်အားဆေးတွေကို ခပ်ဖြည်းဖြည်း ရွေးနေသည်။ ဒီနေ့ဆေးရုံကလည်း ဂျူတီမရှိ၍ အေးဆေးနေသည်။

“နတ်ဖက်တဲ့အတွဲဆိုတာက. . ဟိုး. . နတ်ပြည်က နတ်တွေ၊ သကြားတွေက လူ့ပြည်ကိုငုံ့ကြည့်ပြီး ဒီကောင်လေးနဲ့ ကောင်မလေးဟာ. . ချောတယ် ရှယ်တူလည်းဖြစ်တယ်၊ ရှေးဘဝေဘဝက ဖူးစာလည်း ပါတယ်ဆိုတာကိုသိလို့ နီးစပ်သွားအောင် တွဲဖက်ပေးလိုက်တာကိုပြောတာ သားလေးရဲ့”

လူကြီးသူမ ဘွားမှုန်၏ ဆိုဆုံးမစကားကို တရိုတသေနားထောင်လေ့ရှိသော အကျင့်က. . ဖေဖေ မေမေတို့ဆီမှနေ၍ သူမ



www.burmeseclassic.com

www.burmeseclassic.com



ဆီ တာတာဆီလည်း ကူးစက်ခဲ့ပြီဖြစ်သည်။ သည်မိသားစု၏ အစဉ်အလာ ဖြစ်ခဲ့ပြီ။ တာတာက မျက်မှောင်ကုတ်၍ စဉ်းစားနေသည်။

"နေပါဦး အဘွား၊ နီးစပ်သွားအောင် တွဲဖက်ပေးလိုက်တယ်ဆိုတာက ဘာလဲဟင်"

"သားကငယ်သေးတယ်၊ ကြီးလာမှ . . ဘွားမှုန် ရှင်းပြမယ်နော်"

"အွန်!. . သားကို မင်း လူကြီးဖြစ်လာပြီလို့ အားလုံးက ဝိုင်းပြောနေတဲ့ ဟာပဲဟာကို"

ထူးနွဲ့ရီ Dr.ဇင်ဇော်သူရှေ့ပေမယ့် မနေသာပါပြီ။

"မောင်လေး မင်းက ကလေးစိတ်ပဲရှိသေးတာလေ၊ လူကြီးတစ်ယောက်ကို ဘယ်သိဦးမှာလဲ"

"သိအောင်သင်ပေးပေါ့၊ သင်ပေးရင် သားအကုန်လုပ်တတ်တာပဲ၊ ဖေဖေကလည်း လိုချင်တာပဲ ဝယ်ပေးတယ်၊ ဘာမှလည်း မသင်ပေးဘူး၊ ဘွားမှုန်ရယ် မေမေရယ် မမရယ်ကလည်း သားကို ကလေးလို့ပဲ အမြဲပြောပြောနေတယ်"

သူ ဤလူငယ်လေး၏ အိုင်ကျူကို ကစားဝိုင်းမှ အကဲခတ်ခဲ့ပြီးဖြစ်သည်။ ယခု သူ့အိမ်တွင်း ဆက်ဆံရေးအခြေအနေကို လှမ်းမြင်လိုက်ရသည်။ ဤကလေး၏ စိတ်မြင့်တင်ရေး အခြေအနေသည် သူကြိုးစားချင်လာအောင် ရောင်နီပေါ်လာလေပြီ. . .။

သူအားဆေးများ ထူးနွဲ့ရီကို ပေးသည်။ လိုအပ်သလို ညွှန်ကြားသည်။ အဘွားနှင့်တာတာကို သူနှုတ်ဆက်သည်။ ထူးနွဲ့ရီက သူ့ဆေးအိတ်ကို လှမ်းယူရင်း စာအိတ်ညိုနှင့် အသင့်ထည့်ထားသော





ဆေးဖိုးဝါးခကို အပြင်အိတ်ထဲထည့်သည်။ ဘေးချင်းမသိမသာ ယှဉ်လျှောက်လျှောက်ရင်း လှေကားဆီအသွား တာတာ့အသံက နောက်ကလိုက်လာသည်။

"ဟုတ်တယ်နော် အဘွား. . နတ်ဖက်တွဲစုံတွဲပဲ လူချင်းကတော့ မဖက်ဘူး"

သူမက ဇတ်ခနဲ လှည့်ငေါက်သည်။

"တာတာ ဘာတွေလျှောက်ပြောနေတာလဲ"

သူက လှေကားထစ်ကို ခြေချရင်း ဟက်ခနဲပင် အသံထွက်ရယ်မိပြန်သည်။

"ကြည့်. . ရယ်ပြန်ပြီ"

ဘာမှပြန်မပြောဘဲ လှေကားရင်းထိ သူခပ်အုပ်ရယ်ရင်း. . ဆင်းသွားမိသည်။

"ပြုံးတယ် ရယ်တယ်ဆိုတာ သတ္တဝါထဲမှာ လူပဲလုပ်တတ်တာလေ၊ လူတောင်မှ စိတ်နှလုံးကြည်နူးပြုံးပျော်နေမှ ရယ်လို့ရတာလေ"

"သူများက ရှက်နေရတဲ့အထဲ ပိုရှက်အောင်သူက ရယ်နေတယ်"

လှေကားရင်းတွင် သူမကစုံရပ်၍ ပြောခြင်းဖြစ်သည်။

"ကျွန်တော်ရှင်းပြမယ်နော်၊ ဘွားမှုန်က သူငယ်ပြန်တဲ့အရွယ်. . တာတာက လူကြီးမဖြစ်သေးဘူး၊ သူတို့အတွေးတွေ သူတို့စကားတွေက သဘာဝကျကျ ဖြူစင်သန့်ရှင်းနေတယ်၊ ရိုးသားပွင့်လင်းနေတယ်၊ အပြစ်မှမရှိတာ၊ အပြစ်ရှိတာက ကျွန်တော်တို့လူကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေပဲ၊

ရိုးရာအစဉ်အလာတို့၊ ကိုယ်ကျင့်သိက္ခာတို့၊ စောင့်ထိန်းအပ်သော ဆိုတာတွေနဲ့ ကိုယ့်ကိုယ်ကိုယ် စည်းခတ်ပစ်လိုက်ပြီး အမှန်ကို မပြောရဲတော့ဘူး . . ရှက်လာတယ်၊ ရိုးသားပွင့်လင်းမှုကို ဖုံးထားမိကြတယ်၊ သိုးဆောင်းစကားတစ်ခုကို ကြားဖူးတယ်မှုတ်လား . . ၊ လာပါ ခြံထဲက ခုံတန်းလျားမှာ ခဏထိုင်ရအောင်”

လေအေးလေးနှင့် ချိုချိုသာသာပြောနေသော သူ့စကားများက ပညာတတ်ဆန်သည်။ အကျိုးအကြောင်း ဆီလျော်နေသည်။ နားထောင်လို့လည်း ကောင်းသည်လေ။ သူမ ရှက်နေတာတွေ ပြေလျော့သွားသည်။ အိမ်ထဲက အလိုလို လျှောက်ထွက်လာမိသည်။ ခရေပင်ကြီးအောက်က ခုံတန်းလေးတွင် ဆေးအိတ်ခြား၍ ထိုင်ဖြစ်ကြသည်။

“ပြောပါဦး သိုးဆောင်းစကားပုံ”

“ရိုးရိုးစင်းစင်းပါပဲ ‘ကလေးတွေဟာ ဘယ်တော့မှ မမှားဘူး၊ မှားတာက လူကြီးတွေ’ . . တဲ့”

ရှစ်နာရီခန့်ရှိပြီမို့ နှင်းကွဲစ မနက်ခင်းအပြာနုထဲ နေခြည်ဝါရွှေရောင်တွေ ဖောက်ဝင်ကျဆင်းလာပုံက လှနေသည်။

နှစ်ယောက်စလုံး မနက်ခင်းအလှကို ပြိုင်တူခံစားမိကြသည်။ ငေးနေသော ဆရာဝန်လေးမျက်နှာကို သူမဘေးတိုက် ငေးကြည့်လိုက်မိသည်။ ခပ်တိုတိုဘိုကေဆံပင်က သူ့နုနယ်သော မျက်နှာကို ရင့်ကျက်အောင် ဖျက်ထားသည် ထင်သည်။ မျက်ခုံးက နက်မှောင်နေပြီး ဖျော့ဖွေးသော အသားဝင်းဝင်းကြောင့် ထင်းနေ၏။





အွန်!. . . ယောက်ျားဖြစ်ပြီး မျက်တောင်တွေက ရှည်လိုက်တာ. . ။

“ကျွန်တော် တိုင်ပင်စရာရှိလို့ ထိုင်တာပါ”

“ရှန်!. . ဘွားဘွား ကျန်းမာရေးလားဟင်”

“မှုတ်ဘူး . . တာတာ့ရေးရေးပါ”

သက်ပြင်းချလိုက်သော ထူးနွဲ့ရီကို ဆရာဝန်လေးက ငေးခနဲ ပြန်ကြည့်၏။ သည်ယောက်လှတဲ့ မိန်းကလေးတစ်ယောက်ကို ငါ အနီးကပ် ဘယ်တုန်းကများ ကြည့်ရှုသုံးသပ်ဖူးခဲ့လည်းဟု တွေးမိသည်။ သူ့ဘဝ၏ ဦးစားပေးအရာများထဲ၌ ထိုကိစ္စ မပါဝင်ခဲ့သည်ကို ကြေကွဲသလိုလို ဖြစ်မိသည်။

“ကျွန်တော် သိချင်တာလေးတွေရှိလို့ မေးမယ်နော်”

“မေးပါရှင့်၊ ဒါပေမယ့် . . ဆရာက ကျွန်မကို ကျွန်တော် ကျွန်တော်နဲ့ ပြောနေတော့ တစ်မျိုးကြီးပဲ ထူးအသက်က (၂၄)နှစ်ပဲ ရှိပါသေးတယ်”

“ကျွန်တော်က သုံးနှစ်နီးပါးပဲ ကြီးတာပါ၊ ဒါဆို ကိုယ်လို့ ပြောမယ်နော်”

“ဟုတ်ကဲ့ . . ဘာသိချင်လည်း မေးပါ”

“ဆရာဝန်ကြီး Dr.စိုးမင်းက တာတာနဲ့ပတ်သက်ပြီး ညွှန်ကြားချက် ဒါမှမဟုတ် အကြံပေးတာမျိုး ရှိခဲ့လားဟင်”

“ဘာဖြစ်လို့ မေးတာလဲ”

“တာတာကို အပြင်ပန်း အကဲခတ်ခြင်းအားဖြင့် Mental Deteration လို့ခေါ်တဲ့ ဉာဏ်ရည်ဖွံ့ဖြိုးမှုနောက်ကျတဲ့ ဝေဒနာရှင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်၊ နားလည်တတ်ကျွမ်းတဲ့ သမားတော်ကြီးတွေနဲ့ ပြကြည့်သင့်တယ် ပြဖူးသလား"

"ဘဘဦးစိုးမင်း ခဏခဏ ပြောဖူးပါတယ်. .၊ ခက်တာက မေမေလေ. . မေမေက ပညာဗဟုသုတမရှိဘူး၊ ရှေးရိုးစွဲလည်းဖြစ်တယ်၊ ဒီသားမွေးမှ စီးပွားလည်း တအားတက်လာတော့ နတ်ဝင်သည်ပြောတဲ့ သိုက်ကလာတယ်ဆိုတဲ့စကားကို အရှိုးစွဲယုံနေပြီ. .၊ ဖေဖေကလည်း အားလုံးမေမေ့သဘောပဲလေ သမားတော်ပြရင် သူ့သား သိုက်ကိုပြန်သွားမယ်ဆိုတဲ့ အိပ်မက်ကလည်း နတ်ဝင်သည် ပြောပြီးမှ မေမေက ခဏခဏ မက်တော့တယ်၊ ပြီးတော့. . မေမေ့ လက်သုံးစကားက. . ငါ့သားဟာ အမြဲတန်း ကလေးလေးပဲဖြစ်နေတော့မယ်ဆိုရင် ကမ္ဘာပေါ်မှာ ဝမ်းအသာဆုံးမိခင်က ငါပဲပေါ့တဲ့. . ခုခေတ် လူလားမြောက်ပြီး ပျက်စီးဆိုးသွမ်းနေတာတွေ ဒုနဲ့ဒေးတဲ့"

အချိန်အခါမဟုတ် တိမ်မည်းတစ်ဆုပ် နေကိုအုပ်လာသည်။ ဝန်းကျင်သည် ညို့သွား၏။

"ထူးတောင်မှ အင်္ဂလိပ်စာနဲ့ဘွဲ့ရပြီး ဖြစ်ပေမယ့် မောင်လေး ကလေးလိုနေတာကို လက်ခံလာတယ်၊ ရောဂါဝေဒနာရှင်၊ ဉာဏ်ရည်အိုင်ကျူမပြည့်ဘူးဆိုတာကို လူမသိစေချင်ဘူး၊ ဒါ. . မိသားစု ဆရာဝန်မို့ ဝန်ခံတာပါ"

"အဲ့ဒါ မှားနေတာပေါ့ထူးရယ်၊ ကိုယ်ပြောခဲ့တယ် တာတာ့ ရှေ့ရေးလေ၊ သူဟာ ကလေးတစ်ယောက်လို အမှီအခိုနဲ့ တစ်သက်လုံးနေသွားလို့မရဘူး. . လိုအပ်သလို အမှီအခိုတွေကိုခွာပြီး သူ့ခြေထောက်ပေါ် သူရပ်ရမယ်၊ သူ့ဆုံးဖြတ်ချက်နဲ့သူ နေတတ်လာရမယ်





လေ"

"အဲ့လိုဉာဏ်ရည်မျိုး သူ့ခေါင်းထဲဝင်လာအောင် လူသိရှင်ကြားကုလို့ ရတယ်ဆိုရင်တောင် မေမေက လုံးဝခွင့်ပြုမယ် မထင်ပါဘူး ဆရာရယ်"

"လူသိရှင်ကြား မဟုတ်ဘဲ ကျွန်တော်တို့. . အဲ. . ကိုယ်တို့ ကြိုးစားကြည့်ရအောင်ပါ"

"ရှန်!. . ကျွန်တော်တို့ ကိုယ်တို့ဆိုတာ"

"ထူးနဲ့ ကိုယ်ပေါ့"

"ထူးပါ. . ပါတယ်"

"ပါတာပေါ့ ဘယ်သူမှမသိအောင် ထူးကူညီမှ ဖြစ်မယ်လေ"

"ကူညီမှာပေါ့ မောင်လေးရှေ့ရေးပဲ"

"ကိုယ့်ရဲ့အရမ်းအရေးကြီးတဲ့ သုတေသနလုပ်ငန်းကို ထူး ပါရမီဖြည့်ရာလည်း ရောက်ပါတယ်၊ ကိုယ်စုဆောင်းထားတဲ့ စာအုပ်စာတမ်းတွေနဲ့ ကိုယ်လေ့ကျင့်ထားတာတွေ အများကြီးရှိတယ်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ထားတယ်. . ကိုယ့်မှာ တာတာ့အတွက် ကုထုံးသေချာအောင်ရှိတယ်. . ထူး၊ ကိုယ့်ကို ပါရမီဖြည့်ပါနော်"

သူ ပညာလောဘကြီးပြီး စကားလုံး နှစ်ခါမှားသည်။

နှစ်ခါစလုံး ထူးနွဲ့ရီက လှစ်ခနဲပြုံးသည်။

ပါရမီဖြည့်ပါတဲ့. .။ နှစ်ခါ။

ပါရမီဖြည့်တယ်ဆိုတာ ပါရမီဖြည့်ဖက်လုပ်ပါလို့ ပြောတာလေ။ ခွိခနဲ ရယ်သံထွက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထွက်ထွက်ချင်းသူက. . .

"ဟာ!. . ခင်ဗျားလေးက ဘာရယ်တာလဲ"

သူက တာတော့ကိုကယ်မည့်အကြောင်း အားပါးတရ ပြောနေခြင်းလေ၊ သူလေ့လာစုဆောင်းထားသည့် ဆေးပညာ စိတ်ပညာ သုသေတနလုပ်ခွင့်အတွက် အားတက်သရော ပြောနေတာလေ. . ရယ်စရာဘာပါလို့လဲ. . .။

တအံ့တသြ မေးလိုက်ခြင်းဖြစ်သည်။

ဟ!. . . ဘယ်လိုကောင်မလေးလဲလို့ ထင်ပြီး၊ ခင်ဗျားလေးတွေ ဘာတွေနှင့်ပင် ခပ်ငေါက်ငေါက်မေးလိုက်ခြင်းလည်း ဖြစ်လေသည်။ သူမ တုံ့ပြန်ပုံက. . .

"ပြုံးတယ် ရယ်တယ်ဆိုတာ သတ္တဝါထဲမှာ လူပဲလုပ်တတ်တာလေ၊ လူတောင်မှ စိတ်နှလုံး ကြည်နူးပြုံးပျော်နေမှ ရယ်လို့ရတာလေ"

ဟ!. . . ငါ့အလုံးနဲ့ ငါ့တီးပဟလို့ သူတ,လိုက်မိသည်။

ခပ်ပြုံးပြုံး လေအေးလေးနှင့် သူမပြောနေခြင်းဖြစ်သည်။

"ထူး. . စိတ်နှလုံးကြည်နူး ပြုံးပျော်သွားအောင် ကျွန်တော် ဘာပြောလိုက်မိလို့လဲ"

"ခင်ဗျားလေးကနေ. . ထူး၊ ကိုယ်ကနေ. . ကျွန်တော် ဖြစ်သွားပြန်ပြီ. . . ဟင်းဟင်း"

သူမ ဆက်ရယ်နေမိပြန်သည်။

အခိကရယ်နေသည်က ပါရမီဖြည့်ဖက်ကိစ္စပါ။ ထူးကိစ္စ ကိုယ်ကိစ္စကို အကြောင်းပြု၍ သူမရယ်ခွင့်ရနေပြန်သည်။





သူကတော့ သူ့စကားတွေ သည်ကလေးမရှေ့မှာ အယိုင်အလဲလဲဖြစ်နေခြင်းကို သူ့ဟာသူ ရှက်တက်တက် ဖြစ်လာသည်။ သူမ ပြုံးပျော်သွားအောင်လည်း ဘာပြောလိုက်မိမှန်းမသိ။

ချစ်သူမထားဖူးခဲ့တဲ့ အတွေ့အကြုံအသစ်လား. . ။ သူမကို အသေအချာ စူးစိုက်ကြည့်လိုက်တော့လည်း ချစ်စရာကောင်းအောင် ရယ်နေသည်။

ဘယ်လိုပြောမလဲ. . သူမကိုကြည့်နေရင်း အသက်မရှူဘဲ လွတ်လပ်ပေါ့ပါးလာသည်။ အမျိုးအမည်မသိသော လွင့်တက်လိုမှုတွေနှင့် ဝေ့မျောကူးခတ် သွားချင်လာနေသည်။

ကူးခတ်သွားချင်နေတော့သည်။ ထိုသို့ခံစားနေစဉ်. . .

"ဟယ်!. . မေမေ့ကို ဈေးမှာသွားကြိုရဦးမယ်"

လှပစွာနှုတ်ဆက်၍ ကျောပေးပြေးထွက်သွားလေသည်။

ဟူး!. . . ဒါပဲထင်ပါရဲ့။

နှတ်ဖွက်ထားတဲ့ ငါ့နှလုံးသား။ ။

မနက်ခင်းသည် မနက်ခင်းပီပီသသ ဝင်းပနေချေသည်။





www.burmeseclassic.com

www.burmeseclassic.com








# အခန်း (၇)

**တစ်**ပတ်တစ်ခါမှသာ ဘွားမှုန်ကို သူ ဆေးလာသွင်းသည်မို့ သူ အိမ်ဘက်ရောက်မလာခဲ့။ သူ့ဟန်းဖုန်းနံပါတ်ကို အရေးပေါ် သုံးဖို့ဟူ၍ ပေးထားသော်လည်း ဘာအရေးမှ မပေါ်သဖြင့် သူမဘက်က ဆက်ရခက်နေသည်။ ဆက်စရာအကြောင်းကလည်း တာတာ့အကြောင်းဖြစ်သည်။ ရွှေဘိုမြင်းနေ့ကအကြောင်းကို တာတာက. . သူမ မမေးဘဲ အစအဆုံး ခရေစေ့တွင်းကျ ပြန်ပြောပြခဲ့၍ သူမ တာတာ့ မှတ်ဉာဏ်ကို အံ့သြတကြီးသူ့ကို ပြောပြချင်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းတကိုင်ကိုင် ဖြစ်နေခဲ့သည်။

ဆက်မည် ဆုံးဖြတ်လိုက် ဆိုင်ကယ်နောက်က (သူ့ပခုံးပေါ် လက်တင်၍)ပါသွားသော ဟိုမိန်းမလှလှကို မြင်လိုက်. . မဆက်ဖြစ် လိုက် ဖြစ်နေခဲ့သည်။ မခင်ဝိုင်းကလည်း ဈေးထဲသူမ ငရုတ်သီးပွ လောင်ပြီးကတည်းက စုပ်စမြုပ်စ ပျောက်နေခဲ့သည်။ မနေ့ညကမှ အိမ်ဘက်ကူးလာသည်။ မေမေရှိနေ၍ အတင်းမတုပ်လိုက်ရ။

မမော်လီမော် ရန်ကုန်ပြန်သွားကြောင်းသာ ကပ်ပြောသွား သည်။ မည်သို့ပင်ဖြစ်စေ သူမ ဟင်းချ၍ စိတ်အေးသွားသည်။

မေမေ့ရှေ့မှာ ဇည့်သည်မ၏ ခြိမ်းမွမ်းခန်းကို ဟိမဝန္တာကနေ ရှော့ကီးတောင်တန်းထိ ဖွင့်နေခဲ့သည်ကိုတော့ ဘဝင်မကျ။ မခင်ဝိုင်း ကို ဘယ်လောက်များ စည်းရုံးသွားသည်မသိ။ တွေ့မှမေးရဦးမယ်။ ရေဘယ်လောက် လောင်းခဲ့သလဲလို့။ မခင်ဝိုင်းက သူ့အဒေါ် ဆိုင်မှာ ဆိုင်အကူမို့ နွမ်းပါးသူဟု ပြောနိုင်သည်လေ။

အယ်!. . မမဝိုင်း ပိုက်ဆံများများရရင် သူဝတ်ချင်တာ ဝတ် ရတာပေါ့. . ငါဝမ်းသာရမှာလေ၊ ဟိုမမကိုလည်း ငါ့မောင်လေးကို ကာကွယ်ရင်း ငါဟာငါ စိတ်ပုပ်နေခဲ့မိတာပါလားဟု တွေးလိုက်မိ သောအခါ လွတ်လပ်ပေါ့ပါးသွား၏။ ထို့ထက်ပို၍. . အေးလေ. . သူ့မောင်လေးဆိုင်ကယ်သူစီးရင်း ပခုံးပေါ် လက်တင်တာပဲ ဟာပဲ ဟာ. . ငါကဘာလို့ မနာလိုဝန်တို ဖြစ်နေရတာလဲဟု ဆက်တွေးမိ သောအခါ သူမ ပျော်သွားတော့သည်။

"အင်း. . ဒါကြောင့် ဘွားမှုန်ပြောတာနေမှာ၊ ပျော်စရာဆို တာ ကိုယ့်တွင်းမှာပဲရှိတာတဲ့. . . ဟုတ်ပါ့ "





ပျော်ရွှင်စပြုလာသော သူမ. . ခုံတန်းလျားမှ ထမည်အပြု၌ ပို၍ပျော်ရွှင်ဖွယ်ကောင်းသောကိစ္စက. . ခြံဝမှ ဝင်လာခြင်းဖြစ် သည်။ မြင်နေကျ ရုပ်အကျီနှင့် ပုဆိုးမဟုတ်ဘဲ။ တီရှပ်အဝါနုနုနှင့် ဂျင်းဘောင်းဘီနှင့် လွတ်လပ်ပေါ့ပါးစွာ ဝင်လာသော သူမ၏. . သူ။

သူကလည်း သူမတစ်ဦးတည်း လှလှပပလေး ထိုင်နေသည် ကို အဆင်သင့်တွေ့ရ၍ ပျော်သွားပုံရသည်။ အဝေးကပင် လှမ်းပြုံး သည်။ ဆရာဝန်ဆိုသော အရှိန်အဝါတွေ ဂုဏ်သိက္ခာတွေ ခွာချထား ခဲ့ပုံရသည်။ ပကတိ လန်းဆန်းကြည်လင်နေသော. . လူငယ်တစ် ယောက်ပါပင်။

ဒူးဖုံးကြိုးသိုင်း ဂါဝန်ရှည်လေးဖြစ်သည့်ပြင် ထုံးခြောက် ရောင်လေးကိုမှ ရွေးဝတ်ထားမိသော သူမကိုယ်သူမလည်း လှပ နုငယ်နေမည်ဟု ယုံသည်။ ပြုံး၍ မတ်တတ်ရပ် ကြိုလိုက်မိသည်။

"မင်္ဂလာပါဆရာ. . ထူး ရုတ်တရက် ဆရာလို့မထင်ဘူး"

"မင်္ဂလာပါ. . ကိုယ်ဒီနေ့ ဂျူတီအော့ဖ်လေ၊ ဒါကြောင့်. . ပေါ့ပေါ့ပါးပါးလမ်းလျှောက်. . အပြန် ထူးနဲ့တွေ့ချင်လို့ တမင်ဝင် လာတာ ထိုင်ကြရအောင်"

ထိုင်၍ အတွေးကိုယ်စီနှင့် ငြိမ်သက်နေမိကြသည်။

ခဏနေမှ. . .

"တမင်ဝင်လာတဲ့ အကြောင်းကဘာ့ပါလိမ့်"

"တာတာ့ကိစ္စပေါ့ဗျာ"

"ထူးလည်း တာတာ့အကြောင်းပြောမလို့ပဲ အရမ်းအံ့သြ စရာကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ဒါဆို အရင်ပြော"

"တာတာ့ကို ကျောင်းထားလို့မရခဲ့တော့ အိမ်နီးချင်းကလေးတွေအားရင် အိမ်မှာပဲ စာသင်ခန်းလိုလုပ်ပြီး သင်ခဲ့ရတာလေ ခုဆို လေးတန်းနဲ့ ငါးတန်းကြားအဆင့်လို့ ပြောရမယ်ထင်တာပဲ"

"ကိုယ်သိနေခဲ့ပါတယ်"

"ထူးပြောပြချင်တာက ရွှေဘိုမြင်းနေ့ကအကြောင်း"

"ဗျာ!. ."

"ဩော်. . ကလေးတွေနဲ့ ခင်မင်အောင် သူဝင်ကစားခဲ့တဲ့နေ့က အကြောင်းလေ၊ တာတာပြောပြလို့သိတာပါ၊ ဗျာခနဲ ဘာဖြစ်တာလဲ မျက်နှာကြီးရဲ့ပြီး. . ."

"ကလေးတွေကိုရှုံးလို့ပါ၊ လက်မတည့်လို့. . ဟင်းဟင်း"

သူမကလည်း သာသာယာယာ လိုက်ရယ်ရင်း. . .

"သူပြန်ပြောပြနေပုံက တကယ့်ကို ဉာဏ်ကောင်းတဲ့ကလေးတစ်ယောက်လိုပါပဲ၊ အမူအရာတွေပါပါတယ်. . တစ်ယောက်ချင်းပြောတဲ့စကားတွေ၊ ရတဲ့အမှတ်တွေ အကုန်ပါတယ် အတိအကျပဲ၊ တိကျတာမှ ဗီဒီယိုရိုက်ထားသလိုကို တိကျလွန်းလို့ပါ"

သူလည်း ပြုံး၍နားထောင်နေသည်။ တာတာ့ဉာဏ်ကို သူစမ်းသပ်ပြီး ဖြစ်သည်။ သူက ပိုသိသည်။ ထူးနွဲ့ရီ ဗီဒီယိုရိုက်ထားခဲ့သည်ကိုတော့ သူ မသိပါချေ။ ဗီဒီယိုကို ခဏခဏ ပြန်ကြည့်နေခဲ့၍ တာတာပြောတာနှင့် ကွက်တိဖြစ်နေသည်ဟူသော စကားမှန်း Dr. ဇင်ဇော်သူတို့က ပိုမသိ။

"ပြီးတော့လေ တစ်ကနေ နှစ်ရာထိ ထူးသင်ထားတယ်. . ၊





ဘာစိတ်ကူးပေါက်လည်းမသိဘူး (၂၀၀)ကနေ (၁)အထိ ပြောင်းပြန် ပြန်ရွတ်ပြတယ်၊ မြန်လည်းမြန်တယ် ထူးတောင် လိုက်မမှတ်နိုင်ဘူး"

သူသိလိုက်သည်။ Reverse Countdown Thinking နှင့် လက်တွေ့ဉာဏ်ရည် ပြန်ပေါ်နည်းဖြစ်သည်။ ဟိုနေ့က ကစားရင်း ပြီးခဲ့တဲ့အလှည့် ရမှတ်ကို နောက်ကြောင်းပြန်မေး၍ သူစမ်းသပ်ခဲ့သောနည်းဖြစ်သည်။

Effective ဖြစ်သည်။ ထိရောက်သည်။ သူပျော်သွားသည်။

"အဲ့ဒါပဲ"

"ဖြောင်း!. . ."

"အမေ့"

သူ့ပေါင်ကို ဖြောင်းခနဲမြည်အောင် ပုတ်ရင်း သူထအော်မိခြင်းဖြစ်သည်။ သူမကလည်း လန့်၍ ထအော်မိခြင်းဖြစ်သည်။

"လန့်သွားတာပဲ. . ဘာကို အဲ့ဒါတာလဲ"

"ကိုယ်ရှင်းပြမယ်၊ မနေ့ညနေက ထူးတို့ ဘာဟင်းနဲ့စားလဲ"

မဆီမဆိုင်ဟုတွေးရင်း. . .

"ဘူးသီးကြက်သား၊ ဗာလချောင်ကြော်"

"အဲ့ဒီနေ့ခင်းကကော ဘာဟင်းလဲ"

"ကြက်သားဆီပြန်၊ ပဲကြာဇံ"

"ကောင်းပြီ. . တစ်နေ့က နေ့ခင်းထမင်းကြီးမှာကော ဘာဟင်းလဲ"

သူ့အိမ်မှာ ဟင်းဇယားများ ရေးကပ်မလို့လား မသိတော့။

"ငါးကြော်နှပ်၊ ဘရုပ်စာဟင်းချို"



www.burmeseclassic.com

www.burmeseclassic.com



"ညနေစာကျတော့. . ."

"အဲဒါပဲ၊ မောင်လေးအတွက်တော့ ကြက်ဥပူယောင်. . နေပါဦး ဘာလုပ်ဖို့ လိုက်သိချင်နေတာလဲ"

"နေပါဦး ကိုယ်မေးဦးမယ်. ."

ခပ်ကြောင်ကြောင်နှင့် သူ့ကိုကြည့်တော့ ခပ်တည်တည်ဖြစ်နေသည်။

"တမြန်နေ့ မနက်စာ. . ညဉ့်စာဟင်း"

"အင်း. . နေဦး ဝက်သားပုန်းရည်ကြီးနဲ့ ကင်မွန်းချဉ်"

"အဲ့ဒါက မနက်လား ညလား"

"မနက်စာ"

"ညဉ့်စာကျတော့"

"အဲ့ဒါပဲ၊ ဘဲဥနဲ့ ပဲသီးထပ်ကြော်သေးလားပဲ"

"အဲ့ဒီ တမြန်နေ့ မတိုင်ခင်"

"မမှတ်မိတော့ဘူး"

"အဲ့ဒါပဲ"

"လာပြန်ပြီ. . . ဘာ အဲ့ဒါပဲလဲ"

"ကိုယ်ပြောချင်တာ အဲ့ဒါပါ၊ ထူးမမှတ်မိတဲ့ အဲ့ဒီဟင်းကို တာတာ မှတ်ကိုမှတ်မိနေလိမ့်မယ်၊ မယုံရင် ထူးနဲ့ကိုယ် လောင်းမလား. . အဲ့သလို အိုင်ကျူမျိုး တာတာ့မှာရှိနေတယ်၊ အင်မတန် အဖိုးတန်တဲ့ ဦးနှောက်မျိုးပေါ့"

သူမ ခုမှပင် သဘောပေါက်တော့သည်။

"ကိုယ် အခုကပြောချင်တာက အဲ့ဒီဦးနှောက်မျိုးနဲ့ ဝေဒနာ





ရှိရင် ကိုယ့်မှာကုထုံးအသစ်ရှိနေတယ် ဆိုတာပါ. . ကိုယ်တို့ ကြိုးစားကြည့်ချင်တယ်ဆိုတာ အဲ့ဒါပါ"

သူပြောနေပုံက သူ့ကိုယ်သူ ယုံကြည်စိတ်ချမှုနှင့် တောက်လင်းတင်းမာနေသည်။ သူ့မျက်လုံးတွေ ဝင်းလက်နေပုံက သူ့အနာဂတ်(တာတာ အနာဂတ်)ကို အနီးကပ်မြင်နေသလိုမျိုး ဖြစ်သည်။

"ဘယ်လို ကုထုံးလဲဟင်. . ခွဲစိတ်မှာလား. . . မောင်လေး အန္တရာယ် ရှိလား"

"ဘာအန္တရာယ်မှ မရှိဘူး၊ သူနဲ့ကစားမယ်၊ စကားပြောမယ် လိုအပ်ရင် အိပ်မွေ့ချမယ်"

လိုအပ်လာရင် အသေးစားခွဲစိတ်ရမယ်ဆိုသော စကားကိုတော့ မလိုအပ်သေး၍ ချန်လှပ်ထားခဲ့လိုက်ရသည်။

"အိပ်မွေ့ချတယ်ဆိုတာက. ."

"ထူး ရုပ်ရှင်တွေမှာ မမြင်ဖူးဘူးလား"

"နည်းနည်းပါးပါး မြင်ဖူးပါတယ်၊ ဟို. . နာမည်ကြီး ဆောင်းအိပ်မက်ကားဟောင်း ပြန်ပြတဲ့ထဲမှာ ပါတယ်လေ၊ ဗိုလ်ဗကိုက. . ဝင်းဦးကို အိပ်မွေ့ချပြီး မေးတာ၊ မေမေတောင် ငယ်ငယ်က ကြည့်ဖူးတယ်တဲ့၊ ဒါပေမယ့် ဝင်းဦးက အဲ့ဒီကားမှာ ရူးနေတာလေ. . စိတ္တဇလေ. . ၊ မောင်. . မောင်လေးတာတာက. . တာတာက. ."

သူမစကား ထိုးရပ်သွားသည်။ တာတာ့ကို တချို့က အရူးလေးဟု နောက်သလိုလို၊ မနာသလိုလို. . အမနာပ ဆိုကြသည်ကို သူလည်းသိနေသည်။ သူက. . လူကြားနေရသူလေ၊ သူ့အလုပ်က လူတွေနှင့် နေ့တဓူဝ ပြောဆိုဆက်ဆံနေရသူမို့ နားနှင့်ဆတ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com



ကြားရသူလေ။ မခံချင်တာလည်းပါ၍ အချို့ကို သူကရှင်းပြသည်။ တချို့ကို သူက ခင်ဗျားသားသမီးဆို ပြောရက်လားဟု ထေ့ဖူး ငေါက်ဖူးသည်။ ခပ်ရိုင်းရိုင်းတွေဆို. . အရှူး. . အရူးဆိုရင် ခင်ဗျားနဖူးပေါ် ချေးလာပါဖူးလား ဟူ၍ပင် ခပ်ထန်ထန်တုံ့ပြန်ဖူးသည်။ ယောက်ဖ ထိတော့ နာတာဟု မကြားတကြား ပြန်အဆော်ခံရဖူးသည်။

ထူးလည်း ကြားကြားနေပါလိမ့်မည်။ သူမမောင်လေးအတွက် သူ့ထက်ပို၍ ခံစားရပါလိမ့်မည်။ သူက သူမစကား ထိုးရပ်သွားသည်နှင့် Mental Reterdation ရောဂါအကြောင်းကို E.Major ဘွဲ့ရ နားလည်အောင် ဆေးပညာစကားလုံးအခက်တွေကို ရှောင်၍ စိတ်ရှည်လက်ရှည် ရှင်းပြနေမိသည်။ ပြီးတော့ သူအထူး စိတ်ဝင်စားသည့် စိတ်ညှို့ပညာအကြောင်း ဖြစ်သည်။

ထူးနွဲ့ရီအနေဖြင့် အလွန်စိတ်ဝင်စားသော အကြောင်းအရာလည်း ဖြစ်တော့သည်ပေ့ါ။

"သူက စိတ်ညှို့တတ်တယ်. . ဟုတ်လား"

ဟူသောမေးခွန်းကို သူကခေါင်းညိတ်ပြခြင်းဖြင့် အလန့်တကြား ကြည့်နေပုံက. . ယခုလေးတင်မှ အခြားဂြိုဟ်က ကျလာသော (ဂျင်းဘောင်းဘီ တီရှပ်နှင့်) အရှင်လတ်လတ် ဂြိုဟ်သားတစ်ကောင် အလားပမာပင်။ သူနှင့်သူမအကြား ဘာမှန်းမသိသော တစ်စုံတရာ ခြားသွားသလိုမျိုးပင်။

အဲ့သလိုမျိုးကြီးဖြစ်သွားတာကို သူ့အနေဖြင့် အစိုးရိမ်ဆုံးဖြစ်သည်။ စုန်းထီး ကဝေအထီးလို ထင်သွားမှာကို အကြောက်ဆုံးပင်။ ဒါကြောင့်လည်း အတိုအကျဉ်းနှင့်လိုရင်းရောက်အောင် ရှင်းပြ





ရတော့သည်။ ဗုဒ္ဓမြတ်စွာဘုရားနှင့် စကိုင်မှ. . .

"ဗုဒ္ဓမြတ်စွာဘုရား ဟောထားတယ်လေ 'စိတ္တေန နီယတိ လောကော'တဲ့ စိတ်ကအရေးအကြီးဆုံးပဲလေ၊ စိတ်ညှို့တယ်ဆိုတာ စိတ်ကောင်းဝင်အောင် ကုသိုလ်စိတ်ရှိလာအောင် လမ်းညွှန်တာပါ"

အလန့်တကြား အကြည့်ကလေး. . သံပတ်တစ်ရစ် လျော့သွားပုံရသည်။

"စိတ်က နှစ်မျိုးရှိတယ်၊ သိစိတ်နဲ့ မသိစိတ် ကွန်းရှပ်(စ)မိုင်းနဲ့ အန်ကွန်းရှပ်(စ်)မိုင်း၊ ဒီလောက်တော့ သိပါတယ် အီးမေဂျာပဲ"

ခေါင်းညိတ်သည်။

သံပတ် တစ်ရစ် နှစ်ရစ် ထပ်လျော့သည်။

"နက်နဲတဲ့ပညာရပ် တစ်ခုပါပဲ Hypnosis လို့ခေါ်တယ်၊ စိတ်ညှို့ပညာမှာ နည်းတချို့ရှိတယ်၊ အိပ်မွေ့ချ စိတ်ညှို့နည်းက လူသိများတယ်. . ထိရောက်တယ်၊ အိပ်ပျော်သွားရင် သိစိတ်က ငြိမ်လိုက် ဖြစ်သွားတယ်. . ကွက်လပ်တချို့ ပေါ်လာတယ်၊ အဲ့ဒီ. . ကွက်လပ်ကနေ မသိစိတ်က ပြူထွက်လာတယ်၊ အဲဒီမသိစိတ်လေးကို အမိန့်ပေးလိုက်တာပါပဲ၊ နိုးလာရင် အဲ့ဒီကာယကံရှင်ကိုယ်တိုင် မသိလိုက်ဘဲ အမိန့်နာခံနေတော့တယ်. . အဲ့ဒါပါပဲ"

နားလည်သွားသော မျက်နှာလေးက ပြန်လည်ပျော့ပျောင်း နူးညံ့လာမှန်း သိသာသည်။ သံပတ်ဘယ်နှရစ်တင်း၍ ဘယ်နှရစ် ကျန်နေမှန်းတော့ မသေချာ။

"ဟယ်!. . မေ့နေလိုက်တာ သူလမ်းလျှောက်က ပြန်လာတာဆိုတော့ ဘရိတ်ဒ်ဖတ်စ် မစားရသေးဘူးပေ့ါ၊ တစ်ခုခုကျွေးပါရ



www.burmeseclassic.com

www.burmeseclassic.com



စေ. . အိမ်ထဲကြွပါလားဆရာ”

အပြင်မှာတစ်ခုခုထွက်စားရအောင်ဟု ပြောကြည့်ချင်သော လွင့်တက်လိုမှုကို ဂလုခနဲ ပြန်မျိုချလိုက်ရသည်။ ထိုအရာကို မျိုချလိုက်မှ ဗိုက်ကဆာလာသည်။

ဂွီဂွီ. . ဂွါဂွါ. . ဆာဆာကြီးနှင့်ပင် ရွှေဘိုမြင်းလို သူမကို ကျောပေါ်တင်ပြီး စကြဝဠာတံတိုင်းထိ ဒုန်းစိုင်းလိုက်ချင်သေးတော့။

ခုတော့. . .

သူမဦးဆောင်ရာနောက် ငေါက်ခနဲ ထလိုက်ခဲ့သည်။ --

လှလိုက်သည့်. . . ဖနောင့်လေး။









# အခန်း (၈)

အခန့်တီကြည်ကြည်က သူမဖေဖေ၏ကားနှင့် ဘုရားဖူးပါသွားသည်တဲ့။ တာတာက နေဖင်ထိုးအောင် ထုံးစံအတိုင်း အိပ်နေဆဲတဲ့။ ဘွားမှုန်က တရားထိုင်နေသည်တဲ့။ အောက်ထပ်တစ်ထပ်လုံးတွင် ဘယ်သူမှရှိမနေဟူသော အသိသည် ထူးနွဲ့ရီတော့မသိ။ သူကတော့. . မနေတတ်မထိုင်တတ် ရင်ထဲကလိကလိ ဖြစ်နေတော့၏။

နောက်ဘက်ထမင်းစားခန်းတွင် မနက်စာပြင်ဆင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုစောင့်ရင်း သန့်ရှင်းသပ်ရပ်သောဧည့်ခန်းထဲ သူ ကြောင်တက်တက်ထိုင်နေခဲ့၏။ ထူးနွဲ့ရီ၏ဖေဖေကို သူ မြင်ပုံသာမြင်ဖူးသည်။ လူချင်းက အံ့ချော်နေခဲ့၏။ ထူးနွဲ့ရီပေါ်လာ၏။

"အဆင်သင့်ဖြစ်ပြီ၊ လာ. . ဆရာ စားရအောင်. . ၊ စားရင်း စကားဆက်ပြောကြတာပေါ့နော်"

မွှေးနေသော ထမင်းနွေးနွေးကို ပဲဆီပဲပြုတ်နှင့် ရှရှလေး သမအောင်နယ်ထားသည်။ ငါးပုပ်ခြောက်ကို သံပုရာညစ်၍ ဆီစိမ်ထားသည်။ ကြက်ဥ၊ ဝက်အူချောင်း၊ ခရမ်းချဉ်သီးရော၍ ဖူယောင်ကြော်ထားသည်။ ကြည့်ရုံနှင့် ကစီရည်ထွက်လာသည်။

"ဒါက ပျားလိမ္မော်ဖျော်ရည်. . . ဒါက နက်စ်ကော်ဖီ"

"ဒါမျိုးမစားရတာ ကြာပြီလို့ပဲ ပြောရတော့မှာပဲ"

တကယ်လည်း အရသာရှိလှသည်။ ပန်းကန်တစ်ဝက်ကျော်ကုန်သည်အထိ စကားမပြောမိအောင် အားရပါးရ စားနေမိသည်။

တစ်သက်လုံးစားချင်လိုက်တာဆိုသော စကားကိုတော့. . ပျားလိမ္မော်နှင့် ရင်ခေါင်းထဲ ပြန်လောင်းချနေရတော့သည်။

"စိတ်ညှို့တာ. . အိပ်မွေ့ချတဲ့နည်းအပြင် ဒိပြင်ဘယ်လိုနည်းတွေ ရှိသေးလဲဟင်"

ဆီထဲက ငါးပုပ်ခြောက်ကို ဇွန်းနှင့်ဆယ်၍ ပန်းကန်ထဲထည့်ပေးရင်း မေးခြင်းဖြစ်သည်။ မေးခွန်းဝင်လာမှပင် စိတ်ကူးနှင့်ကြည်နူးနေသော စိတ်လူးလေး ဝူးခနဲလွင့်သွားသည်။ ဝတ္တုရားငါးပါးတိစ္စ စိတ်ကူးဖြစ်သည်။

"အဲ. . ရှိ. . ရှိတာပေါ့။ မျက်လုံးနဲ့ညှို့တာ. . အသံကို ဌာန်





ကရိုဏ်းကျကျ အမိန့်ပေးညှို့တာ၊ ဗိုလ်ဗကို ဝင်းဦးကို ညှို့သလို Crystal ball ပေါ့ လင်းလင်းလက်လက်ပစ္စည်းကို ကြည့်ခိုင်းရင်း ညှို့တာ၊ လက်ဆွဲနှုတ်ဆက်ရင်း လက်ခလယ်ကို ဆုပ်အုပ်ပြီးညှို့တာ အဲ. . ပြီးတော့ အကြောလျှော့ပြီး ဘေးမှာ စက်နာရီချ၊ စက္ကန့်တံအသံကို နားထောင်ခိုင်းရင်းညှို့တာ၊ မျက်လုံးချင်းစိုက်ကြည့်ပြီး. . ခေါင်းကနေ ခြေထောက်အထိ တစ်ထွာလောက်က သပ်ချရင်းညှို့တာ၊ အဲ့ဒါက လူမှာ နဂိုကရှိပြီးသား သံလိုက်ဓါတ်ပေါ့၊ ရုရှပျောက်စေဆရာကြီး ရပ်စဖြူတင်သုံးတဲ့နည်းပေါ့၊ အများကြီးရှိတယ်. . ."

"သူက ဘယ်လိုတတ်တာလဲဟင်၊ ကျောင်းကသင်လို့လား"

"ကျောင်းကမသင်ပါဘူး. . စိတ်ပညာမှာ ဝေါဟာရ သိလောက်ရုံပါပဲ၊ ပြောရရင်တော့ အရှည်ကြီးပဲ၊ တိုတိုပြောရရင် မြိုးခြွေတာပြီး ကျောင်းတက်နေရတဲ့ ဆေးကျောင်းသားဘဝမှာ ကိုယ်စားမယ့် ထမင်းတစ်နပ်ကို ဒုက္ခရောက်နေတဲ့ ခရီးသွားအဘိုးအိုတစ်ယောက်ကို ကျွေးခဲ့ရာက စ,တာပါပဲ အထက်လမ်း ဘိုးတော်တစ်ပါးဖြစ်နေတယ်၊ သူပေးခဲ့တဲ့ လက်ရေးမူတွေကနေ အဲ့ဒီပညာ ရလာတာပါပဲ၊ တစ်နှစ်တစ်ကြိမ် သူ့တောရစခန်းကိုလိုက်ပြီး လက်တွေ့ကျင့်ခဲ့ရတယ်၊ သမထလည်း ထိုင်ရတယ်"

"ကော်ဖီသောက်လိုက်ဦး၊ အေးသွားရင် သိပ်မကောင်းဘူး"

ကော်ဖီမစ်မဟုတ်။ အင်မတန်ကောင်းသော နှပ်နည်း၊ ဖျော်နည်း။ မယားဝတ္တရားငါးပါးထဲ ကော်ဖီအနှပ်ကောင်းခြင်းပါ ထည့်ရမလိုပါ။

"အဲ့ဒီ စိတ်ညှို့ပညာနဲ့ ဘာတွေကုနိုင်သလဲ၊ ဘာတွေ သူ



www.burmeseclassic.com

www.burmeseclassic.com



ကုဖူးသလဲဟင်”

“စိတ်ညှို့ပညာနဲ့ ကုနိုင်တာတွေတော့ အများကြီးရှိတယ်၊ ဆရာကြီး ဆစ်ဂမန်ဖရွိုက်ရဲ့စာအုပ်တွေ ထူးဖတ်ဖို့လိုတယ်၊ ကိုယ့်မှာ ရှိတယ်”

“အီးမေဂျာပေမယ့် သိတဲ့အတိုင်းပဲလေ. . မူရင်းတော့ ဖတ်နိုင်မယ် မထင်ဘူး”

“ဘာသာပြန်တွေလည်း ရှိပါတယ်၊ အိပ်မက်ကိတ္တုံကျမ်း ရှိတယ်၊ ရန်ကုန်အိမ်ကို လှမ်းမှာပေးမယ်၊ စိတ်ရောဂါကို လက်တွေ့ ကျကျ နည်းလမ်းအသစ်တွေနဲ့ ကမ္ဘာကျော်အောင် သူကုပစ်လိုက် တာတွေ ပါတယ်”

“သူရော ဘာတွေ ကုဖူးလဲဟင်”

ကော်ဖီကိုလက်စသတ်ရင်း သူပြုံးသည်ကို သူမငေးနေမိ သည်။

အင်း. . . ကိုရီးယားမင်းသားတွေလို မိန်းမချော ချောတာ ပါလား. . ဟက်ဟက်ပက်ပက် ရယ်ရင်တော့ ယောက်ျားအရမ်း ပီသလို့မ်မယ့် အပြုံး. . .။

“ကိုယ်ကုလို့ အောင်မြင်သွားတာတွေက သာမန် အလေ့အ ထတွေပါ၊ ဆေးလိပ်ဖြတ်တာတို့၊ အရက်ဖြတ်တာတို့၊ မိုးတွေလေ တွေလာရင် ခြင်ထောင်ထဲပြေးဝင်တာတို့၊ ခါးတို့ရင် ယောင်တတ် တာတို့ပါ”

“အရက်ဖြတ်တာ သာမန်ကိစ္စမှမဟုတ်တာ၊ အရက်ကြောင့် ဘဝပျက်ရတာတွေအများကြီးပဲလေ၊ တချို့. . ဆေးရုံတက်ဖြတ်ရ





တာတွေ မြင်ဖူးတယ်၊ မိသားစုဘဝနဲ့ပါ ဆိုင်တယ်လေ၊ သူအခုန ပြောတဲ့ထဲမှာ မိုးတွေလေတွေလာရင် ခြင်ထောင်ထဲပြေးဝင်တတ်တဲ့ သူကို ဘယ်လိုကုသလဲဆိုတာ ပြောပြပါလား”

သူပြုံးသည်။ သည်တစ်ခါတော့ မေမေပြောသော. . ဗိုလ် အောင်ဒင်အပြုံးမျိုး၊ သူမလည်း မှုန်တိမှုန်ဝါးကြည့်ဖူးသော ခေတ် ဟောင်းကားထဲက မင်းသားကြီး ခင်မောင်ရင်အပြုံး. . .။

“အဲ့ဒီပုဂ္ဂိုလ်နာမည်က ကိုအောင်ရင်တဲ့”

“ရှင်!”

“ထူးနွဲ့ရီနဲ့သိလို့လား အထိတ်တလန့်ဖြစ်သွားလားလို့”

ခင်မောင်ရင်အကြောင်း စဉ်းစားနေစဉ် နာမည်ဆင်သွား၍ ဖြစ်သည်။

“မှတ်ပါဘူး ဆက်ပြောပါဦး”

“ကိုအောင်ရင်က ကိုယ်တို့အဆောင်ပိုင်ရှင် ဖြစ်တဲ့အငြိမ် ရပ်ကွက်လူကြီး(ရ. ဝ. တ)ဥက္ကဋ္ဌလည်းဖြစ်တယ်၊ သူက မိုးချုန်းလျှပ် ပြက်၊ လေတွေမိုးတွေလာတာနဲ့ သူ့အိမ်မဟုတ်လည်း နီးရာအိမ်ထဲက ခြင်ထောင်ထဲထိ ပြေးဝင်တဲ့အကျင့် စွဲနေတယ်”

“အဆန်းပဲနော်”

“ဟုတ်တယ် လူပျိုကြီးဘဝက လူမိုက်. .၊ ငါးယောက်တစ် ယောက်လည်း ရိုက်တယ်”

“ဆရာနဲ့တွေ့တော့ အိမ်ထောင်ကျနေပြီလား”

“ကျနေပြီလေ. . နီးစပ်ရာခြင်ထောင်ထဲ အိပ်နေတဲ့ တစ်ခု လပ်မ. . ငါးသည်မတင်ဆုံနဲ့”



www.burmeseclassic.com

www.burmeseclassic.com



ထူးနွဲ့ရီ ရယ်လေသည်။ ချစ်စရာကောင်းလေသည်။

"သူ့အဖြစ်က ဥက္ကဌဖြစ်မှ ရောဂါရင့်လာတယ်၊ မိုးတွင်း အခမ်းအနားတွေ မိန့်ခွန်းပြောမယ်ဆိုရင် အနီးဆုံးမှာ ခြင်ထောင် တစ်လုံး ထောင်ပေးရတဲ့အထိ ဖြစ်လာတယ်၊ ခြင်ထောင်အောင်ရင် ဆိုတဲ့နာမည် တွင်လာတာပေါ့"

"တော်တော်ဆိုးဆိုးနာမည်ကြီးပဲနော် ဘယ်လိုကုလဲ"

"သူတော်တော်ဒုက္ခရောက်ပေမယ့် ကိုယ့်ပညာကို သူက မယုံဘူးလေ၊ ယုံအောင်သူ့ရှေ့မှာ သူတပည့်တစ်ယောက်ကို လက် တွေ့ကုပြရသေးတယ်"

"သူ့တပည့်ကလည်း ခြင်ထောင်ပဲလား"

"မှတ်ဘူး၊ အဲ့ဒီ ကိုမှတ်ကြီးက ခါးတို့ရင် ယောင်ပြီးသူ့ပါးစပ် က မိန်းမတစ်ယောက်ရဲ့ ကိုယ်အင်္ဂါတစ်ခု လွှတ်ခနဲ အမြဲထွက်နေ တာ. ."

ကော်ဖီသီးအောင် ရယ်လေသည်။ သီးတာတောင်လှပါ တယ်ဆို. .။ သီးခြင်းအလှ၊ ခွီးခြင်းအလှဟု ပြောရမည်ထင့်။

"ဘာလို့ ရယ်တာလဲ"

"သြော် သူပြောပုံက ရယ်ရလို့ပါ၊ ကဲ. , ဆက်ပြောလေ"

"အဲ့ဒီ ကိုမှတ်ကြီးကို သူ့ရှေ့မှာပဲ အိပ်မွေ့ချပြီး ခါးလာတို့ရင် နောက်နောင်မယောင်နဲ့လို့ ပြောလိုက်တာပါပဲ၊ အိပ်မွေ့ပြယ်ပြီး နိုးလာတော့ ကိုအောင်ရင်ပဲ နောက်ကနေ ခါးတို့တယ်. . မယောင် တော့ဘူး၊ အဲ့ဒီကျမှယုံပြီး ကုမယ်ဖြစ်တာ"

"သူရော ပျောက်သွားတာပဲလား"





"သူက ငယ်ငယ်လေးထဲက သူ့မိဘက မိုးရေထဲထွက်ဆော့ ရင်. . ဒေဝေါကြီးလာပြီ ဒေဝေါကြီးက ဖမ်းစားလိမ့်မယ်လို့. . အ ခြောက်အလှန့်ခံရတော့. . လျှပ်လက်မိုးချုန်းရင် အရမ်းကြောက်တဲ့ အပြင် သူနဲ့သူတို့မိဘတွေ သွားသွားကန်တော့တဲ့ ရုက္ခစိုးနတ်စင် ညောင်ပင်ကြီး မိုးကြိုးပစ်ခံရတာကို အနီးကပ်မြင်ထားဖူးတာဆိုတော့ အသိနုနု ဦးနှောက်နုနုလေးထဲ ဒေဝေါကြီးဆိုတဲ့ သံမှိုစွဲထားသလို ကြောက်သွားတာလေ"

"အေးနော်. . ကလေးတွေကို မခြောက်သင့်ဘူး၊ ဒါကြောင့် ကလေးတွေကို ခြောက်လှန့်ခြင်းဟာ သူတို့ရဲ့ အနာဂတ်ကို သတ်ဖြတ် ခြင်းပဲဆိုတဲ့ စကားဟာ ထိရောက်တာပေါ့"

"ပြီးတော့ အဲ့ဒီကိုအောင်ရင်က ကြီးလာတဲ့အထိ မိုးဘာလို့ ရွာတယ်၊ မိုးကြိုးဘာလို့ပစ်တယ်ဆိုတာ မသိဘူးလေ"

"အွန်!. . ဥက္ကဌလုပ်နေပြီး ဒါတောင်မသိဘူးလား"

"အေးလေ. . အဲဒါမသိလို့ ဥက္ကဌဖြစ်တာလား၊ ဥက္ကဌဖြစ် လို့ အဲ့ဒါမသိတာလား ဆိုတာလည်း ဘယ်သူကသိမှာလဲ"

"ပျောက်သွားလားဟင်"

"ကိုမှတ်ကြီးလို ခါးတို့ပြီး စမ်းသပ်လို့ရတာမှ မှတ်တာ. . ဒေဝေါကြီးလာတဲ့အထိ စောင့်ရတာပေါ့၊ အဆောင်သားတွေရော ရပ်ကွက်ပရိသတ်ပါ မိုးမျှော်နေကြတာပေါ့၊ ဒီကုသမှုက ရပ်သိရွာသိ ဖြစ်သွားတာလေ"

"ဟင်းဟင်း. . ဟုတ်တာပေါ့နော်၊ ခြင်ထောင်ထဲ မြေးမဝင် တော့ဘူးဆိုရင် သူနာမည်ကျော်တော့မှာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



“တစ်လလောက်ကြာမှ ဒေဝေါကလာတယ်၊ သူ့အိမ်ရှေ့မှာ လူတွေဆိုတာ ပွဲတော်ကြီးကျနေတာပဲ၊ မိုးထဲလေထဲတောင် ပြည့်ကြပ်နေရော”

“အောင်. . အောင်မြင်လားဟင်. . အဲ့ဒီကိုအောင်ရင်က ပရိသတ်ကို လူလုံးကောထွက်ပြရဲ့လား”

“အောင်မြင်ပါတယ်၊ အောင်မြင်တဲ့အဆင့်တောင် ကျော်သွားတယ်. . မိုးရေထဲထွက်ပြတယ်၊ ဟေးခနဲ လက်ခုပ်သံဟာဖြောင်းဖြောင်းပေါ့၊ မိုးထဲလေထဲ လျှပ်ရောင်တဝင်းဝင်းထဲ ခြင်ထောင်ပါ ထိုင်လျှော်ပြလိုက်သေးဗျား”

“ဟင်း. . ဟင်း. . ပျော်စရာကြီးပဲနော်၊ စကိုင်းနက်က VIEWER တွေလို အောင်မြင်သူ့ ရင်ခုန်ပီတိလေး သိပါရစေရှင်”

လက်သီးဆုပ်လေး ပါးစပ်ရှေ့ လာတိုးပေးသည်လေ။

“ဘယ်ကလာ ပီတိဖြစ်ရမှာလဲ အလွဲကြီးလွဲတာ”

“အမ်!. . ဘာဖြစ်လို့လဲ”

“ကိုအောင်ရင်က မိုးရွာတိုင်း ခြင်ထောင်ထွက်လျှော်တော့တာလေ. . ညအိပ်စရာမရှိတော့ မတင်ဆုံနဲ့ နောင်ချိန်ချကုန်တာပေါ့၊ နောက်တော့ မိုးရွာတော့မယ်ဆို မတင်ဆုံက ခြင်ထောင် ဖြုတ်သိမ်းတာပေါ့၊ အဲ့သမှာ အဆောင်ပေါ်တက်လာပြီး ကိုစောမင်းဝေ ခြင်ထောင်ကြီး ဖြုတ်လျှော်ပါလေရော. . ကိုစောမင်းဝေခမျာ ကိုသိန်းရွှေကြည်နဲ့ သွားအိပ်ရတယ်၊ ကိုသိန်းရွှေကြည် ခြင်ထောင် ဖြုတ်လျှော်တော့ ကိုစောမင်းဝေနဲ့ သွားအိပ်ရတယ်၊ အချစ်တော်တွေတောင် ဖြစ်သွားသေးဆိုပဲ”





“အွန့်! ဘာတွေအလွဲကြီး လွဲကုန်တာလဲ. . အိပ်မွေ့ချတာ မှားတာလား . . . ”

“အိပ်မွေ့ချတာလည်းမမှားဘူး၊ အမိန့်ပေးတာလည်းမမှားဘူး၊ ကိုအောင်ရင် ဒေဝေါကြီးလာရင် ခြင်ထောင်ထဲမဝင်နဲ့လို့ အမိန့်ပေးတာပါပဲ၊ သူက ခြင်ထောင်လျှော်လို့ ကြားသွားတယ်တဲ့. . . ကိုအောင်ရင်က နားလေးတယ်လေ ”

ခန္ဓာကိုယ် လှုလှုအိအိလေးနှင့် တခိခိ ရယ်ပါတော့သည်။

“နောက်တစ်ခါ နားနားကပ်ပြီး သုံးကြိမ်သုံးခါအမိန့်ပေးမှပဲ အောင်မြင်သွားတော့တယ်. . ဟင်းဟင်း”

ထိုစဉ်. . တဝုန်းဝုန်း လှေကားပေါ်က ပြေးဆင်းရင်း. .

“တစ်ဂလုပ်!. . တစ်ဂလုပ်!. . ”

“♫♪♬ ရွှေဘိုမြင်းရယ်လေ. . ခွါသံလျှာသံ. . ပြင်းတယ် လေလေ့. . . ♫♪♬”

သူကတော့. . တာတာ ငါရောက်နေတာ ဘယ်လိုသိသွားပါလိမ့်ဟုတွေးရင်း ဧည့်ခန်းကို လှမ်းကြည့်မိသည်။ လက်ထဲတွင် တစ်စုံတစ်ရာကိုကြည့်ရင်း. . . မြင်းပြေးသလို ပတ်ပြေးနေသည်ကို နှစ်ယောက်သား လှမ်းမြင်နေရသည်။

“ဟယ်!”. . ဟု အာမေဋိတ်လိုက်ပြီး. . .

“လာ. . ကိုယ်. . ဧည့်ခန်းထဲသွားရအောင်”

သူမက ရှေ့ကပြေးနှင့်သည်။ သူလည်းနောက်က မပြေးရုံတမယ် လိုက်ခဲ့သည်။ ထူးနွဲ့ရီက တာတာလက်ထဲက သူမ Phone ကို လိုက်လုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တာတာ ပေးဆိုပေးနော်. . ၊ ပေး သူများခွင့်မပြုဘဲ သူများ ပစ္စည်းကို မကိုင်ရဘူးလေ"

ပြေးရင်းရှောင်ရင်းကပင် တာတာကလည်း. . .

"မမကကော ဘာလို့ သူများခွင့်မပြုပဲ သူများကစားနေတာ ခိုးရိုက်လဲ"

"တာတာ ဟိုမှာဆရာလေးရှိတယ်၊ ပေးဆိုပေး. ."

"မင်္ဂလာယောက်ဖ ရွှေဘိုမြင်းလာပြီ မိအောင်ဖမ်း"

ခါးကိုဆွဲထားသဖြင့်. . ဖုန်းကို သူ့ဆီလှမ်းပစ်လိုက်သည်။ သူ မိအောင်အတော်ဖမ်းလိုက်ရသည်။ မတော်တဆပင် စကရင် ဘက်ကပေါ်နေ၍ သူ မတော်တဆကြည့်လိုက်မိသည်။

အပေါ်စီးမြင်ကွင်း. . . သူ့ကျောပေါ်မှာ မီမီမေအောင်။

"တောက်!. ."

တက်ခေါက်သံပေါ်လာ၏။

"အဲ့ဒါကလေးမဟုတ်ဘူး ဆရာဝန်စုတ်ရဲ့၊ ဟင်းဟင်း. . ရွှေဘိုမြင်းကျောကုန်း ဇိမ်တော်တော်တွေ့နေ၊ ကျောအရသာခံနေ ရှင့်ကျောမကဘူး ဇက်ပါခွစီးမယ့် ဟာမလေး မပြောလိုက်ချင်ဘူး"

ထူးနွဲ့ရီ တစ်ကိုယ်တည်းပြောနေသော နောက်ခံအသံ ကြည်လင်ပြတ်သားလှချည့်။

ပုံရိပ်များ ရှုပ်ယှက်ခတ်သွားပြီး. . ဂျိုင်းခနဲ တံခါးပိတ်သံ ပေါ်လာ၏။

သူမခါးကို တာတာက နောက်က အတင်းဖက်ရင်း ငြိမ်သက် နေချိန်မို့ အားလုံးအတိုင်းသား ကြားလိုက်ရသည်။ သူမ ကြောင်





ကြည့်နေစဉ် ဖုန်းပိတ်၍ စားပွဲပေါ်ချရင်း. . .

"ထူးပြောခဲ့သမျှ စကားတွေထဲမှာ နားဝင်အချိုဆုံးပဲ. . စကားလုံးနောက်ကွယ်က ပုန်းကွယ်နေတဲ့ အဓိပ္ပာယ်တွေကိုလည်း ဒီနေရာကနေ ကြားနေရပါတယ်"

ဘယ်ဘက်ရင်ဘတ်ကို လက်ညှိုးနှင့် ထောက်ပြရင်း ပြော ခြင်းဖြစ်သည်။

"တာတာ့ကို မဆူနဲ့နော်၊ ကလေးတွေကို ဆူတာလည်း သူ့ အနာဂတ်ကို သတ်တာနဲ့ အတူတူပဲ. . သွားမယ် တာတာ"

"ဟုတ်"

သူမ ပါးစပ်ဟတတလေး ကျန်ခဲ့သည်။ လှမှလှ။

အိမ်အပြင်တွင် မနက်ခင်းသည်. . .

တစ်သက်လင်းတော့မည့်ပုံ. . .။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၉)



ငှက်ပျောသီးခိုင်အစိမ်း အသီးထွားထွားကို ပခုံးပေါ်က ချ၍ ဆေးခန်းထောင့်ကခုံပေါ် လှမ်းတင်သည်။ ဆေးမင်ကြောင် လက်တစ်ဖက်နှင့် ငှက်ပျောခိုင်ကို လှမ်းဖက်ရင်း . . လည်ပင်းက တဘက်နှင့် ချွေးသုတ်သည်။

အိမ်အတွင်းဘက်တံခါးမှ ဆေးခန်းထဲဝင်လာသော ဆရာဝန်လေးသည် စိုစိုပြည်ပြည် ကြည်ကြည်လင်လင်ဖြစ်နေသော သူ့ လူနာအခြေအနေကို လှမ်းကြည့်ရင်း ကျေနပ်ပီတိနှင့် ပြုံးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ကိုစောခိုင် အရက်ပြတ်သွားပြီလား"

"ဒီကနေ့ တစ်လတင်းတင်း ပြည့်ပါတယ်ဆရာ၊ တစ်သက်လုံး ဒုက္ခပေးလာတဲ့ အရက်ကို အနံ့တောင် မခံနိုင်တော့ဘူး၊ ဆရာ့ကျေးဇူးပါ. . ."

"ဟာ. . လက်အုပ်တော့မချီပါနဲ့ဗျာ၊ ကျွန်တော် ငရဲကြီးပါ့မယ်"

"ထိုင်သောင်ရှိခိုးမလို့ လာတာပါဆရာရယ်. . အေးဘုံတို့ သားအမိတွေဆို နေ့တိုင်း ဆရာနာမည်ကိုတပ်ပြီး. . ကန်တော့ကြတယ်၊ ကျွန်တော် အကုန်ပြန်ပြောပြခဲ့တာကိုး၊ အဲ့ဒီနေ့က ပိုက်ဆံအိတ် အလစ်သုတ်တာကို ကိုအောင်ဒင်ကြီးက ဖမ်းပြီးပြန်အပ်တယ်၊ ရဲမတိုင်တဲ့အပြင် နှစ်သောင်းပေးတယ်၊ ကိုအောင်ဒင်ကို တစ်ရွက်လိုက်ပေးခိုင်းတယ်၊ ကျွန်တော် အကုန်ပြန်ပြောပြလိုက်ပါတယ်"

ပခုံးဖက်၍ ဝင်ထိုင်ရင်း. .

"လူဆိုတာ မှားတတ်တာပဲ၊ မှားမှန်းသိလို့ ပြင်တဲ့နေ့ဟာ အမှန်တရားပေါ်ကို ခြေလှမ်းတစ်ဖက် စနင်းတာပဲ၊ ကဲ. . ဆက်လျှောက်ပါ။ ငှက်ပျောတစ်ခိုင်လုံး ကျွန်တော်တစ်ယောက်တည်း ဘယ်လိုကုန်အောင် စားမလဲဗျာ၊ တစ်ဖီးထားခဲ့ ကျန်တာ ဆရာတော် ပညောကျောင်းကို သွားပို့၊ ဘုန်းကြီးကိုပါ အရက်သောက်တဲ့အကျင့်လျှော့ခဲ့. ."

"ဟုတ်ပါရဲ့ ဘုန်းကြီးကိုလျှောက်ရမယ်. . တပည့်တော် ဒီတစ်ခါ အရက်တကယ်ပြတ်ပြီလို့၊ ဆရာလေးက စိတ်ကို အိပ်မွေ့ချတယ်၊ ခန္ဓာကို ဆေးသွင်းပေးတယ်လို့ လျှောက်ရမယ်"





ကိုစောခိုင်ကို ခြံဝအထိ လိုက်ပို့ရင်း ငှက်ပျောခိုင်ကြီးနှင့် တဖြည်းဖြည်း ကျောပေးသွားနေသူကို ပီတိနှင့်လှမ်းကြည့်နေမိသည်။ ထူးနွဲ့ရီတို့အိမ်ဘက် လှမ်းကြည့်လိုက်သေးသည်။

ဝင်ခါနီးမှ. . .

"အောင်မလေးဗျ. . အား. . လား. . လား"

အသံလာရာကျောဘက်ဆီ ငုံ့ကြည့်လိုက်တော့. . နှုတ်ခမ်းမွေးကိုအောင်ဒင်ကြီး ဖြစ်နေသည်။ မခင်ဝိုင်းတို့အိမ်ရှေ့က ကျောက်ခဲကြီးတစ်လုံးကို ဝင်တိုက်ရင်း ခြေမကို ငုံ့ကိုင်နေခြင်းဖြစ်သည်။

သူ့ကိုမမြင်သေး. .၊ ဘယ်ဘက်က မခင်ဝိုင်းအိမ်ကို ငေးသဖြင့် ညာဘက်ကသူ့ကို မမြင်ခြင်းဖြစ်မည်။

"ဟေး. . ကိုအောင်ဒင်ကြီး၊ လာ. . ဆေးထည့်ရအောင်"

"ဟာ. . ဆရာလေး. . လာပြီ. . လာပြီ၊ အား. . ပွဲသွားသဟ"

ထော့နင်း၍ သူ့ဆီလျှောက်လာသည်။ ပခုံးကို ဆီးဖက်၍ ငုံ့ကြည့်လိုက်တော့ ခြေမနှင့် မြင်းကြယ်ဖိနပ်ကြား သွေးတွေ မြင်ရသည်။ အိမ်ထဲ အတူလျှောက်ဝင်ရင်း. . .

"စောခိုင် စောစောက ငှက်ပျောခိုင် ထမ်းထွက်သွားတာ မြင်လိုက်တယ်၊ ဘယ်လဲဟော့ကောင်ဆိုတော့ ဆရာလေးကို သွားကန်တော့မလို့တဲ့၊ ဟုတ်မဟုတ် လိုက်ချောင်းတာ. . ဟဲ. . ဟဲ"

"ကျွန်တော့်ကို မချောင်းခင် မခင်ဝိုင်းကို ချောင်းမိတော့ ထိပြီမှတ်လား"

"ဟဲဟဲ. . ချစ်ဒဏ်ရာတွေပေ့ါ ဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား. . ပြောကော ပြောပြီးပလား"

"မပြောရဲလို့ပေါ့ ဆရာလေးရယ်. . ၊ တုတ်တုတ်မောင်းတဲ့ ကောင်နဲ့ အိမ်ကြီးရှင်နဲ့ အဆင့်က ကွာနေတာပဲဥစ္စာ"

"လူလူချင်းပဲဗျာ၊ မခင်ဝိုင်းက အဆင့်အတန်းခွဲပုံ မရပါဘူး"

ဒရက်စင်းလုပ်၊ ဆေးထည့်၊ ပတ်တီးစည်းပေးရင်း. . . ကိုအောင်ဒင် အားပါးတရပြောပြသော မနက်ခင်းဈေးတွင်း လက်ဖက်ရည်ဆိုင်သတင်းကို နားထောင်ရသည်။

"ကောင်မလေးက မဝိုင်းဆီကို အဲ့ဒီသတင်း ကြားချင်လို့ မဟားတရား လိုက်လာပုံပဲ၊ မုန့်ဟင်းခါးဆိုင်မှာ ဈေးခြင်းတောင်း ကျန်ခဲ့တဲ့အထိပဲ ဆရာလေးရေ့"

"ဒါက မ,သဘာဝပါ၊ ဒီလောက်နဲ့ ကိုယ့်ကိုကျနေပြီလို့ ကျိန်းသေပြောလို့ မရပါဘူးဗျာ"

"အောင်ဒင်တို့ အကဲခတ်ရင် လွဲခဲတယ်ဆရာလေး. . ၊ ကောင်မလေးကို အသေအလဲလိုက်နေတဲ့ ထွန်းမြင့်အောင် မူးပြီး ပြောပြတယ်"

"ဘယ်သူလဲ ထွန်းမြင့်အောင်ဆိုတာ"

"ဆရာတို့လမ်းထဲကပဲလေ ကျန်းမာရေးမှူး ဦးဝင်းတင်သားလေ. . ဆံပင်ရှည်နဲ့ D.T ဆိုင်ကယ် တဝူးဝူးနဲ့ကောင်လေ"

"အင်း. . သိတယ်၊ သူကဘာပြောလို့လဲ ကိုအောင်ဒင်ရဲ့"

"ဒီဆရာဝန်စုတ် ရောက်လာမှ. . ထူးလေး မူပြောင်းသွားတယ်တဲ့၊ သူ့ကို ဖုတ်လေသည့်ငပိ ရှိလေသည်တောင် မအောက်မေ့တော့ဘူးတဲ့"





"အရင်က ဘယ်လိုမှုနဲ့ ဆက်ဆံခဲ့ရလို့လဲ"

"ကျွန်တော်ကလည်း အဲ့ဒါပဲမေးတယ်လေ၊ မင်းကို မထူး အရင်က ဘယ်လိုဆက်ဆံလို့လဲ ဟောကောင် ဆိုတော့. . ၊ မေးထူး ခေါ် ပြော တွေ့ရင်ပြုံးပြပေါ့တဲ့၊ ဟား. . ဟား. . မင်းက အတော်ခရီး ရောက်နေပြီပဲ ဆိုတော့ အဲ့ဒီအဆင့်က စ,ရမှာပဲလေတဲ့၊ ဆရာလေး ကိုလည်း တွေ့မယ်တွေ့မယ် လုပ်နေလို့ ဟောကောင် ဆရာလေးကို ထိရဲထိကြည့် မင်းကိုငါ ကိုင်ပေါက်လိုက် ပြန်ကောက်လိုက်. . ကိုင် ပေါက်လိုက် ပြန်ကောက်လိုက်. . အခါနှစ်ဆယ်လုပ်ပြမယ်၊ ကျန်တဲ့ ဆယ့်ကိုးကြိမ်ကတော့ မင်းသိမယ် မထင်တော့ဘူးလို့ ကျိန်းပစ်ခဲ့ တယ်၊ အလကား. . မှတ်ပုံတင် မင်မခြောက်သေးတဲ့ ကမျောက်က ခြောက်ကောင်. . အပ်ပုန်းကောင်၊ သူ့ အဖေဆေးအိတ်နဲ့ လျှောက် ကုစားနေတဲ့ကောင်"

"အဲ့ဒါတော့. . . မသိနားမလည်တဲ့လူနာတွေ အန္တရာယ်ရှိ တယ်ဗျ"

"သေကုန်တာတွေ မနည်းဘူး၊ ဘယ်သူကမှ မတိုင်ရဲတော့ ဘာပြဿနာမှလည်း ခုထိမဖြစ်ဘူးလေ"

မမမော်လီမော်ကို လှမ်းသတိရလိုက်သည်။ စာတမ်းတွင် သည်အကြောင်းတွေ အသေးစိတ်ရေးချင်သည်ဟု ပြောဖူးသည်။ ကျန်းမာရေးအသိမဲ့နေသော ပြည်သူတွေကို မမက ကယ်တင်ချင် သူဖြစ်သည်။ ပတ်တီးစီးခြင်းကိစ္စ ပြီးသွားသည်။ ခြံဝဘက် မျက်နှာ မူ၍ ကုသခံနေသော ကိုအောင်ဒင်က. . .

"ဟာ!. . ဟိုမှာဝင်လာပြီဆရာ၊ ကျနော်ဘာလုပ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်ကြမ်းပေါ် ချ၍ ထရမလို, ထိုင်ရမလိုဖြစ်နေသည်။ သူငဲ့ကြည့်လိုက်တော့ အိမ်ထဲလှမ်းဝင်လာနေသော ထူးနွဲ့ရီနှင့် မခင်ဝိုင်း။

ထူးနွဲ့ရီက ကြိုချိန်းထားပြီးဖြစ်သည်။ ဟိုတစ်နေ့က ရွှေဘိုမြင်းကိစ္စဖြစ်ပြီး သူမရှက်နေပါလိမ့်မည်။ နှစ်ရက်ခန့် ဘာအဆက်အသွယ်မှ မရှိခဲ့။

သူကလည်း ရင်ဘတ်(နှလုံးသား)ကို လက်ညှိုးထိုးပြမိခဲ့တာမှားသွားပြီလားဟု စိုးရိမ်နေခဲ့သည်။ ညက ဖုန်းမြည်လာတော့ ထူးဟုသူဖုန်းကပြသည်။

ရင်တွေပန်းတွေ တုန်သွားသည်။

"နက်ဖြန် လူနာတစ်ယောက် ခေါ်လာမလို့"

ပါးစပ်က အလိုလိုထွက်သွားသည်မှာ. . .

"ဝမ်းသာလိုက်တာဗျာ"

"ဘာကို ဝမ်းသာတာလဲ"

"ဩော်. . ဆေးခန်း ခြောက်နေတော့ လူနာရရင် ဝမ်းသာတာပေါ့ဗျာ၊ ဘာရောဂါလဲဟင်"

"မခင်ဝိုင်းလေ ဘာရောဂါဆိုတာ သိမှာပေါ့၊ စိတ်ညှို့အိပ်မွေ့ချပြီးကုရမှာ"

သူသိထားသည်။ တာတာခါးတို့တိုင်း မခင်ဝိုင်းယောင်၍စကားလုံးသုံးလုံး ပါးစပ်ကထွက်သည်။ ယောင်တာကုချင်ရင် ယုံရင်လာခဲ့ပါ ကုပေးမည်ဟု ထူးနွဲ့ရီရှေ့မှာ တစ်ခါမကပြောဖူးသည်။

ယခု ထူးနွဲ့ရီကြောင့် ယုံသွားပြီထင်သည်။ သို့မဟုတ် ထူးက





သူ့ပညာကို လက်တွေ့စမ်းသပ်လို၍ ခေါ်လာခြင်းလည်းဖြစ်နိုင်သည်။ နောက်ဖြစ်နိုင်ခြေတစ်ခုမှာ အရှက်ပြေပြီမို့ ပြန်ခေါ်ရန်လမ်းစတစ်ခု အကြောင်းပြခြင်းလည်း ဖြစ်နိုင်သည်။

ဘာပဲဖြစ်ဖြစ် ပျော်နေသည်။

"ကိုအောင်ဒင် အေးအေးဆေးဆေးပဲထိုင်နေ ကွန့်မြမပျက်စေနဲ့ ထွက်ပြေးရင် ရုပ်ပျက်တယ်"

"ဟုတ်ကဲ့"

တံခါးဝရောက်သည်နှင့် တမင်ကြားအောင်. . .

"ခင်ဗျားခဏစောင့် မေးခိုင်ကာကွယ်ဆေးထိုးရမယ်၊ ဖုန်းဆက်ထားတယ် ဆေးလာပို့မယ်တဲ့"

"ဟုတ်ကဲ့ခင်ဗျ"

မခင်ဝိုင်းယောင်တတ်သော စကားလုံးကို ကိုအောင်ဒင်လည်းသိသည်။ ထူးနွဲ့ရီဝင်ဝင်ချင်း စကားဖေါ်စရာလည်း ရသွားသည်။

"ဩော်. . ကိုကြီးအောင်ဒင်ရောက်နေတာကိုး၊ ဘာဖြစ်တာလဲ ခြေမက"

"ဝင်္ကြွေးတွေပေါ့ကွယ်၊ ဘယ်အချိန်များမှ စံရမလဲတော့မသိဘူး တောက်လျှောက်ခံနေရတော့တာပဲ"

ကိုအောင်ဒင်က ရုပ်အနည်းငယ် ကြမ်းသော်လည်း နှလုံးနုသည်။ ကဗျာဆန်သည်။ မခင်ဝိုင်းက မသိမသာ မျက်စောင်းခဲသည်။ ကိုအောင်ဒင်ကြိုက်နေမှန်း နည်းနည်းရိပ်မိသည် ထင်သည်။ ကုလားထိုင်တွင် ဝင်ထိုင်ကြသည်။ မခင်ဝိုင်းက ကိုအောင်ဒင်ရှိနေ၍



www.burmeseclassic.com

www.burmeseclassic.com



ရှက်တက်တက်ဖြစ်နေသည်။ တမင်ရှိနေအောင် သူကမေးခိုင်ကာ ကွယ်ဆေးရှိလျက်နှင့် ဖမ်းချုပ်ထားလိုက်ခြင်းဖြစ်သည်။

"ကိုအောင်ဒင် ကလေးတက်တဲ့မနက်က နဝရတ်မှာ အလစ်သုတ်သမားကို လိုက်ဖမ်းတာ ခင်ဗျားအသေအချာ မှတ်မိတယ်နော်"

"မှတ်မိပါတယ်ဆရာ အဲ့ဒီကောင်လစ်သွားတာ ဆရာနဲ့ ကျွန်တော် နှစ်ယောက်ပဲသိတာပဲ၊ ဆရာကျွန်တော့်ကို လှမ်းကြည့်လိုက်ရုံလေးပါ။ ဒါပေမယ့် . . နားထဲမှာ ပဲ့တင်ထပ်ပြီး ကြားလိုက်ရတယ်၊ ပီပီသသ ပြတ်ပြတ်သားသားကြီးပါ။ လိုက် . . ဖမ်း . . လေ . . ဆိုတဲ့အသံ"

သူက . . .

"အစ်မ မခင်ဝိုင်း၊ ကိုအောင်ဒင်ဟာ ဘယ်တော့မှ ညာမပြောတတ်ဘူး၊ ကျနော်စိတ်ညှို့ပြီး ခိုင်းလိုက်တာ"

ထူးနွဲ့ရီက . . .

"ကျွန်မ အစ်ကိုအောင်ဒင်နဲ့ ခင်လာတာကြာပြီ၊ ဟုတ်တယ် ဘယ်တော့မှ လိမ်မပြောတတ်ဘူး ကျွန်မယုံတယ်"

"ညီမလေးယုံတာတွေ မမဝိုင်းလည်း ယုံတယ်"

"မထူးနွဲ့ရီ ကျွန်တော့်ကိုယုံလား"

"ယုံတယ်"

"ဒါဆို အစ်မမခင်ဝိုင်း ကိုအောင်ဒင်နဲ့ ကျွန်တော့်ကို ယုံလား"

"ယုံတယ် လုံးဝယုံပါတယ်"





"ကဲ . . ဒါဆို လုပ်ငန်းစလိုက်ရအောင်၊ အစ်မဝိုင်း ဒီလူနာခုတင်ပေါ်တက်ပါ . . လာ"

မခင်ဝိုင်းက ခပ်အေးအေး တည်တည်ပင်တက်၍ လှဲလိုက်သည်။

"ဘာမှမတွေးနဲ့ . . မျက်လုံးမှိတ် အကြောတွေလျှော့ချလိုက် တစ်ကိုယ်လုံးလျှော့ပါ . .၊ မျက်မှောင်ကြုတ်မထားနဲ့"

လက်မနှင့် မျက်ခုံးနှစ်ခုကြားကို ဖိ၍ ခပ်သာသာနှိပ်ပေးရင်း . . .

"အသက်ကို ဝအောင်ရှူသွင်းမယ်၊ ဟုတ်ပြီ . . မှုတ်၊ ခုနကြိမ်ရှူမယ်၊ ဖြည်းဖြည်းချင်းရှူ ဖြည်းဖြည်းမှုတ် . . ဟုတ်ပြီ . . ဟုတ်ပြီ . . ဟုတ်ပြီ . . ဟုတ်ပြီ . . မျက်ခွံတွေစင်းလာပြီ . . စင်းလာပြီ . . တစ်ကိုယ်လုံး လှုပ်မရတော့ဘူး . . အိပ်ချင်လာပြီ . . အိပ်ချင်လာပြီ အိပ်ပျော်တော့မယ်၊ ကျွန်တော့်အသံကလွဲရင် ဘာသံမှ မကြားတော့ဘူး၊ အိပ်တော့မယ် . ."

"ဖေါက်! . ."

"အဲသလို လက်ဖျစ်သုံးချက်တီးမယ်၊ သုံးချက်ပြည့်တာနဲ့ မခင်ဝိုင်း ခင်ဗျားအိပ်ပျော်သွားမယ် . . ဟုတ်ပြီ . . လာပြီ"

"ဖေါက်! . . ဖေါက်!"

"ဟုတ်ပြီ . . နောက်ဆုံးတစ်ချက် . ."

"ဖေါက်! . ."

"အိပ်ပျော်သွားပြီ . ."

ထူးနွဲ့ရီနှင့် ကိုအောင်ဒင် အံ့သြသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မခင်ဝိုင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်မှာ သိသာလှသည်။

"ကဲ. . . ထူးနဲ့ ကိုအောင်ဒင်ခဏ အိမ်ထဲဝင်ပြီး ရေခဲသေတ္တာထဲက ရေခဲရေပုလင်းနဲ့ ဖန်ခွက်သွားယူပေးပါ။ ကျွန်တော် သူယောင်ရခြင်းရဲ့ ဇစ်မြစ်ကိုမေးပြီး အမိန့်ပေးပါတော့မယ်၊ အထဲ တံခါးက ဝင်သွားကြပါ. . တံခါးစေ့ခဲ့"

အသံမကြားအောင် ခြေလှမ်း၍ အိမ်ထဲဝင်သွားကြသည်။

တံခါးမစေ့ခင်. . .

"ခဏလေး မထူး"

"ရှင်"

"အကြံတစ်ခုရလို့ သူယောင်တဲ့ စကားလုံးထဲက နောက်ဆုံးတစ်လုံးကိုပဲ အရင်ဖြုတ်ပစ်လိုက်မယ် နောက်တစ်ခါ အိပ်မွေ့ချဖို့ ကိစ္စရှိနေလို့"

နှစ်ယောက်သား ခေါင်းညိတ်၍ တံခါးစေ့ပေးလိုက်သည်။

"ကျို. . "

ရေခဲသေတ္တာရှိရာ နောက်ဖေးဘက်ဝင်ခဲ့သည်။ သည်အိမ်ကို ဒေါက်တာစိုးမင်းရှိစဉ်က ထူးနဲ့ရှိ ဝင်ထွက်နေကျမို့ ကျွမ်းသည်။

"ဟိုမယ် ရေခဲသေတ္တာ. . အစ်ကိုအောင်ဒင်"

"အတော်ပဲ ငါ ရေငတ်နေတာနဲ့. . ၊ အေးဟဲ့. . ဂလု!. . ဝလု!. . ငါ စဉ်းစားမိလာပြီ၊ နင်တို့မဝိုင်း ယောင်နေကျ စကားသုံးလုံးထဲက နောက်ဆုံးအလုံး ဖြုတ်လိုက်ရင် ရတနာသုံးပါးထဲက တစ်ပါးပဲဟ. . ယောင်ပလေ့စေ. . ငါက သူ့ခါးကို အရမ်းတို့ချင်ခဲ့တာဟ"





"ကိုအောင်ဒင်ကြီး ကြိုက်နေမှန်း ကျွန်မသိပါတယ်"

"နင့်မမဝိုင်းသိဖို့ အရေးကြီးတာ၊ ငါဖူးဖူးမှုတ်ထားပါ့မယ်ဟာ ပြောပေးစမ်းပါ"

"ဆရာ အခုနပြောတာ မကြားဘူးလား အစ်ကို၊ သူ့မှာအကြံတစ်ခုရှိတယ်တဲ့ နောက်တစ်ခါ အိပ်မွေ့ချဖို့ ကိစ္စရှိတယ်တဲ့၊ အစ်ကို့ဆရာကိုပဲအားကိုး၊ ကဲ. . ဒီမယ်ဖန်ခွက်၊ လာ သွားကြည့်ရအောင်"

"ကျို. . "

မခင်ဝိုင်းက အိပ်ပျော်နေဆဲဖြစ်သည်။

"ပြီးသွားပါပြီ. . အိပ်ပါစေဦး"

"ဒီမှာ ရေခဲရေ"

"နိုးလာမှ အစ်ကိုအောင်ဒင် ကြင်ကြင်နာနာတိုက်လိုက်ပါ၊ ခင်ဗျား မဝိုင်းကို တကယ်ချစ်တာလား"

"ပြောနေရသေးလား ဆရာလေးရာ၊ ကျွန်တော် ကောင်းရောင်းကောင်းဝယ် လုပ်ကျွေးမယ်၊ သနပ်ခါးပါ သွေးပေးမယ်"

သူမက. . .

"ဟုတ်တယ် အစ်မဝိုင်းတို့သားအမိ အားကိုးအားထားယောကျ်ားတစ်ယောက်လည်း လိုပါတယ်"

"ကဲ!. : အိပ်မွေ့ပြယ်လိုက်တော့မယ်၊ နိုးလာရင် ကိုအောင်ဒင်က ရေတိုက်မယ်၊ အပြန်တံခါးဝနားရောက်မှ ခါးတို့ပေးပါ"

အိပ်မွေ့ပြယ်စေသည်က ဘယ်လိုပါလိမ့်ဟု ထိုင်ကြည့်နေကြစဉ်. . . သူက မခင်ဝိုင်း နား,နားကပ်၍. . .

"အစ်မ မခင်ဝိုင်း ထတော့"



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲပြောလိုက်ခြင်းဖြစ်သည်။ မခင်ဝိုင်း နိုးလာလေသည်။ ထထိုင်သည်။ ပထမကြောင်စီစီနှင့် လိုက်ကြည့်နေသည်။ ကိုအောင်ဒင်က သူ့ရှေ့တွင် ဖန်ခွက်ထဲ ရေအေးလောင်းထည့်သည်။ ကမ်းပေးသည်။ ယူ၍ ပြောင်အောင်မော့ချသည်။ ထူးနွဲ့ရီက. . .

"ဘယ်လိုနေလဲ မမဝိုင်း"

"ရေခဲရေလိုပဲ"

ဝိုင်းရယ်ကြသည်။ ပုံမှန်ပင် ခုံပေါ်ကဆင်းသည်။

"နေရထိုင်ရတာ ဘယ်လိုလဲလို့မေးတာ မမဝိုင်းရဲ့"

"ဒီလိုပဲလေ"

"ဝိုင်းလေး ရေယူဦးမလား"

"ဝပြီ. . သူများရေနဲ့ မျက်နှာလာလုပ်နေတယ်"

နှုတ်ဆက်၍အပြန် နှစ်ယောက်လုံးကျောအပေး ကိုအောင်ဒင်ကို မျက်ရိပ်ပြလိုက်သည်။ ဖတ်ခနဲကပ်သွားပြီး. . မတို့ရဲ တို့ရဲ မခင်ဝိုင်းခါးကို လှမ်းတို့လိုက်သည်။ တွန့်ခနဲ. . .

"ဘုန်းကြီး!. . ."

"အောင်မြင်တယ်ဟေ့၊ ကျေးဇူးပဲ ဆရာလေးရေ့"

ထူးနွဲ့ရီက ဝမ်းသာအားရအော်ရင်း. . သူတို့ချင်း လက်ဝါးထောင်မြှောက်၍ ဖေါင်းခနဲရိုက်ရင်း ရယ်မောထွက်သွားကြသည်။

နှစ်ယောက်တည်းကျန်မှ ကိုအောင်ဒင်က. . .

"ဆရာလေး သူယောင်ရခြင်းရဲ့ဇစ်မြစ်က ဘာတဲ့လဲဟင်"

"ဟင်းဟင်း. . ဘယ်သူ့မှ လျှောက်မပြောနဲ့"

"မပြောပါဘူးဗျာ၊ ဝိုင်းလေး လျှို့ဝှက်ချက်ဟာ ကျွန်တော့်





လျှို့ဝှက်ချက်ပေါ့"

"မဝိုင်းအပျိုပေါက်တုန်းကဖြစ်တာ. .၊ အိမ်ကို ဆွမ်းခံကြွတဲ့ ဘုန်းကြီးတစ်ပါးဟာ ကြည်ညိုစရာ ရုပ်ဆင်းအင်္ဂါနဲ့ ပြည့်စုံတယ်တဲ့၊ အဲ့ဒီဘုန်းကြီးကို အိမ်အောက်က ခွေးသားပေါက်မက ဝင်ဆွဲတာတဲ့၊ ဝရုန်းသုန်းကားပေါ့၊ မောင်းမရ ပြုမရ ဆွမ်းဟင်းပန်းကန်လွှတ်ချပြီး ခွေးမကို သူကိုယ်တိုင်ဝင်လုံးမှ သင်္ကန်းစကို လွှတ်တယ်တဲ့လေ. . အဲ့သမှာ ခင်ဗျားစဉ်းစားကြည့်ပေါ့ဗျာ"

ကိုအောင်ဒင် အသံဝါကြီးနှင့် အော်ရယ်လေသည်။

ရယ်၍အားရမှ ပြောလာပုံကိုကြည့်. . .

"ဆရာလေးကို အားကိုးပါတယ်ဗျာ. .၊ ကျွန်တော့်အိမ်သူ သက်ထားဟာ ခါးတို့တိုင်း သံဃာရတနာကို တည်လေ့ရှိတာကို. . ကျွန်တော် ဂုဏ်ယူချင်လွန်းလို့ပါ. ." တဲ့။

သည်တစ်ခါ ဟက်ဟက်ပက်ပက် ရယ်မိသူက သူကိုယ်တိုင်ပါပေ။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၁၀)

သူ့အားလပ်ချိန်တွေကို လုံးဝအနားမယူဘဲ အချိန်ဇယား ရေးဆွဲ၍ တာတာ့သုတေသနကို သူစတင်ခဲ့သည်။ သူ့ကစားဖော် ကစားဖက်များနှင့် ထူးတို့ခြံထဲတွင်ကစားသည်။ သူ့ခြံထဲ သူ့အိမ်ထဲ မှာလည်း အခါအားလျော်စွာ ကစားသည်။ ထူးနွဲ့ရီ၊ တာတာနှင့်သူ သုံးယောက်ကစားသည်။ သူနှင့်တာတာ နှစ်ယောက်တည်းလည်း ကစားသည်။

စာသင်ချိန်များလည်း ထို့အတူပါပင်၊ အားလုံးနှင့်သူ့အစ်မ



www.burmeseclassic.com

www.burmeseclassic.com



သင်သည်။ သူသင်သည်။ သုံးယောက်သား ဝိုင်းဆွေးနွေးသည်။ နှစ်ယောက်တည်း ဆွေးနွေးသည်။ လိုအပ်လျှင် မှတ်တမ်းတင်ထားသည်။ ကွန်ပျူတာထဲ အခြေအနေတိုးတက်မှုကို မှတ်တမ်းတင်ထားသည်။

အထူးသဖြင့် တာတာကို ကိုယ်လက်လှုပ်ရှားအားကစားတွင် ဇောက်ထိုးတွဲလောင်းနေရသော လေ့ကျင့်ခန်းများ လုပ်စေသည်။ ဦးနှောက်အတွင်းရှိ သွေးကြောများ၊ ဆံချည်မျှင်သွေးပြွန်များ ကျယ်လာစေရန်ဖြစ်သည်။ သိမှတ်ခံစားဆဲလ် ချူရှန်းများဆီ သွေးပိုရောက်စေရန်ဖြစ်သည်။ အိပ်မွေ့ချ၍ ဇစ်မြစ်ရှာခြင်းကိုတော့ တစ်ပတ်တစ်ခါသာ နှစ်ယောက်တည်း သီးသန့်လုပ်သည်။

မထင်မှတ်သော တာတာ၏ ခံစားချက်များ၊ အတွေ့အကြုံများကို သိရသည်။ သူက အတတ်နိုင်ဆုံး ဦးနှောက်ပူအောင်သုံး၍ ဖြေရှင်းပေးရသည်။ တိုးတက်အောင်မြင်မှုကလည်း ထင်မှတ်မထားဘဲ မြန်ဆန်လွန်းသည်။ တိုတိုပြောရလျှင် တာတာသည် ကလေးများနှင့် ကစားခြင်းကို စွန့်ပယ်လိုက်သောအဆင့်ကို ရောက်လာသည်။

အင်္ဂလိပ်စာလည်း ရေးတတ်၊ ဖတ်တတ်လာသည်။ ဉာဏ်ရည်လွန်စွာထက်ကြောင်း အံ့အားတသင့်တွေ့ရသည်။ နောက်ဆုံးအဆင့် နှစ်ဆင့်သုံးဆင့်ကျော်ဖြတ်လျှင် ပုံမှန်အသိဉာဏ်နှင့် ပုံမှန်အသက်အရွယ်သို့ ရောက်ပေတော့မည်။ အရေးကြီးလာပါပြီ။ ထူးနွဲ့ရီလည်း အရမ်းဝမ်းသာနေပုံရသည်။

အနေအထိုင် အသွားအလာလည်း လူလားမြောက်လာ၏။ ကံကောင်းသည်မှာ ဒေါ်ကြည်ကြည်သည် ဖေဖေဦးထူးမောင်နှင့်





အတူလိုက်ပါနေရခြင်းဖြစ်သည်။

"ကဲ. . အခွင့်အရေးရတုန်း တာတာ့ကိုခေါ်ပြီး ရန်ကုန်သွားဖို့စီစဉ်ပါ. . ထူး၊ ဦးနှောက်ခါတ်မှန်ရိုက်ရမယ်"

"ဘွားဘွားတစ်ယောက်တည်း"

"မမခင်ဝိုင်းရှိသားပဲ၊ ကိုအောင်ဒင်နဲ့ မမဝိုင်းလည်း အဆင်ပြေစပြုပြီပဲ၊ တစ်ညဉ့်အိပ်. . အများဆုံး နှစ်ညဉ့်အိပ်ခရီးလေးပါ. . ၊ အရေးကြီးပြီ ထူး"

"ထူး စီစဉ်ပါ့မယ်၊ အင်း. . . မေမေသိရင်တော့ ပြဿနာတက်လိမ့်မယ်"

"ဘယ်လိုပြဿနာဖြစ်ဖြစ် လက်တွဲရင်ဆိုင်ကြရအောင်ပါ၊ ကိုယ်တို့ဘက်မှာ မမမော်လီမော်နဲ့ သူ့ဆေးရုံကြီးတစ်ခုလုံး ရှိတယ်"

"ဆေးရုံက အင်္ဂလန်မှာလေ"

"လိုအပ်ရင် စရိတ်ငြိမ်းခေါ်ဖို့အထိ စီစဉ်ထားတယ်ထူး"

"တာတာက အဲ့လောက်အထိ ခမ်းနားနေလား"

"ထူး ထင်မှတ်မထားအောင် ခမ်းနားတယ်၊ တာတာ့အစီရင်ခံစာတွေ မမဆီကတစ်ဆင့် အင်္ဂလန်အထိပို့နေခဲ့တာ၊ ဟိုကဆေးပညာရှင်တွေအတွက် ရှားပါးလူနာ ဖြစ်နေတယ်လေ"

"အဲ့သလောက်တောင်ဆိုရင်တော့. . ထူး ဆုံးဖြတ်ခွင့်မရှိဘူးလေ၊ မေမေနဲ့ဖေဖေဆုံးဖြတ်ရမယ့်ကိစ္စတွေ ဖြစ်နေတယ်၊ အခုလိုလုပ်နေတာတွေတောင် သူတို့သိကြတာမှတ်ဘူး"

ထူးနွဲ့ရီစကားကလည်း မှန်နေသည်။

မိဘမသိဘဲ ခိုးကြောင်ခိုးဝှက်လုပ်နေသည့်ကိစ္စက သူတို့



www.burmeseclassic.com

www.burmeseclassic.com



သား၏ ရောမကိစ္စကြီး ဖြစ်နေသည်လေ။ သူ့ထက် စီနီယာအများကြီးကျသော Dr.စိုးမင်းပင် နားချ၍ မရသောကိစ္စကြီး မဟုတ်တုံလော. . ။

မိသားစုဆရာဝန် ပေါက်စအနေဖြင့် သည်လောက်အောင် မြင်နေသည့် Project ကြီးကို လှုပြိန်းနားလည်အောင် ဘယ်လိုရှင်းပြမည်နည်း။

မိသားစုဆရာဝန်မဟုတ်ဘဲ မိသားစုဝင် ဖြစ်လိုက်ချင်တော့သည်။ ထိုအဆင့်နေနေသာသာ တာတာ့အနာဂတ်ကို ဇန်းပြ၍ ထူးနွဲ့ရိကို ချဉ်းကပ်ဖြားယောင်းနေသည်ဟု ထင်သွားမှာကိုပင် သူစိုးရိမ်နေ၍. . ကာယကံ၊ ဝစီကံကို တတ်နိုင်သမျှ ထိန်းသိမ်းနေခဲ့ရသည်။ မနောကံအတိုင်းသာ ပြုမူနေထိုင်လိုက်ချင်တော့သည်။

သမားဂုဏ်ကလည်း တမှောင့်. . ၊ ပတ်ဝန်းကျင်နှင့် ရိုးရာအစဉ်အလာကလည်း ရွှာသာယာ မြို့မည်ကာမတ္တအရပ်။ ခုပင်ဟိုကသည်က သည်ယုံမြင်၍ သည်ခြုံထွင်သည်ဟု ပြောင်မပြောရုံတမယ်။

သူတို့မြို့၏ အလှပဂေးလေးက တစ်ကိုယ်တည်းနေသော လူပျိုဆရာဝန်အိမ်ကို ဝင်ထွက်သွားလာနေကတည်းက ပြောချင်ဆိုချင် မေးငေါ့ချင်နေသော ပတ်ဝန်းကျင်အဟောင်း အမြင်ကြီးကလည်း မျက်ခွံကို ထောက်,ထောက်ထားပြန်သည်။ အမှောင့်အမျိုးမျိုးကြားမှာ တိုးတက်နေမှုက ဘယ်သူ့ကိုမှ ချပြ၍မရပြန်။

သည်ကြားထဲ ချစ်သူကို. . (အသက်တမျှ ချစ်နေရသူကို) အကျဉ်းအကျပ်ထဲ ဆွဲထည့်သလိုဖြစ်နေခြင်းက အတော့်ကို ရင်နင့်





စရာကောင်းလှသည်။

"ဖေဖေနဲ့ မေမေပြန်လာမှ ရန်ကုန်သွားပြီး ခါတ်မှန်ရိုက်မယ့် အစီအစဉ်ကို အရင်ဆုံးပြောကြည့်ရအောင်ပါ၊ အင်္ဂလန်ကိစ္စတွေ ဘာတွေ အသာထားပါဦး. . ဒီလောက်ခေတ်မီကြမှာ မှုတ်ဘူး၊ သူတို့သား ရှူးလို့ အင်္ဂလန်နိုင်ငံခြားထိ သွားကုရတယ်လို့ ထင်သွားရင်. . ကြိုးစားထားသမျှ ရေစုန်မျှောလိမ့်မယ်ကိုယ်" တဲ့။

ဟူး. . ။

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



**လေ**အိတ်ကားကြီး ခြံထဲခေါင်းထိုးဝင်လာပုံက ခမ်းနားလှသည်။ ခြံနှင့်အိမ်၏ အသရေကို ပို၍တင့်တယ်စေတော့သည်။ ဝရန်တာပေါ် ထိုင်တွေးနေသော ထူးနွဲ့ရီ ဒိတ်ခနဲ ဝမ်းသာ၍. . အပြေးတစ်ပိုင်းဆင်းလာရင်း ရင်ဆိုင်ရတော့မည့်ပြဿနာကို တွေးမိတော့ ခြေလှမ်းအနည်းငယ် လေးသွားသည်။ သူမအိမ်အပြင်ရောက်သော အခါ ခရေပင်အောက်ခုံတန်းတွင် စာဖတ်နေသော တာတာ့ကို လှမ်းမြင်သည်။

“တာတာရေ. . ဟိုမှာ ဖေဖေနဲ့ မေမေပြန်လာပြီ”

အော်ပြီး ရပ်နေကျနေရာတွင် ထိုးဆိုက်သောကားဆီ ခပ်မြန်မြန်လျှောက်သွားသည်။ တာတာ့အရင် ရောက်မှဖြစ်မည်။

ဖေဖေအတွက် သူမနှင့်မေမေက ကျောထောက်နောက်ခံတွေလေ၊ အားကစားလေ့ကျင့်ထားသော တာတာက (၁၂၀)ပေါင်





အထိ ရှိနေပြီလေ၊ တော်တော့်ကို ကျောထောက်ရတော့မည် မဟုတ်လား။

ကားတံခါး ရှင်းခနဲပွင့်ပြီး အရင်ဆုံးဆင်းလာသည်က ကျန်းမာရေးမှူး ဦးဝင်းတင်နှင့်ဇနီး ဒေါ်ထွန်းထွန်းအောင်၊ သူတို့ ဘုရားဖူးလိုက်ကြသည်ကိုး၊ နောက်က နွားကျောင်းသားဝတ်စုံနှင့် ဆင်းလာသူက ထွန်းမြင့်အောင်။

သူမ ခြေလှမ်းနည်းနည်းနှေးသွားသည်။ သည်အဒေါ်ကြီးကို အာရုံနောက်သည်။ လူကြားသူကြား ချွေးမခေါ်တတ်၍ သူ့သားဘယ်လောက်တော်ကြောင်း ကြွားတတ်၍ဖြစ်သည်။

ထွန်းမြင့်အောင်၏ စားတော့ဝါးတော့မည့် အခိုးထွက်မျက်လုံးတွေကိုလည်း ဘယ်လိုမှ ကြည့်မရခဲ့။

“ဟယ်!. . ကိုတင်၊ ဟိုမယ် ရှင့်ချွေးမလေး တစ်နေ့တခြား လှလာလိုက်တာကွယ်”

“အေးဟဲ့ ကျန်းမာရေးကောင်းတော့ ဖွံ့ဖြိုးစိုပြည်လာလိုက်တာ. . ”

သူ့သားမျက်လုံးက အဖေဆီက အမွေစစ်စစ်ပဲလား. . ။

“ထူး. . နေကောင်းလား၊ အမောပြေလိုက်တာဗျာ”

လူကြီးနှစ်ယောက်ကိုတော့ မကောင်းတတ်၍ ပြုံးပြလိုက်ပြီး ကားတံခါးနားပိတ်ရပ်နေသော ထွန်းမြင့်အောင်ကိုတော့ ကပ်၍ ပြောခဲ့သည်။

“နေမကောင်းလည်း အပ်ပုန်းတော့မပြဘူး အသေခံလိုက်မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပိုင်ဆရာဝန် ရှိနေတာကိုး. . ဟင်းဟင်း"

ကွမ်းသွေးတွေ ရဲမည်းနေသော ပါးစပ်ကြီးကို ဖြတ်ရိုက်ချင်သည့်စိတ်ကို မျိုသိပ်၍ ကားပေါ်တက်လိုက်သည်။ ယာဉ်မောင်းကိုနာတူးက. . ရှူး!. . ဟု နောက်ကိုလက်မည္ဘွန်ပြသည်။

"ဟင်!. . ဖေဖေ နေမကောင်းဘူးလား"

ဖေဖေ့ကို မေမေကတွဲ၍ လျှောက်လမ်းမှာ ရပ်နေသည်လေ။

"အိပ်ရေးပျက်လို့ အားနည်းတာပါသမီးရယ်၊ တာတာမသိစေနဲ့ဦး၊ ဖေဖေ့ရင်ခွင်ထဲ ပြေးမတက်ဘဲ နေဦးမယ်၊ ဖယ်ပါ မကြည်ရယ် သမီးလည်းဖယ်"

မေမေ့မျက်နှာလည်း တစ်မျိုးဖြစ်နေသည်။ ထင်သည်။

ဖေဖေကားတံခါးဝကဆင်း၍ သားအမိနောက်က လိုက်ဆင်းရင်း ကျောထောက်ရန် အသင့်ရပ်လိုက်သည်။

စာအုပ်ကို လက်ညှိုးနှင့်ညှပ်ကိုင်၍ သာမာန်အပြုံးနှင့် လမ်းလျှောက်လာနေသော တာတာကို အားလုံးမြင်နေရသည်။

ဖေဖေက ရင်ဖွင့်၍. . .

"သား. . ဖေဖေ့သား. . တာတာ"

ဟူ၍ ခါတိုင်းလိုပင် ပြေးအတက်ကို စောင့်သည်။ တာတာက ခပ်အေးအေးပင် မတ်တတ်ရပ်၍ လှမ်းဖက်သည်။ ကျားကန်မည့်သူများလည်း ကြောင်တောင်၍ ကြောင်ကန်ရမလို ဖြစ်သွားသည်။ ဖေဖေကလည်း အရင်ထက် တုတ်ခိုင်နေသော သားတော်မောင်ကို ရင်ချင်းခွာ လက်မောင်းစုံကိုင်၍. . .





"ဟား. . ငါ့သားကြီးက ထွားလာလိုက်တာ"

တာတာက ခပ်တိုးတိုးကပ်ပြောသည်။

ရယ်မော၍. . .

"သား. . ကလေးမဟုတ်တော့ဘူး ဖေဖေ"

ရုတ်တရက် မေမေကြားလိုက်ပုံမရ။ တာတာ့လက်ထဲက စာအုပ်ကို လှမ်းကြည့်သည်။ ရှုမဝ ချစ်ကိုယ်တွေ့ပေါင်းချုပ် ဖြစ်သည်။ တော်သေးပါရဲ့ မေမေစာမဖတ်တတ်၍။ တာတာက. . .

"ဟင်!. . ဖေဖေနေမကောင်းဘူးလား၊ အသားတွေက ပူလိုက်တာ၊ လာ. . ဖေဖေ သားကိုကျောပိုး"

"ဟာ!. . မဟုတ်တာ ဖေဖေလျှောက်နိုင်ပါတယ်"

"တက်ပါ ဖေဖေရဲ့၊ ဖေဖေ့ကို သားနိုင်ကြောင်းပြမလို့"

အတင်းပင်ကျောပိုး၍ ပေါ့ပေါ့ပါးပါးပင် အိမ်ဘက်ခေါ်သွားလေသည်။ မေမေက ပါးစပ်အဟောင်းသားကျန်ခဲ့သည်။ သူမကတော့ ယနေ့မနက် ဆေးရုံက သူဂျူတီထွက်,မထွက် တွေးနေသည်။

ဖေဖေ့ကို နှစ်ယောက်အိပ်ခန်း ခုတင်ပေါ်တန်းတင်၍. . အဲယားကွန်းထဲ အေးလာသမျှ နွေးနွေးထွေးထွေး ယုယုယယထားလိုက်ရသည်။

"ဒေါက်တာ ဇင်ဇော်သူ ညဉ့်က ဂျူတီကျတယ်ဖေဖေ၊ လှမ်းခေါ်လိုက်မယ်နော်"

"ဂျူတီမထွက်သေးရင် နေပါစေသမီး၊ ဖေဖေတရေးအိပ်လိုက်ရင် လန်းသွားမှာပါ၊ လူနာတွေထားပြီး ပြေးလာရမှာ အားနာစရာကောင်းလှတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ခဏစောင့်ကြည့်သည်။ ဖေဖေ အိပ်ရေးတွေ ဘယ်လောက်ပျက်ထားသည်မသိ နှစ်ခြိုက်စွာ အိပ်ပျော်သွားလေသည်။ သူ့ဆီဖုန်းဆက်တော့ ခွဲခန်းထဲက မထွက်သေးကြောင်း နာ့စ်က အကြောင်းပြန်သည်။ ပြောလိုက်ပါ့မည်တဲ့. . ။

ရေချိုးခန်းဝင်နေသော မေမေ့ကို သနပ်ခါးသွေးပေးရင်း စောင့်နေမိသည်။ မေမေက ကျောက်ပျဉ်ပါ သမီးအခန်းဆီယူခဲ့ရန်နှင့် ပြောစရာရှိသည်တဲ့. . ။

ဘွားမှုန်ဝေယျာဝစ္စကို တာတာက တာဝန်ယူနိုင်ပြီဖြစ်သည်။ ယခုလည်း ဘွားမှုန်နားမှာ ရှိနေသည်။ မေမေက သနပ်ခါးလိမ်းရန် မှန်တင်ခုံတွင် ထိုင်ရင်း ဆိုင်းမဆင့်ဗုံမဆင့်ပင် . . .

"သမီးအဖေမှာ ပထမအိမ်ထောင်ရှိတယ် သမီး"

"ရှင်!. . ဘယ်သူပြောတာလဲ"

"ကိုဝင်းတင်မိန်းမ ထွန်းထွန်းအောင်ပြောတာလေ"

"သေချာရဲ့လားမေမေရယ် သူတို့စကားများ. . ."

"သေချာတယ်သမီး. . သူတို့ဇာတိ သာဂရက မအေးမှီဆိုလား၊ ကလေးတစ်ယောက်တောင် ကျန်ခဲ့သေးတယ်တဲ့၊ သူ့မိန်းမ အေးမှီကတော့ မီးတွင်းမှာပဲ ဆုံးသွားတယ်တဲ့"

မိသားစုအပေါ် တာဝန်ကျေလွန်းသော ဖေဖေလူရိုးကြီးကို သူမဘယ်လိုမှ ထင်မထားသောအဖြစ်။

"ကိုဝင်းတင်ပြောမှ သားတစ်ယောက်ကျန်ခဲ့တာ၊ အေးမှီသေတာကို နင့်အဖေသိတာတဲ့. . အဲ့ဒါ ဆရာတော်ဦးသောဘိတကျောင်းဝမှာ ကားရပ်ပြီး နှစ်ယောက်သား ဆင်းစုံစမ်းကြတယ်လေ၊



တစ်နာရီလောက်ကြာမှ နင့်အဖေ မျက်စိမျက်နှာပျက်ပြီး ကားဆီ ပြန်လာတယ်၊ သူ့ သစ်သားဘတ်(စ)ကား စပယ်ယာဘဝက ဖြစ်ခဲ့တာတဲ့"

"အဲ့ဒီကလေးကော. . တွေ့လား မေမေ"

"ကလေးက စာတော်တယ်. . လိမ္မာတယ်တဲ့၊ ရှစ်တန်းကို ဂုဏ်ထူးနဲ့ပါသတဲ့ ရန်ကုန်က ကထိန်လာခင်းတဲ့ ဒကာဒကာမက မွေးစားဖို့ အပြီးခေါ်သွားတယ်တဲ့. ."

"ဘယ်သူတွေတဲ့လဲ. . အဲ့ဒီမွေးစားမိဘတွေက"

"မေမေလည်းမသိဘူး. . ကိုဝင်းတင်က နင်ပြန်မပြောနဲ့ဆိုပြီး သူ့မိန်းမကိုပြောပြတာ၊ တရုတ်ပြည်ရောက်မှ ထွန်းထွန်းအောင်က မမကြည် မသိချင်ယောင်ဆောင်နေနော်ဆိုပြီး မေမေ့ကို တိုးတိုးတိတ်တိတ်ပြောပြတာ၊ မေမေသိတာကို နင့်အဖေမသိဘူး. . အခုဖြစ်နေတာ နင့်အဖေ ရင်ကွဲနာကျနေတာ. ."

ဒါပဲပြောပြီး မေမေက သနပ်ခါးကို ဖျတ်ကယ်ဖျတ်ကယ်နှင့် လူးနေတော့သည်။ သူမမှာသာ. . . အံ့သြစရာပဲ ငါ့မှာ ဖအေတူ မအေကွဲ အစ်ကိုတစ်ယောက် ရှိနေပါ့လားဟူသောအသိက ဘယ်လိုကြီးမှန်းမသိ။ ဝမ်းသာရမလို၊ ကြေကွဲရမလို နင်စို့စို့ကြီး ဖြစ်လာနေတော့သည်။

ဖေဖေ့အတွက် ဘဲပေါင်းမြူစွမ်ပြုတ်ရင်း သူမမျက်နှာကြောမတဲ့သော ဦးဝင်းတင်ကို နှစ်ယောက်တည်းတွေ့ပြီး အသေးစိတ်မေးကြည့်လျှင် အကောင်းဆုံးဟု ဆုံးဖြတ်လိုက်သည်။

အင်း. . မောင်လေးတာတာအရေးကလည်း ရှိသေး။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတွေး. . ဒီကြံ. .

"ဟမလေး!. ."

"ဂလွမ်!. . ဂွမ်!. ."

စွပ်ပြုတ်အိုးအဖုံးကို လက်ခုမပါဘဲ လှန်လိုက်မိလေခြင်း။




www.burmeseclassic.com





# အခန်း (၁၁)



တိုက်တိုက်ဆိုင်ဆိုင်ပါပင် ဘာနှင့်ဘာတိုက်ဆိုင်သနည်း ဆိုလျှင် (အာကာသထဲမှနေ၍ မြန်မာပြည်ကို အသေးစိတ်လှမ်းကြည့်နိုင်သော ဂြိုဟ်တုတစ်လုံးမှနေ၍ ဧရာမပုံကြီးချဲ့ မှန်ဘီလူး၏နောက်မှနေ၍ ချောင်းရန်) 'ဂလွမ်!. . ဂွမ်!. . 'ခံနဲ ဘဲပေါင်းမြူစွမ်အိုးအဖုံးအသံနှင့် 'ပွမ်ပွမ်' ဟူသော ဂျပန်ကားအသစ်ကလေး၏ဟွန်းသံ တိုက်ဆိုင်နေခြင်းဖြစ်ပါသည်။ ကားလေးဟွန်းသံကတော့



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဒုံလေယာဉ်ကွင်းမှ ပြည်လမ်းသို့အထွက်. . . ရှေ့ကားတယက်ကန်ယက်ကန်လုပ်နေ၍ မော်လီမော် ဆောင့်တီးလိုက်သော ဟွန်းသံဖြစ်ပါကြောင်း။ အမှန်က ဟွန်းသံမဲ့ဇုန်။

ဝိုက်၍ ငူးခနဲကျော်တက်လိုက်သည်။ ဘိုလိုလည်း ပျစ်ပျစ်နှစ်နှစ် ဆဲထည့်ပစ်ခဲ့သေးသည်။ မေမေက. . .

"သမီးရယ် စိတ်ရှည်ပါ"

ဟု နောက်ခန်းမှ လှမ်းပြော၏။

"အိမ်မှာ မောင်လေးဆီက အရေးကြီးတဲ့ မက်ဆေ့ချ်တွေရောက်နေလိမ့်မယ် မေမေရဲ့၊ မေမေ့သား အရမ်းအောင်မြင်နေတယ်၊ သမီးတို့ဘော့စ်ဆိုရင် ညဥ့်နက်သန်းခေါင် မြန်မာပြည်က E.mail ကို ထိုင်စောင့်နေတတ်တယ်'

သူမန်ဘေးက ထိုင်လိုက်သော ဖေဖေက. . .

"သမီးတို့ မောင်နှမဘာတွေလုပ်နေကြတာလဲ၊ ဖေဖေတို့ကိုလည်း ပြောပါဦး'

"ပြောပြချင်လိုက်တာ အူကိုယားနေတာပဲ၊ ဖေဖေတို့ စိတ်လွတ်လက်လွတ် ကမ္ဘာပတ်ပါစေဆိုပြီး ဖုန်းမဆက်တာ. . ."

"အင်း. . သွားရင်းလာရင်း တစ်ကမ္ဘာလုံးက မီဒီယာတွေချိတ်မိတယ် အိမ်သတင်းပဲ ပြတ်နေတာ"

အငြိမ်းစား တရားသူကြီးပီပီ နားနှင့်သတင်း ခုထိ အပြတ်မခံသော ဖေဖေပါ။ မေမေကတော့ မီးယပ်သားဖွားအထူးကုသမားတော်ပီသသည်။ လေဆိပ်ထဲတွေ့တွေ့ချင်း 'သမီးနည်းနည်းပိန်သွားတယ်. . Menstruation(ဓမ္မတာ)မှန်ရဲ့လား' ဟုမေးခဲ့သည်။





နေ့မအိပ်၊ ညမအိပ် အလုပ်များနေလို့ပါမေမေဟု ဖြေခဲ့သည်။

ဘာအလုပ်များနေသလဲဟု ဆက်မမေး၍ ခုမှဖြေနေရခြင်းဖြစ်သည်။

"မောင်လေးဆီမှာ သမီးတို့ ဖေါင်ဒေးရှင်းက အရေးတကြီးလိုအပ်နေတဲ့ပေးရှင့် ရထားတယ်မေမေ၊ မောင်လေးရဲ့ စိတ်ညှို့ပညာရယ်. . သမီးတို့ဘော့စ် တွေ့ရှိထားတဲ့ ကုထုံးအသစ်တွေရယ် ပေါင်းပြီး သုတေသနလုပ်နေတာ အရမ်းအခြေအနေကောင်းတယ်၊ အံ့သြစရာကောင်းလောက်အောင် တိုးတက်မှု မြန်ဆန်နေတယ်. . ၊ သမီးဆီက အစီရင်ခံစာတွေဖတ်ပြီး ဘော့စ်က လိုက်လာမယ်တကဲကဲ ဖြစ်နေတယ်၊ နေပါဦးလို့ မနည်းတားနေရတယ်. . ၊ လူနာမှာက မိသားစုပြဿနာ ရှိတယ်တဲ့"

"ပွမ်!. . ပွမ်!. . ဝေါ!. . ."

"သမီး ဟွန်းမတီးရနယ်မြေ"

"မေ့လို့ ဖေဖေ"

"ဥပဒေကို လိုက်နာသမီးရေ၊ ရှေ့မှာရဲတွေ့ရင် သူ့လက်စွဲမှုအရ သမီးဖေဖေက သမီးကို အပ်ခဲ့မယ့်ပုံပေါ်တယ်"

မေမေက ဟာသဝင်ဖေါက်သည်။

"ပွမ်!. . ပွမ်!. ."

"မေ့လို့"

"ဥူး. ."

ၛ ၛ ၛ ၛ



www.burmeseclassic.com

www.burmeseclassic.com



"ကျွီ!. . တီ!. . တီ!. . "

ဆိုင်ကယ်ထိုးရပ်၍ ဟွန်းတီးလိုက်သည်။ ဘယ်သူမှ ထွက်မလာ။ ဆေးသေတ္တာဆွဲ၍ အိမ်ထဲဝင်ခဲ့သည်။ အပေါ်ထပ်မှ တာတာပြေးဆင်းလာသည်။

"ဟာ!. . ကိုကိုဆရာဝန်"

အရင်လို မင်္ဂလာယောက်ဖဟု မခေါ်တော့၍. . ကုသမှုတိုးတက်လာခြင်းအတွက် ဝမ်းသာရသော်လည်း နားစိမ့်သော အခေါ်အပြောလေးကိုတော့ လွမ်းမိသည်။ ကိုကိုဆရာဝန်လည်း မဆိုးပေဘူး။

"ဖေဖေပြန်ရောက်နေတယ် နေမကောင်းဘူးဆို"

"ဟုတ်တယ်. . လာ ကိုကိုဆရာဝန်၊ ဖေဖေ့ကို သားကျောပိုးလာတာ နိုင်တယ်ဗျ. . ဟာဟ"





ပြောပုံက ကလေးစိတ်တော့ မပျောက်သေး။

ဟထားသော တံခါးမှ တာတာအရင်ဝင်သွား၍ သူ နောက်ကလိုက်ဝင်ရသည်။ အိပ်ပျော်နေပုံရ၍ မနှိုးနဲ့ဟု တားမည်အလုပ်၌ ကလေးလိုပင် ခုတင်ဘေး ဖွေ့ခနဲဝင်ထိုင်သည်။ အအိပ်ဆတ်ပုံရသော ဦးထူးမောင် နိုးလာသည်။

အိပ်ပျော်ခါစမို့ ဘယ်ရောက်နေပါလိမ့်ဟူသော အတွေးနှင့် အိပ်မှုန်စုံမွှား နိုးလာပုံရသည်။

ဟိုဟိုသည်သည် လိုက်ကြည့်နေစဉ်. . .

"ဖေဖေ. . . ဖေဖေ့ကို ပျောက်အောင်ကုပေးမယ့် ကိုကိုဆရာဝန် ရောက်လာတယ်"

သားမောင်၏ နောက်မှမိုး၍ပေါ်လာသော ပုံရိပ်ကို ဦးထူးမောင်လှမ်းကြည့်သည်။ ဝေဝါးဝါးဖြစ်နေသည်။ ဖျတ်ခနဲ ထင်လာလိုက်. . အဝေးဆီပြန်ရောက်သွားလိုက်နှင့် မိန်းမချောချောသော မျက်နှာလေး နီးလိုက်ဝေးလိုက် ဖြစ်နေသည်။

မျက်ခွံကို သုံးလေးခါပုတ်ခတ်၍ အသေအချာစိုက်ကြည့်လိုက်သောအခါ ရင်းနှီးကျွမ်းဝင်လွန်းသော မျက်နှာတစ်ခုနှင့် ထပ်နေသလိုလို ရိပ်ခနဲပြန်ကွဲသွားသလိုလို. . .။

ငါ့အိပ်မက်များ မက်နေတာလား. . . အခုန အိပ်မက်ထဲ ပုံရိပ်က ငါ့ရှေ့ဘာလို့ လာပေါ်နေရတာလဲဟု ဇဝေဇဝါဖြစ်နေစဉ် ပုံရိပ်က ပါးစပ်လှုပ်၍ (ပြုံး၍) တစ်စုံတရာ ပြောနေသည် ထင်သည်။

"ဟင်!"

အံ့ဩလျှင်ပြူနေကျ အာမေဍိတ်လား?. .



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောတာလဲဟု တုံ့ပြန်သော မေးခွန်းလား?. .

"ကျွန်တော် ဘွားမှုန်ကိုကုနေတဲ့ မိသားစုဆရာဝန်ပါ၊ အဝင် အထွက်လွဲနေကြလို့ ခုမှပဲ မျက်နှာချင်းဆိုင် ဆုံရတော့တယ်. .၊ ဘာဖြစ်ပါသလဲ ခင်ဗျာ"

ဦးထူးမောင် သူ့ကိုယ်သူ ပြန်မေးနေမိသော မေးခွန်းဖြစ် သည်။

ငါဘာဖြစ်နေတာလဲ?. . ငါဘာဖြစ်နေတာလဲ?. . .။

မျက်စိစုံမှိတ်၍ ခေါင်းအုံးပေါ်က အနည်းငယ်ကြွနေသော သူ၏ဦးခေါင်းကို ဘယ်ညာယမ်းခါလိုက်မိ၊ မျက်လုံးပြန်ဖွင့်ကြည့် လိုက်မိသည်။ ဆရာဝန်လေး၏လက်ဖဝါး ရှေ့ထွက်လာပြီး သူ့နဖူးကို ညင်ညင်သာသာ အုပ်မိုး၍စမ်းရင်း နောက်စေ့ကို ခေါင်းအုံးပေါ်ပြန် ၍ ခပ်အိအိ ဖိချသည်။

"အဖျားသွေးရှိတယ်"

အတိတ်က ဟန်နှင့် အတိတ်က အမူအရာ၊ အတိတ်က အကြင်နာပါပဲ။ ဆရာတော်မိန့်လိုက်သည် ဆရာဝန်ဖြစ်နေပြီလို့ ကြားသတဲ့. . .။

"နေ. . နေပါဦး. . သား မိဘများက"

"ရန်ကုန် ပါရမီရိပ်သာက အငြိမ်းစားတရားသူကြီး ဦးလူ မော်နဲ့ အိုကျိုသမားတော်ကြီး ဒေါ်တင်တင်သော်ပါ ခင်ဗျာ"

"အဲ့ဒါ. . မွေး. . မွေးစားမိဘတွေ မဟုတ်လား"

"ဟုတ်ပါတယ်. . ဦးက ဘယ်လိုသိ. . သိနေတာလဲ"

"မင်း မေမေအရင်း နာမည်က မအေးမှီ ဆိုတာပါ ဖေဖေ





သိတယ်သား၊ သားက မင်းအမေရုပ်ပဲ"

"ဗျာ!"

လူနာသည် မျက်လုံးပြန်မှိတ်သွားပြီး ယောကျ်ားကြီးတန် မယ့် မျက်ရည်ပေါက်များ နားသယ်ဆံစဆီ လိမ့်ဆင်းလာသည်ကို ဆရာဝန်လေး မလှုပ်မခြောက် ငေးကြည့်နေမိသည်။

ငေး. . ကြည့်. . နေ. . မိ. . သည်။

"ဟင်!. ."

ဘဲပေါင်းမြူစွမ်ပန်းကန်နှင့် ဖေဖေ ဒါသောက်ပြီးအိပ်မှ အား ရှိမှာဟု နှိုးတိုက်မည်ရည်ရွယ်၍ အခန်းဝလိုက်ကာနား ရောက်နေ သော ထူးနွဲ့ရီကအစ အဆုံးကြားလိုက်ရသည်။

လက်ထဲက ကြွေပန်းကန်ကြီး ဖြည်းဖြည်းချင်း လွတ်ကျနေ သည်ကို သူ မသိ. .။ ကြမ်းပြင်ပေါ် ရိုက်ခတ်၍ တစ်စစီ တစ်စစီ မွစာကြွသွားသည်။ ခွမ်းဟူသော အသံကိုပင် သူမ မကြား. . ဘာသံ မှ မကြားပါလေတော့. .။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



“ဘာမှမကြားရဘူးသမီးရယ် အသံနည်းနည်းချဲ့စမ်းပါဦး အိပ်မွေ့ချခံထားရတဲ့ လူနာနဲ့ သားစကားပြောခန်းက အရေးကြီးတယ်”

“တချို့အခန်းတွေ ဖေဖေ့သားက ဆင်ဆာဖြတ်ထားတယ် လူနာရဲ့ကိုယ်ရေးကိုယ်တာပါလို့တဲ့ ဆရာဝန် စိတ်ညှို့ပညာရှင်တစ်ယောက် စောင့်စည်းအပ်တဲ့ စည်းတဲ့. .၊ ပညာရှင်ချင်းမှပဲ အပြည့်ပြမယ်တဲ့”

“သမီးအဖေက တစ်လုံးမကျန်ကြားချင်တဲ့ ဗီဇသေလေ၊ ဒါ တရားခွင်မှုတ်ဘူးတော်ရှေ့ ဆေးပညာ စိတ်ပညာ”

“အေးပေါ့ကွာ. . အိမ်မှာက သုံးမဲတစ်မဲနဲ့ ငါရှုံးနေကျပဲ၊ ခုလည်း မင်းတို့သားအမိက နှစ်မဲ၊ ငါပဲရှုံးပါတယ်၊ အယူခံ မဝင်တော့ပါဘူး”





မော်လီမော်၏ ကွန်ပျူတာကို ရောက်ရောက်ချင်းဝိုင်းကြည့်နေကြခြင်းဖြစ်သည်။ အလွန်စိတ်ဝင်စား၍ ခရီးပမ်းလာတာပင် မေ့နေကြသည်။

“လူနာကလေးက ရုပ်သန့်လိုက်တာသမီးရယ်”

“သူ့အစ်မလည်းရှိတယ် အရမ်းချောတာပဲ၊ နေဦး သမီးပြမယ်၊ အဲ့ဒါ. . အဲ့ဒါ. . အိမ်နေအဝတ်အစား ဘာအခြယ်အသမှမပါဘူး. . တွေ့လား”

“အေးဟယ် ဗဲရီးဗျူးတီးဖူးလ်. . အင်. . အမေ့စ်မင့်န်”

“ဖေဖေနဲ့မေမေ အဲ့ဒီကလေးမကို ချွေးမတော်ရရင် ဘယ်လိုနေမလဲ”

“ဖေဖေကတော့ တစ်ထိုင်တည်း အမိန့်ချတယ်၊ သားရေ အိမ်ထောင်ထဲ တစ်သက်တစ်ကျွန်းထည့်လိုက်. . ဒုံ!. . ”

မေမေကတော့ မိန်းမပီပီ. . အိုက်ဂျိပီပီ. .

“မေမေ့သားကို အပျိုစင် Pure Virgen နဲ့ပဲ ပေးစားနိုင်မယ်”

“အပျိုဝင်စစ်စစ်မေမေရေ့. . သူ့အိမ်နီးချင်း မခင်ဝိုင်းက သမီးနဲ့ လာအိပ်တာ. . ခရေစေ့တွင်းကျသိတယ်. .၊ အိတ်သွန်ဖါမှောက်ကိုပြောပြတာ. . ယင်ဖိုမသန်းရသေးဘူးတဲ့၊ ဘွဲ့လည်းရပြီးသား”

“ငါ့သားက စွံပ့ါမလား၊ အဲ့ဒီဘက်မှာ နုံတယ်ကွ”

“ဖေဖေ့သားလားနုံမှာ၊ ကောင်မလေးအထင်လွဲမှာစိုးလို့ သမီးက အစ်မဖြစ်ကြောင်း တစ်မြို့လုံးကို သက်သေပြနေလေရဲ့. . ကိုယ့်မောင်ကိုယ် ဒီမှာလို တရင်းတနှီးနေခွင့်တောင် မရဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်စီးလို့ ပခုံးလက်တင်တာတောင် မကြိုက်ဘူး. . ၊ ဆူပုပ်နေလို့ အမြန်ပြန်ပြေးလာရတာလေ”

“သူတို့မှာ မိသားစုပြဿနာရှိတယ်လို့ ကားပေါ်မှာ သမီးပြောသလားလို့”

“ဟုတ်တယ် သူ့မိဘတွေက ရိုးတယ်. . အ,ကိုအ,တာပါ၊ သူတို့သား အဲ့ဒီရောဂါရှိတာကို လူသိမခံချင်ဘူး၊ အင်္ဂလန်သွားကုဖို့ နေနေသာသာ ရန်ကုန်လာပြီး ဦးနှောက်ဓါတ်မှန်ရိုက်ဖို့တောင် အတော်ပြောရဦးမယ်တဲ့”

“သူ့မိဘများက ဘာလုပ်သလဲ”

“ချမ်းချမ်းသာသာတွေပါပဲ၊ အောက်ခြေက တက်လာတာတဲ့၊ Express Car ဘုရားဖူးယာဉ်လိုင်း. . ဝေဒေဟီဘုရားဖူးဝန်ဆောင်လုပ်ငန်းလေ”

“ဟဲ့. . နာမည်ဘယ်သူတွေလဲ သမီး”

“ဦးထူးမောင် ဒေါ်ကြည်ကြည်တဲ့. . . အဘွားက ဒေါ်ဘွားမှုန်”

“ဟယ်!. . ကိုလူမော်ရေ အံ့သြပါရဲ့၊ တိုက်တိုက်ဆိုင်ဆိုင်ရှင်. . ရှင်မှတ်မိတယ်နော်”

“ဟာ! မမှတ်မိဘဲနေပါ့မလား၊ ကိုယ်ကိုယ်တိုင်ရှေ့နေဘဝကစာချုပ်ပြီး လက်မှတ်ထိုးပေးလိုက်တာပဲ၊ တင်တင်က အဲ့ဒီတုန်းကဒပ်ဖရင်မှာလေ”

“ဘာတွေ တိုက်ဆိုင်နေတာလဲ မေမေတို့ရယ်၊ သမီးသိသင့်တယ်ထင်ရင် ပြောပါဦး”





“ဒီလိုကွဲ့ သမီးရဲ့. . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . .”





www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၁၂)

ကန်ရေပြင်သည် လှိုင်းကြက်ခွပ်မရှိအောင် မျဉ်းဖြောင့်မျက်နှာပြင်အတိုင်း ငြိမ်သက်နေ၏။ သစ်ရွက်သစ်ခက် တစ်ရွက်မရွေ့။ တိမ်ခိုးတိမ်ငွေ့တွေပင် ရွေ့ရန် မေ့နေတော့သည် ထင်သည်။ ကန်ရေပြင်နှင့်ကန်ပတ်လည် ခရေရိပ်၊ ညောင်ရိပ်၊ ထန်းပင်ရိပ်တွင် ချိတ်နေသော ကျနေခြည်ပင် တန်းလန်းငြိမ်သက်နေ. . .။

ထို့ထက်. . ငြိမ်သက်နေသည်က ကန်ပေါင်ပေါ်က ခုံတန်းလျားနှင့် ထိုခုံတန်းလျားပေါ်က လူဖိုလေးနှင့် လူမလေးဖြစ်သည်။ ကြာမြင့်စွာ ငြိမ်သက်နေသဖြင့်. . ဆက်ရက်နှစ်ကောင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖြစ်ရပ်ကြွင်း ထင်ရှ်လားမသိ။ အနားထိတိုးကပ် အစာ ကောက်နေ၏။ ထိုသက်ငြိမ်ပန်းချီကား ကိုယ်တိုင်ကတော့ ခပ်ငွေ့ငွေ့အသက်ရှူရင်း သက်ပြင်းတချချ ဖြစ်နေသည်ကို အနီးကပ်ထိသိကြည့်မှ သိနိုင်ပါလိမ့်မည်။

"ကို. . တစ်ခုခုပြောဦးလေ"

"ဘာပြောရမလဲ. . ညီမလေးရယ်"

"ကိုကိုကသာ ညီမလေးလို့ အရင်ခေါ်တာနော်"

"တို့တွေ မောင်နှမပဲလေ"

"ထူး. . အဲ့လိုမခံစားရဘူး"

"ဘယ်လိုခံစားနေရလို့လဲ"

"ရင်ထဲကပဲသိတယ်၊ ပြောလည်း မပြောတတ်ဘူး"

"ကိုကိုကတော့ ညီလေးတာတာကို အကောင်းဆုံး အနာဂတ်တစ်ခု တည်ဆောက်ပေးဖို့ အရင်ထက်ပြောရေးဆိုခွင့်ရှိလာတယ်လို့ပဲ မှတ်လိုက်တယ်၊ မိသားစုဆရာဝန်အနေနဲ့ အပြောခက်တဲ့စကားကို တရားဝင်မိသားစုအနေနဲ့ ပြောဆိုခွင့်ရတာကိုပဲ ကံကြမ္မာရဲ့ကျေးဇူးလို့ မှတ်လိုက်ပါတော့မယ်၊ ဒီထက်ကံကောင်းတာက တို့တွေ မကြေညာဖြစ်ခဲ့ကြဘဲ ထိန်းသိမ်းနိုင်ခဲ့ကြတယ်နော်. . ၊ ဒါကိုပဲ ကိုကိုနဲ့ညီမလေး ဂုဏ်ယူကြရတော့မယ်၊ ဟင် ညီမလေးငိုနေတယ်"

ဘာစကားမှ ခွန်းတုံ့ပြန်ခြင်းမရှိဘဲ လက်ဝါးနှစ်ဖက်ပေါ် မျက်နှာအုပ်၍ မျက်ရည်တုတ်တုတ်ကျအောင် ထူးနွဲ့ရီငိုငိုနေလေသည်။ သိမ့်သိမ့်တုန်နေသော ကျောပြင်လေးကို ငေးကြည့်ရင်း သူပါ လှိုက်ခနဲ ရင်ထဲစို့လာသည်။





အနီးရှိညောင်ပင်ကြီးဆီမှ ရင်းနှီးနေသောရနံ့တစ်မျိုး သူ၏ ဂန္ဓာရုံသို့ တိုးဝင်လာသည်။ ထူးနွဲ့ရီကတော့ ငုံ့၍ငိုနေဆဲ။ မျက်စိထောင့်မှရိပ်ခနဲမြင်၍ သူလှည့်ကြည့်လိုက်သောအခါ အဝါနုရောင်ဝတ်စုံနှင့် မမမော်လီမော်ဖြစ်နေသည်။ ညောင်ပင်ကွယ်မှ ထွက်လိုက်၍ ရွှေအိုရောင်နေခြည်က လှမ်းဖျန်းသည်တွင် လန်းဆန်းသောနတ်သမီးတစ်ပါးလို ရွှေ့လာနေသည်။ ရှုးတိုးတိုးဟု သူမနှုတ်ခမ်းလှုလှုပေါ် လက်ညှိုးကန့်လန့်ဖြတ်ပြသည်။ ထူးနွဲ့ရီနောက်နားတွင် ကပ်ရပ်လိုက်သည်။ အသံပုံမှန်နှင့်. . .

"တစ်ခုခုလိုချင်ရင် တစ်ခုခုစွန့်လွှတ်ရတာ လောကသဘာဝပဲ၊ သိဒ္ဓတ္ထဟာ အသဗ္ဗညုတဉာဏ်ကိုရဖို့ နန်းစည်းစိမ်ကို အရွယ်ကောင်းမှာ စွန့်ခဲ့တယ်"

မျက်ရည်တွေကြားက ထူးနွဲ့ရီလှည့်ကြည့်သည်။ အေးမြကြည်လင်နေသော အသံရှင်၏ ဝါရွှေသောအဆင်းက လင်းသန့်နေသည်။

"ညီမလေးငိုလို့ဝအောင် စောင့်ကြည့်ဦးမလို့ပါပဲ၊ မမရင်ထဲ မကြည့်ရက်တော့လို့ ဝင်လာတာပါကွယ်၊ သတင်းကောင်းကို အရင်ပြောမယ်၊ တာတာ့ကို ရန်ကုန်မှာဓါတ်မှန်ရိုက်ဖို့ လိုအပ်ရင် အင်္ဂလန်ထိခေါ်သွားဖို့ ဦးနဲ့ဒေါ်ဒေါ်က ခွင့်ပြုလိုက်ပြီ"

"ဟင်!. ." "ရှန်!. ."

"အခုဆက်ပြောမယ့် ဝမ်းနည်းစရာသတင်းကိုတော့ ညီမလေး ပညာတတ်ပီပီ ခံနိုင်ရည်ရှိရှိ လက်ခံရလိမ့်မယ်. . ၊ အဲ့ဒီသတင်းစကားဟာ အမှန်တရားလည်းဖြစ်တယ်၊ ညီမလေးလက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ရင် ဝမ်းမနည်းရင်. . တစ်ဘဝစာ ပျော်ရွှင်ကြည်နူးမှုပါ ပူးတွဲလက်ခံ ရရှိပါလိမ့်မယ်၊ မောင်လေးပါ နားထောင်ပါနော်. . ကဲ မင်းတို့ အဆင်သင့်ဖြစ်ပြီလား”

“ပြောပါမမ” “ပြောပါမမ”

“ညီမလေးဟာ ဦးထူးမောင် ဒေါ်ကြည်ကြည်ရဲ့ မွေးစား သမီး၊ ဒါပေမယ့် သမီးရင်းထက်မြတ်နိုးကြတယ်၊ သူတို့ခွင့်ပြုချက်နဲ့ မမ လာကြေညာပေးတာ”

“ရှန်!. . ” ”ဗျာ!. . ”

ကားနားက တာတာက. . .

“မင်္ဂလာအစစ် ရွှေမရိုးရေ့” တဲ့။

လေပြည်လေညင်းတိုက်လာ၏။ စောစောက ကန်ရေပြင်နှင့် သစ်ပင်ပန်းမာန်၊ တိမ်တိုက်၊ နေခြည်နှင့် ဩကာသလောကကြီး သက်ငြိမ်အဖြစ် အလှဖွက်ထားရာမှ ဘွားခနဲပေါ်လာ လှုပ်ခတ်လေတော့သည်။

လှလိုက်သည့်ဖြစ်ခြင်း. . .။ ။

လိုရှိမရခြင်းကင်းပါစေ

နှတ်ရှာမိုး

☺ အောင်မြင်ပါစေ ☺

BURMESE CLASSIC .com

www.burmeseclassic.com